The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 37 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 3 , 2016




# MTSH t pk;S f, mwpp k m;

# q , pk jzpf oS f, mc

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ် လီမိတက်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာများသို့ ကုမ္ပဏီ၏လက်ရှိ သာမန်အစုရှယ်ယာ တစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲခြမ်းခြင်း (Share Split) များ ပြုလုပ်ရန် စက်တင်ဘာလ ၂၈ ရက်တွင် ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း MTSH ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက်တွင် ရှယ်ယာခွဲခြမ်းခြင်း ခံစားခွင့် ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်နေ့ရက်အား သတ်မှတ်ပြီးပါက ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များထံသို့ ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

|pmrsuEs- 24|




# t m;i ,f ev m;p m;o ok h sm;

|pmrsuEs- 8|

မွန်ပြည်နယ်အတွင်း BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား အတုပြုလုပ်ရောင်းချမှုနှင့် အန္တရာယ်ရှိ ဆေးဝါးအတုများအား သိမ်းဆည်းဖျက်ဆီး

|pmrsuEs- 23|

မော်တောင်နယ်စပ်မှ ထိုင်းနိုင်ငံသို့ ဆီအုန်းကုန်ကြမ်း တန်ချိန် တစ်သိန်းတင်ပို့

|pmrsuEs- 23|

တိုယိုတာကားကုမ္ပဏီက ကားအမျိုးအစားသစ် VIOS အား အမေရိကန်ဒေါ်လာ ၁၇၀၀၀ ကျော်ဖြင့် ရောင်းချပေးမည်

|pmrsuEs- 22|






City Mart Supermarket

# Thadingyut Festival Specials

(06.10.2016 ~ 26.10.2016)

"သီတင်းကျွတ်အခါသမယမှာ လူကြီးမိဘများကို ကန်တော့နိုင်ရန်အတွက်"

ပစ္စည်းအမျိုးအစားပေါင်း (၁၀၀) ကျော်ကို အထူးဈေးနှုန်းများ၊ လက်ဆောင်များဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။



City Mart Supermarket

## များများဝယ် များများရမယ့် "သီတင်းကျွတ်အထူးလက်ဆောင်"

(10.10.2016 ~ 19.10.2016)




**ကျပ် ၆၀,၀၀၀ ဖိုးဝယ်ယူသူတိုင်းအတွက်**

**ဖလားမပါခြစ်ကတ်စမ်းမဲလက်ဆောင်များ**

**Gift Coupon နှင့်**

**အခြားဆုလက်ဆောင်ပေါင်းများစွာ**

ဤအစီအစဉ်တွင် Gift Voucher, City Gift Card, Service Items, SIM Card, Prepaid Card, Liquor, Stage Show Ticket, စီးကရက်ဝယ်ယူမှုများ Promotion တွင် ပါဝင်ခွင့်မရှိပါ။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥရောပသမဂ္ဂ (EU Mission)၏ အမြဲတမ်းဌာနေကိုယ်စားလှယ်၊ ဩစတြေးလျနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်တို့နှင့် တွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရုံးတွင် စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်သည့် Public Forum နှင့် Myanmar Opening up for Business Forum ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဥရောပသမဂ္ဂ (EU Mission)၏ အမြဲတမ်းဌာနေကိုယ်စားလှယ်၊ ဩစတြေးလျနိုင်ငံဆိုင်ရာသံအမတ်ကြီး၊ ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ DTIS အစီရင်ခံစာပါ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနက်မှ ဦးစားပေးကဏ္ဍများကို ရွေးထုတ်၍ ကာလလတ်စီမံကိန်း (Medium Term Plan) ရေးဆွဲထားရှိမှုများ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၈ ရက်မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr. Roberto Azevedo နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများနည်းတူ နိုင်ငံတကာကုန်သွယ်မှုစနစ်တွင် လိုက်ပါဆောင်ရွက်မှုများနှင့် တိုးတက်လာမှုများ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် နည်းပညာ အကူအညီများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Myanmar Opening up for Business Forum သို့တက်ရောက်

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ရုံး၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်သည့် Public Forum နှင့် Myanmar Opening up for Business Forum ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် Myanmar Opening up for Business Forum ဆွေးနွေးပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစတင်လျက် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မကြာသေးခင်ကပင် စီးပွားရေးမူဝါဒ (၁၂) ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအဓိကကျသည့်အတွက် အဆိုပါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှု ကုန်ကျစရိတ် လျှော့ချခြင်းနှင့် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်တွင် ဥရောပသမဂ္ဂမှ စီးပွားရေးပိတ်ဆို့မှုများအား ဖယ်ရှားပေးခဲ့ပြီးဖြစ်သဖြင့် ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် မတ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကုန်သွယ်မှု မူဝါဒလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်အား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာရေးဆွဲခြင်းနှင့် အသိပေးကြေညာခြင်း လုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ပို့ကုန်ကဏ္ဍတွင် အဓိကဦးစားပေးကဏ္ဍများ ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း၊ ယင်း လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ITC) နှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့မှ နည်းပညာနှင့် ငွေကြေးအကူအညီများ ပံ့ပိုးပေးခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပွင့်လင်းလာမှုများ၊ လက်ရှိကုန်သွယ်မှု ဖွံ့ဖြိုးလာမှုနှင့်မကြာသေးမီက ချမှတ်ခဲ့သည့် စီးပွားရေး မူဝါဒများကို ဖြန့်ဝေရန် ရည်ရွယ်ကျင်းပသည့် အုပ်စု အလိုက် ဆွေးနွေးပွဲငယ်များတွင် ပါဝင်တက်ရောက် ဆွေးနွေးမှုများအပေါ် များစွာ တန်ဖိုးထား ဝမ်းမြောက်မိပါကြောင်း ပြောကြားခဲ့ပါသည်။




အဆိုပါ အခမ်းအနားသို့ ကမ္ဘာ့ဘဏ်၊ ဥရောပသမဂ္ဂ၊ EIF အတွင်းရေးမှူးရုံးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး တက်ရောက်သူများက Forum နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC (IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.37 Monday October 3 2016

# ပြည်မြို့ဆန်စပါးဈေးကွက်တွင် လက်ကျန်စပါးဟောင်း ဝယ်လက်မျော့

ပြည်မြို့ ဆန်စပါးဈေးကွက်တွင် လက်ကျန်စပါးဟောင်းရော အခြားဆန်တွေပါ ဈေးနှုန်းတွေ တဖြည်းဖြည်း ကျလာပါတယ်။ အရောင်းအဝယ်မှာ နယ်တင်ပို့မှုမရှိဘဲ တိုင်းတွင်း၊ ဒေသတွင်းသာရှိနေကြောင်း သိရပါတယ်။ လက်ကျန်စပါးဟောင်းများ အဝယ်မလိုက်ဘဲ ရှိနေတာကြောင့် စပါးကုန်သည်တွေအနေနဲ့ နယ်ဝယ်လက်စောင့်နေရ ကြောင်း သိရပါတယ်။

စက်တင်ဘာလအတွင်း အရောင်း အဝယ်အေးနေတာကြောင့် စပါးဈေး၊ ဆန်ဈေးတွေ တဖြည်းဖြည်းကျလာခဲ့ပါ တယ်။ ပြည်မြို့ရဲ့စက်တင်ဘာ စပါးပေါက်ဈေးများမှာ တောင်ပျံမွှေးစပါးတင်း ၁၀၀၊ ၄၆ပေါင်ကိုက်ဈေး ၈၁၈၈၀၀ ကျပ်နဲ့ ဆန်တစ်အိတ်ဈေးမှာ (ထိပ်စ) ၃၅၅၀၀ ကျပ်၊ (လတ်စ) ၃၄၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ စပါးဈေးရောဆန်ဈေးပါ ဈေးကျလာသော်လည်း ဒေသတွင်းစားသုံးမှု အရောင်းအဝယ်သာရှိနေပါတယ်။

ဧည့်မထစပါးဈေးမှာ ၅၂၄၄၀၀ ကျပ်ဖြစ်ပြီး၊ ဧည့်မထဆန် တစ်အိတ်ဈေး(ရှယ်) အပျော့၊ ၂၀၅၀၀ ကျပ်၊ (ရှယ်) အမာစ ၁၈၅၀၀ ကျပ်အထိ ဈေးကျလာခြင်းဖြစ်ပါတယ်။ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ ကျပ်အထိ ဈေး ကျလာတာတွေ့ရပါတယ်။

**နီနီဝင်း**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၉-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၂ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၆၅ | ▽ | ၃၃၅ | ၃၃၀ | ▽ | ၃၆၀ | ၃၆၅ | △ | ၃၂၅ | ၃၄၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၅ | ၃၆၀ | ▽ | ၃၂၆ | ၃၂၂ | ▽ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၅၅ | ▽ | ၃၂၃ | ၃၂၀ | ▽ | ၃၄၀ | ၃၃၀ | ▽ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၇၈ | ၃၇၆ | ▽ | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၃၀-၉-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၈၁၈၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | ▽ | ၂၂၈၀၀ | ▽ | ၇၅၃၅ | ▽ | ၃၁၅၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | △ | ၂၀၀၀၀ | □ | ၁၂၅၀၀ | △ | ၄၁၀၀၀ | □ |
| စစ်တွေ | ၅၄၀၀ | ▽ | ၂၃၅၀၀ | ▽ | ၇၈၀၀ | ▽ | ၃၂၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၅၅၀ | ▽ | ၁၈၅၀၀ | ▽ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | ▽ | - | - | ၃၅၀၀၀ | ▽ |
| မကွေး | ၈၅၀၀ | □ | ၂၆၅၀၀ | ▽ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | ▽ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | △ |
| ဘားအံ | ၅၀၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | ▽ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းဈေးကျ

ယခုတစ်ပတ် ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန် ချောဈေးမှာ အတက်အကျသိပ်မရှိသော်လည်း ဆန်ကြမ်း ဈေးမှာ အနည်းငယ်အကျရှိကြောင်း သိရပါတယ်။

ဆန် ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ၃၅၅၀၀ ကျပ်၊ လတ်စ တစ်အိတ်ကို ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ထိပ်စတစ်အိတ်ကိုကျပ် ၃၆၅၀၀၊ လတ်စ တစ်အိတ် ကိုကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းထိပ်စ တစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကို ကျပ် ၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ ဖြစ်ပါတယ်။ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၁၉၀၀၀၊ လတ်စတစ်အိတ်ကျပ် ၁၈၅၀၀နဲ့တစ်ပတ် အတွင်း တစ်အိတ်ကို ကျပ် ၃၀၀ ခန့်ဈေးကျလာပါတယ်။ နှွေသီးထပ် ရှယ်တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၈၅၀၀ နှွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ပြီး တစ် အိတ်ကို ကျပ် ၅၀၀ မှကျပ် ၁၀၀၀ ကြား ဈေးကျလာပါတယ်။ မနောသုခ တစ်အိတ်ကို ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀ ရှိပြီး၊ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ပြည်ပပို့မယ့် ဧည့်မထ ၂၅ မှတ်ဆန်ကတော့ တစ်အိတ်ကို ၁၅၃၀၀ ကျပ်မှ ကျပ် ၁၅၅၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၃၀၀ ခန့် ဈေးကျပါ တယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ဆန်ဈေးနှုန်းကတော့ ယခင် တစ်ပတ်အတိုင်း မပြောင်းလဲပါဘူး။ ဆန်ဈေးငြိမ်နေသလို အရောင်းအဝယ်လည်း သိပ်မသွက်ကြောင်း သိရပါတယ်။ မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅ မှတ်မော်ဘီတစ်အိတ် ၁၃၈ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ်ယွမ် ၁၄၀ မှ ၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၃၈ ယွမ် မှ ၁၃၉ ယွမ်၊ ဧည့်မထ ၂၅ မှတ် မော်ဘီတစ်အိတ် ၁၂၅ ယွမ် မှ ၁၂၈ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၃၉ ယွမ်မှ ၁၄၁ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၃၄ ယွမ်မှ ၁၃၇ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်ဈေးရှိကြောင်း သိရပါ တယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ စက်တင် ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တန် ၄၅၂၀ ရှိပြီး ယခင်တစ် ပတ်အဝင်ထက် ၄၃၆ တန်လျော့နည်းခဲ့ပါတယ်။ စက်တင်ဘာ ၃၀ ရက်ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၈၆ ဒသမ ၅၆ ကျပ် ဈေးပေါက်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

| ၂၆-၉-၂၀၁၆ မှ ၃၀-၉-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 359 | 16,618,425.240 |
| 2 | Form D | 45 | 2,157,468.160 |
| 3 | Form E | 107 | 3,480,336.040 |
| 4 | Korea GSP | 8 | 277,684.080 |
| 5 | Form AK | 131 | 6,319,284.091 |
| 6 | Form AJ | 17 | 743,410.200 |
| 7 | Form AI | 87 | 3,313,999.300 |
| 8 | Form AANZ | 3 | 48,451.500 |
| 9 | Form DFTP | - | - |
| **Grand Total** | | **757** | **32,959,058.611** |

# ယခုတစ်ပတ် ဆန်ပိုမိုတင်ပို့

စက်တင်ဘာ ၁၇ ရက်မှ ၂၃ရက် သီတင်းပတ် အတွင်း မြန်မာ- တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်း များမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၃၈ သန်းဖိုးရှိ ဆန် ၉၃၈၃ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန် သွယ်ရေး ဇုန်မှ ငစိန်ဆန် ၃၅၉၆ တန်နဲ့ ဧည့်မထဆန် တန် ၁၂၅၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန် ဆန် ၂၈၆ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၂၅၁ တန် နီးပါး တင်ပို့ခဲ့ ပါတယ်။ ယခင် တစ်ပတ်က ၈၅၄၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခု တစ် ပတ်မှာ ၈၃၄တန် ပိုမို တင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ပိုမို တင်ပို့နိုင်ပေမယ့် ဆန် ကွဲ တင်ပို့မှု လျော့ကျခဲ့ပါတယ်။ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၂၃ သန်းဖိုးရှိ ဆန်ကွဲ ၉၉၄တန်ကျော် တင်ပို့ခဲ့ပြီး မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန် ကွဲ ၆၉၄ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန် ၃၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၀၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၁၅ တန် လျော့နည်းကြောင်း သိရပါတယ်။

စက်တင်ဘာ ၁၈ရက်မှ ၂၄ ရက်အထိ ကာလ အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေ ရိကန်ဒေါ်လာ သုည ဒသမ ၄၆၄ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၁၅၀၀ တင်ပို့ခဲ့ပြီး၊ တရုတ်နိုင်ငံသို့ ဧည့်မထ ၂၅မှတ်ဆန် တန် ၁၀၅၀ နဲ့ ဘူလ်ဂေးရီးယား နိုင်ငံသို့ ပေါင်းဆန် တန်၄၅၀ တင်ပို့ခဲ့ပါတယ်။ ယခု တစ်ပတ်မှာ ယခင်တစ်ပတ်ကထက် ၃၂၅ တန် ပိုမို တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ဆန်အပြင် အမေ ရိကန်ဒေါ်လာ သုည ဒသမ ၄၄၄ သန်း တန်ဖိုးရှိ ဆန် ကွဲ တန် ၁၆၀၀ ကို တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန် ၅၀ နဲ့ အမေရိကန်နိုင်ငံသို့ တန် ၂၅၀၊ အီးယူနိုင်ငံများ သို့ တန်၁၃၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့ မှုထက် ၁၇၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး အမေရိကန်နိုင်ငံ သို့ တင်ပို့နိုင်နေပြီ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်စ ဧပြီ ၁ရက်မှ စက်တင် ဘာ ၂၃ရက်အထိ အမေ ရိကန်ဒေါ်လာ ၁၇၃ ဒသမ ၅၁၁ သန်း တန်ဖိုးရှိ ဆန်နဲ့ ဆန်ကွဲ နှစ်ရပ်ပေါင်း တန်ချိန် ၅၀၄၀၇၁ ကျော် တင်ပို့ ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၉ | ၃၀/၉ | ပြောင်းလဲမှု | ၂၃/၉ | ၃၀/၉ | ပြောင်းလဲမှု | ၂၃/၉ | ၃၀/၉ | ပြောင်းလဲမှု | ၂၃/၉ | ၃၀/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၆၀ | ၂၂၇၅ | ▼ | ၂၂၇၃ | ၂၄၁၇ | ▲ | ၁၉၀၀ | - | - | ၂၁၇၅ | ၂၂၅၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၄၀ | ၁၀၅၀ | ▲ | - | - | - | - | - | - | ၁၀၅၀ | ၁၀၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၃၃၀ | ၁၃၆၅ | ▲ | ၁၂၄၄ | ၁၂၀၀ | ▲ | ၁၂၇၉ | ၁၂၀၉ | ▲ | ၁၀၅၅ | ၁၁၀၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၆၅၀ | ▲ | - | - | - | ၂၁၅၀ | ၂၁၀၄ | ▲ | ၂၀၂၅ | ၂၁၀၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၅၀ | ▼ | - | - | - | - | - | - | ၁၄၅၀ | ၁၄၅၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၆၀ | ■ | ၆၀၄ | ၇၂၉ | ▲ | - | - | - | ၅၂၅ | ၅၃၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၉-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၃၀ | ▼ | ၁၁၉၇ | ၁၂၁၇ | ▲ | ၁၁၂၂ | ၁၂၀၂ | ▲ |
| ၂ | ပဲစင်းငုံ | ၉၀၀ | ၉၂၀ | ▲ | ၁၀၄၇ | ၁၀၅၉ | ▲ | ၁၀၃၂ | ၁၀၆၇ | ▲ |
| ၃ | ပဲတီစိမ်း | ၆၂၀ | ၆၂၀ | ■ | ၇၀၃ | ၇၃၆ | ▲ | ၇၇၀ | ၇၀၀ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၃၉၁ | ၁၄၁၂ | ▲ | ၁၃၉၁ | ၁၄၂၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၇.၉.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၄.၉.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၄.၉.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၃၃၀ | ၃၉၇၉ | ၃၉၆၄၈၇ |
| ပဲတီစိမ်း | ၅၃၀ | ၆၀၈ | ၁၄၈၈၆၉ |
| ပဲစင်းငုံ | ၄၉၅ | ၄၅၂ | ၁၇၈၈၉၆ |
| ကုလားပဲ | ၁၄၅ | - | ၂၅၉၆၀ |
| ပဲလွန်းဖြူ | - | ၄၇ | ၁၅၅၃၉ |
| မြေထောက်ပဲ | ၉၆ | - | ၁၀၀၈၉ |



## မြေပဲဆန်ဈေးကျသော်လည်း အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ အဝင်နည်းသွားပေမယ့် အဝယ်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။

လုံးဆန်ကို အဝယ်မရှိပေမယ့် ဆီဆန်ကို မကွေး၊ မန္တလေး၊ မြင်းခြံနှင့် ရန်ကုန်ဘက်မှ အဝယ်ရှိနေသဖြင့် တစ်နေ့လျှင် မြေပဲဆန်အိတ် ၁၂၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ဈေးကျသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ၁၄၅၀၀ ကျပ်၊ လုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ဈေးကျလာတာ တွေ့ရပါတယ်။ ဈေးကျလာသဖြင့် တောင်သူများ အနေဖြင့် အမြတ် နည်းသွားသလို၊ အချို့ တောင်သူများမှာ အထွက်လည်း နည်းသလို၊ ဈေးကလည်းမကောင်းသဖြင့် အရှုံးပေါ်နေတာ တွေ့ရပါတယ်။

ဝေဝေမင်း

## ပြည်ပဲလွန်းဖြူဈေးငြိမ်နေသလို ယခင်နှစ်ဈေးထက်လည်းလျော့နည်း

ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသီးနှံအဝင်မရှိပေမယ့် လက်ကျန်ပဲ အနည်းငယ်ရှိတာကြောင့် လက်လီသမားအချို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဈေးနှုန်းမှာတော့ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် စက်တင်ဘာလလယ်မှစ၍ ယခုအချိန်အထိ ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ စက်တင်ဘာ ပထမပတ်တွင် တစ်တင်း ၂၇၅၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပေမယ့် နောက်ပိုင်းကာလများမှာ ဈေးနှုန်းလျော့နည်းကျဆင်းခဲ့တဲ့အတွက် ယခင်နှစ်က စက်တင်ဘာလလယ် ဈေးကိုမမီဘဲ ဖြစ်ခဲ့ပါတယ်။ ယခင်နှစ် စက်တင်ဘာလလယ်က တစ်တင်း ၂၆၅၀၀ ကျပ် ရရှိခဲ့ပါတယ်။ လကုန်ရက်မှာ တစ်တင်း ၂၇၅၀၀ ကျပ်အထိ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ်ဈေးမှာ ယခင်နှစ်ဈေးနှင့် သိပ်မကွာခြားပေမယ့်လည်း လကုန်ပတ်မှာ ယခင်နှစ်ထက်လျော့နည်းနေခဲ့ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း

## စက်တင်ဘာနောက်ဆုံးပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေးနှင့် ပဲတီစိမ်းဈေးမြင့်တက်လာခဲ့ပြီး ကျန်ပဲများဈေးငြိမ်လျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများထဲမှ မတ်ပဲနှင့်ပဲတီစိမ်း သီးနှံမှာ ဈေးတက်လာခဲ့ပြီး ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံနှင့် လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ စားတော်ပဲ၊ ပဲပုပ်သီးနှံများမှာ ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ စက်တင်ဘာလဆန်းရက်မှာ ပဲဈေးနှုန်းများလျော့နည်းကျဆင်းခဲ့လို့ အရောင်းအဝယ်လည်းအေးခဲ့သလို ယခုလကုန်ပတ်မှာတော့ ပဲဈေးနှုန်းပြန်လည်မြင့်တက်လာခဲ့တဲ့အတွက် တစ်တင်း ၄၅၅၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြတာကို တွေ့ရပါတယ်။

ယခင်နှစ် စက်တင်ဘာလအတွင်းက မတ်ပဲသီးနှံဈေးမှာ တစ်တင်း ၃၆၅၀၀ ကျပ်မှစပြီး တရိပ်ရိပ် ဈေးမြင့်တက်လာခဲ့လို့ လကုန်ပတ်တွင် တစ်တင်း ကျပ်ခြောက်သောင်း အထိ ရရှိလာခဲ့ပေမယ့် ယခုနှစ်မှာတော့ ဇူလိုင်လမှ ဩဂုတ်လ ပထမပတ်အထိ တစ်တင်း ကျပ်ငါးသောင်းကျော် ခြောက်သောင်းနီးပါး ဈေးရရှိခဲ့ပြီး ဩဂုတ်လလယ်မှစ၍ ပဲဈေးနှုန်းများ လျော့နည်းလာခဲ့ပါတယ်။

စက်တင်ဘာ တတိယပတ်မှသာ ပဲဈေးပြန်လှုပ်လာလို့ ယခုအချိန်မှာတော့ လဆန်းရက်က ဈေးထက်ဈေးပိုလာတယ်လို့ဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်း ယခင်နှစ် စက်တင်ဘာလကုန် ဈေးကိုတော့ မမီဘဲရှိနေခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ မျိုးစိုက်ပျိုးချိန်ရာသီတွင် ယခင်နှစ်က တစ်တင်းကျပ်ခုနစ်သောင်းကျော်အထိ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့မျိုးစိုက်ပျိုးရာသီဖြစ်သော အောက်တိုဘာလအတွင်း ပဲဈေးနှုန်းမှာ ယခင်နှစ်ကဲ့သို့ ဈေးကောင်းရလာမလား မျှော်လင့်ရင်း တချို့တောင်သူနှင့် လှောင်လက်အချို့ ပဲများထုတ်ရောင်းချမှု မရှိသေးဘဲ ဆက်လက်သိုလှောင်နေကြတယ်လို့ သိရပါတယ်။

ဒါကြောင့်လည်း ပဲဈေးကွက်သို့ နေ့စဉ် ပဲအဝင်မရှိဘဲ ရက်ခြားဆိုသလို အိတ် ၅၀ ကျော် ၁၀၀ ကျော် လောက်သာ ဝင်ရောက်မှုရှိပြီး ရန်ကုန်ဝယ်လက်ဝယ်ယူသည့်ရက်တွင် အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံကလည်း ယခုလတွင် ပဲအဝင်ပါးသွားလို့ ပန်းတောင်းမြို့နယ်ဘက်မှသာ လက်ကျန်ပဲများအဝင်ရှိခဲ့ပါတယ်။ သို့သော်လည်း မန္တလေးဝယ်လက်နေ့စဉ်ဝယ်ယူခဲ့တဲ့အတွက် အိတ် ၁၅၀ မှ ၂၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးထက် အနည်းငယ်ပိုလာလို့ တစ်တင်း ၂၂၀၀၀ ကျပ်မှ ၂၃၅၀၀ ကျပ်အထိ ရရှိခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံရဲ့ ယခုနှစ်ဈေးနှုန်းမှာ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးအေးခဲ့တဲ့အတွက် ယခုချိန်အထိလည်း ယခင်နှစ်ဈေးကို မမီခဲ့ဘူးလို့သိရပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသီးနှံရဲ့ ဈေးနှုန်းမှာ တစ်တင်း ကျပ်သုံးသောင်းကျော်မှ လေးသောင်းအထိ ရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲအချို့သာ ရန်ကုန်ဝယ်လက်နဲ့ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၃၈၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့တာကိုတွေ့ရသလို ကုလားပဲ သီးနှံမှာလည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်တင်း ၄၃၀၀၀ ကျပ်နဲ့ ဈေးဆက်ငြိမ်ခဲ့ကာ ပဲအဝင်အနည်းငယ်ရှိခဲ့ တာကြောင့် အိတ် ၁၅၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသတွင်း ပဲခွဲစက်သမား နေ့စဉ်ပုံမှန်အဝယ်ရှိကြသလို တစ်ခါတစ်လေ အဝယ်လိုက်သည့် ရက်မှာ အိတ် ၂၅၀ ကျော် ၃၀၀ အထိ ရောင်းချမှုရှိခဲ့ကြပါတယ်။

ပဲကြီးသီးနှံမှာ ပန်းတောင်း၊ ကံမ၊ မင်းတုန်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ အနည်းငယ်စီဝင်ရောက်ခဲ့လို့ ပဲကြော်ဖိုသမားတွေ ပုံမှန်ဝယ်ယူကြတဲ့အတွက် ရွှေကျွန်းရော ကမ်းနားပါ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး အိတ် ၁၅၀ ကျော် ၂၀၀ ခန့်စီ နေ့စဉ်ရောင်းချမှုရှိခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်း ၂၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေခဲ့တာကိုလည်း တွေ့ရပါတယ်။

ခင်ဆွေဝင်း

## ပြည်ပဲနီပြားလက်လီအရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်မှာ အခြားပဲများ အိတ်အနည်းငယ်သာ လက်လီ ရောင်းဝယ် ကြပေမယ့် ပဲနီပြားသီးနှံအနေဖြင့် တစ်ရက်အိတ် ၄၀ ကျော် ၅၀ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် လဆန်းရက်က ဈေးထက် လျော့နည်းကျဆင်းလာခဲ့ပါတယ်။

ယခင်နှစ် စက်တင်ဘာလဆန်းက တစ်တင်း ၂၂၀၀၀ ကျပ်နဲ့ ရောင်းဝယ်ခဲ့ကြပေမယ့် လလယ် မှစ၍ ပဲဈေးနှုန်း မြင့်တက်လာတာကြောင့် ၂၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုနှစ်လဆန်းရက်ကဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ် ရရှိပြီးလလယ်မှစ၍ ဈေးအနည်းငယ်လျော့နည်းခဲ့တာဖြစ်လို့ ယခင်နှစ်နှင့်ယခုနှစ်ရဲ့ ဈေးနှုန်းမှာ သိပ်ကွာခြားမှုမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြကြောင်း သိရပါတယ်။

ခင်ဆွေဝင်း

# မုံရွာကုန်စည်ဒိုင် စက်တင်ဘာလကုန်ပတ် မတ်ပဲဈေးကွက် ငုံနီနဲ့ ကုလားပဲ ဈေးအနည်းငယ်တက်

မုံရွာကုန်စည်ဒိုင် စက်တင်ဘာ လကုန်ပတ် ပဲဈေးကွက်မှာ ဒေသတွင်း လိုအပ်ချက်နဲ့ ပြည်ပအဝယ် လှုပ်လာတဲ့အတွက် ကုလားပဲနှင့် ငုံနီဈေး အနည်းငယ်စီ တက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကုလားပဲဈေးကွက် အနေနဲ့ V2 နဲ့ 929 နှစ်မျိုးသာ ဒိုင်ဈေးဖွင့်နိုင်ခဲ့ကာ V2 က တစ်တင်း ကျပ် ၄၂၀၀၀၊ 929 က တစ်တင်း ကျပ် ၄၀၀၀၀အထိ အမြင့်ဆုံးပေါက်ဈေး ဖြစ်ခဲ့ပြီး၊ မရှိမဖြစ် သုံးကြရတဲ့ စက်မှုလုပ်ငန်းသမား အဝယ်ကြောင့် တစ်ရက်လျှင် V2 အိတ် ၂၀၀ခန့်နှင့် 929 အိတ် ၃၀၀မှ ၅၀၀ အကြား ပုံမှန်အရောင်းအဝယ် ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ လဆန်းပိုင်းက တစ်တင်း ကျပ် ၃၄၀၀၀အထိ အနိမ့်ဆုံး ကျသွားတဲ့ ငုံနီဈေးဟာ ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၃၈၇၀၀ အထိ ပေါက်ဈေးမြင့်လာပြီး ရန်ကုန်အဝယ် အနည်းငယ်လိုက်လာလို့ တစ်ရက် အိတ် ၂၀၀ ခန့် နေ့စဉ် အရောင်းအဝယ် ဖြစ်လာတယ်လို့ ကုန်သည်တွေက ဆိုပါတယ်။ မုံရွာဒိုင်နယ်မှာ ငုံနီလက်ကျန် အသင့်အတင့် ရှိဆဲဖြစ်သလို တချို့ကုန်သည်ထံမှာ တင်း ၄၀၀၀ နီးပါးခန့်အထိရှိပြီး တက်ဈေးစောင့် ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

စိမ်းကြီးဈေးကွက်မှာတော့ မုံရွာကုန်စည်ဒိုင်ရဲ့ အရပ်လေးမျက်နှာက ပဲသစ်တွေ ပုံမှန်ဝင်လာပြီး မန်းဝယ်လက်ကလည်း ပုံမှန်ဆွဲနေတဲ့အတွက် တစ်တင်း ကျပ် ၂၄၅၀၀ဈေးမှာ ဆက်လက် တန့်နေကာ တစ်ရက် အိတ် ၄၀၀ ဝန်းကျင် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။ မတ်ပဲဈေးကွက်အနေနဲ့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် လိုက်လာရာ အထွက်တိုး တစ်တင်း ကျပ် ၄၀၀၀၀ အထိ ပေါက်ဈေးမြင့်လာပြီး တစ်ရက် အိတ် ၁၀၀မှ ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ကျန်တဲ့ပြည်တွင်းသုံး ပဲဈေးကွက်မှာတော့ ပဲအများစု ဈေးဆက်လက် အေး ခဲ့သလို အရောင်းအဝယ်လည်း အေးခဲ့ပြီး၊ လုပ်ငန်းသုံး ပဲတွေဖြစ်ကြတဲ့ စွန်တာနီ၊ ပဲပုပ်စေ့၊ ပဲယင်းနဲ့ ပဲကြီးတို့ အရောင်းပုံမှန်ရှိကြတဲ့အတွက် ပဲတစ်မျိုး တစ်ရက် အိတ် ၁၀၀မှ ၂၀၀ အကြား အရောင်းအဝယ် ဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**



# ယခုတစ်ပတ်သီဟိုဠ်စေ့ တင်ပို့မှုလျော့ကျ

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း တရုတ်နဲ့ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၃၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၅၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၂၀ နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၂ တန်ကို တင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်များမှ သတင်းရရှိပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ တတိယပတ်အတွင်း သီဟိုဠ်စေ့တင်ပို့မှု ပိုမိုသော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုလျော့ကျခဲ့တဲ့အတွက် သီဟိုဠ်စေ့တင်ပို့မှုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# ယခင်လကာလတူနဲ့နှိုင်းယှဉ်ပါက သီးနှံအများစု ဈေးအနည်းငယ် အေးသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေတဲ့ မန်းကုန်စည်ဒိုင်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) ကို နေ့စဉ်(ဥပုသ်နေ့မှအပ) သီးနှံ အမျိုးအရေအတွက် ၅၀ မှ ၉၀ ကြား ပွဲစားကုန်သည်ဦးရေ ၁၀၀၀ ခန့် လာရောက်အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ယခု ၂၀၁၆ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်ဈေးနှုန်းနှင့် ယခင်လဩဂုတ်နောက်ဆုံးပတ်ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက-

| သီးနှံအမည် | ၈/၂၀၁၆ | ၉/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၃၈၇ | ၁၃၈၇ |
| ပဲကြီး | ၁၅၃၈ | ၁၄၄၈ |
| ပဲနီပြား | ၁၂၆၇ | ၁၁၇၆ |
| ပဲပုပ်(ရှမ်း) | ၁၀၈၉ | ၉၅၈ |
| ပဲပုပ်(ဗမာ) | ၉၇၇ | ၉၃၉ |
| ပဲယင်း (သေး) | ၇၀၀ | ၆၅၀ |
| ထောပတ်ပဲ | ၁၀၆၇ | ၁၀၁၃ |
| ပဲဇီးကွက် | ၇၇၃ | ၈၄၁ |
| မြေထောက်ပဲ | ၁၂၀၄ | ၁၄၈၁ |
| မတ်ပဲ | ၂၀၀၀ | ၂၄၁၇ |
| ကုလားပဲဖြူကြီး | ၁၈၃၄ | ၂၁၃၁ |
| ကုလားပဲထိုင်ဝမ် | ၁၇၇၈ | ၂၀၂၇ |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၉၈ | ၃၉၈ |
| ပြောင်းဖူးစေ့(ဗမာ) | ၃၇၀ | ၃၃၃ |
| ပြောင်းဖူးစေ့(စီပီ) | ၄၁၇ | ၃၅၂ |
| အထွက်တိုးပြောင်း | ၅၀၉ | ၃၅၈ |
| ဆန်ပြောင်း | ၅၂၃ | ၅၀၆ |
| နှမ်းဖြူ | ၂၁၅၆ | ၂၀၀၀ |
| နှမ်းညို | ၁၆၆၇ | ၁၆၆၇ |
| နှမ်းနက် | ၂၇၇၈ | ၂၅၇၈ |
| နှမ်းနက် (စမုံ) | ၃၆၂၂ | ၃၃၃၃ |
| ပန်းနှမ်း | ၂၀၀၀ | ၁၈၈၉ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၁၀၀ | ၁၇၀၀ |

မန္တလေးကုန်စည်ဒိုင်မှ ပြည်ပ(တရုတ်) သို့ တင်ပို့သည့် သီးနှံအများစုမှာ ယခင်လကာလတူဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ဈေးအေးဖြင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးမှာ ယခင်လကာလတူမှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းတူနဲ့ ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်လို့ ပဲတီစိမ်းတစ်ပိဿာ ၁၃၈၇ ကျပ်(တစ်တန် ၈၄၉၃၈၅ ကျပ်) နဲ့ ယခုတစ်ပတ်အတွင်း နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၄၄၈ကျပ်(တစ်တန် ၈၈၆၇၄၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲနီပြားတစ်ပိဿာ ၁၁၇၆ ကျပ်(တစ်တန် ၇၂၀၁၇၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၅၀ ခန့်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၉၅၈ ကျပ်(တစ်တန် ၅၈၆၆၇၀ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ နေ့စဉ်ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲယင်း(သေး) တစ်ပိဿာ ၆၅၀ ကျပ်(တစ်တန် ၃၉၈၀၅၄ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၁၀၁၃ ကျပ်(တစ်တန် ၆၂၀၃၅၀ ကျပ်)ဖြင့် နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲဇီးကွက်တစ်ပိဿာ ၈၄၀ ကျပ်(တစ်တန် ၅၁၅၀၂၀ ကျပ်)ဖြင့် နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော်၊ မြေထောက်ပဲတစ်ပိဿာ ၁၄၈၀ ကျပ်(တစ်တန် ၉၀၆၉၅၀ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀ ကျော် အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်၊ ဒေသတွင်းဝယ်လက်နှင့်ပြည်ပ (အိန္ဒိယ)ဝယ်လက်ပုံမှန်ပြန်လည်ဝယ်ယူနေတဲ့ မတ်ပဲ ယခင်လကာလတူဈေးနှုန်းအထက် မတ်ပဲက တစ်ပိဿာ ၄၁၇ ကျပ်(တစ်တန် ၂၅၅၃၆၇ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်လို့ ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၂၄၁၇ ကျပ်(တစ်တန် ၁၄၈၀၁၄၇ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ကျော်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၂၁၃၀ ကျပ်(တစ်တန် ၁၃၀၅၀၀၃ ကျပ်)၊ ကုလားပဲ ထိုင်ဝမ် တစ်ပိဿာ ၂၀၂၇ ကျပ်(တစ်တန် ၁၂၄၁၃၁၅ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်း အိတ် ၄၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ် ဖြစ်တဲ့ ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၉၈ ကျပ်(တစ်တန် ၂၄၁၇၁၀ ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိဿာ ၃၃၃ ကျပ်(တစ်တန် ၂၀၃၉၂၆ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၃၅၂ ကျပ် (တစ်တန် ၂၁၅၅၆၁ ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၃၅၈ ကျပ်(တစ်တန် ၂၁၉၂၁၆ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၀၆ ကျပ်(တစ်တန် ၃၀၉၈၆၉ ကျပ်)ဖြင့် ပြောင်းဖူးစေ့ငါးမျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၁၈၀၀ ကျော် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ပြည်ပ(တရုတ်)နဲ့ ပြည်တွင်းဆီစက်များမှ ပုံမှန်ဝယ်ယူနေတဲ့ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၆၆၇ ကျပ်(တစ်တန် ၁၀၂၀၈၅၄ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၅၇၈ ကျပ်(တစ်တန် ၁၅၇၈၇၄၀ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၃၃၃ ကျပ်(တစ်တန် ၂၀၄၁၀၉၆ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်) နဲ့ နှမ်းငါးမျိုးနေ့စဉ်သုံးတင်းအိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲ ( S1 လုံးဆန်) တစ်ပိဿာ ၁၇၀၀ ကျပ် (တစ်တန် ၁၀၄၁၀၆၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခင်လနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ပဲအများစု ဈေးအေးသွားကြောင်း၊ ရန်ကုန်နဲ့ အိန္ဒိယမှ ဝယ်ယူတဲ့ မတ်ပဲနဲ့ကုလားပဲကတော့ ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း ထို့အတူ နှမ်းများလည်းဈေးအနည်းငယ်အေးကြောင်း၊ ဈေးအေးပေ မယ့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း ကုန်သည်ကြီး တစ်ဦးကပြောပါတယ်။

**စိုးအောင်-မန္တလေး**



## ချင်း



### နယ်စပ်စခန်းများမှ ချင်းစို/ချင်းခြောက်အပို့သွက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၄၆၇၈၅ တန်ဖိုးရှိ ချင်းခြောက် ၃၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၁ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ချင်းခြောက် ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ မူဆယ်မှာ ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) ၁၃၇၆၄၀၀ - ၂၁၃၂၃၇၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ စစ်တွေမှ အမေရိကန်ဒေါ်လာ ၉၁၂၀ တန်ဖိုးရှိ ချင်းစို ၁၂ တန်နဲ့ မောင်တောမှ အမေရိကန်ဒေါ်လာ ၈၉၆၄၉ တန်ဖိုးရှိ ချင်းစို ၃၇၃ တန်ကျော် တင်ပို့ခဲ့ကြောင်း၊ စစ်တွေမှာ ချင်းစိုတစ်တန်ကို (ငွေလဲနှုန်းအရ) ၉၂၁၈၈၀ ကျပ်ဈေးရှိကြောင်း၊ ယခင် တစ်ပတ်က စစ်တွေမှချင်းအပို့မရှိဘဲ မောင်တောမှ တန် ၇၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**မော်မော်အောင်**

### ရှမ်းချင်းလက်ကျန်များပြီး အရောင်းပါးလို့ ဈေးကျ

ဒီနှစ်မှာ ချင်း၊ နနွင်း အရောင်းအဝယ်က ယခင်နှစ်ကထက် လျော့သွားတယ်လို့ သိရပါတယ်။ ယခင်နှစ်တွေကဆိုရင် သီတင်းကျွတ်ချိန်နား နီးလာရင်၊ အရောင်းအဝယ်က ကောင်းခဲ့ပေမယ့် ဒီနှစ်တော့ အတော့်ကို လျော့သွားတယ်လို့ ချင်းပွဲရုံတွေက သိရပါတယ်။ တောင်သူတွေအနေနဲ့ သီတင်းကျွတ်ချိန် နီးလာတော့ ငွေလိုလို့ ထုတ်ရောင်းကြတဲ့အတွက် အဝင်ကတော့ ပုံမှန်ရှိနေပါတယ်။ ဒါပေမယ့် ဝယ်လက်မရှိတဲ့အတွက် ပွဲရုံတွေအနေနဲ့ လာသမျှဝယ်ယူထားလို့ လက်ကျန်တွေ များနေကြောင်း သိရပါတယ်။ ဈေးပတ်သမားတွေလည်း အဝယ်နည်းနေ ပါတယ်။ အရင်က တစ်ခါဝယ်ရင် ပိဿာချိန် ထောင်ချီပြီး မှာကြပေမယ့် အခုဆိုရင် လေးရာ၊ ငါးရာခန့်သာ အမှာရှိတော့တယ်လို့လည်း သိရပါတယ်။ လက်ကျန်တွေ များနေပြီး အရောင်းအဝယ်လည်း ပါးလာတာကြောင့် ဈေးကျလာပြီး ဒီတစ်ပတ် ချင်း(စို) တစ် ပိဿာကို ၁၅၀ကျပ်၊ ၂၀၀ကျပ်နှင့် ၂၅၀ကျပ်ဈေးသာ ရှိတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ်မှာ ချင်းခြောက် အရောင်းအဝယ် ပြန်အေးနေပါတယ်။ ယခင်တစ်ပတ်က မန္တလေးဝယ်လက်တွေ ပစ္စည်းကောင်းရင် ကောင်းသလို မန္တလေး အရောက် တစ်ပိဿာ ၁၈၀၀ကျပ်၊ ၁၉၀၀ကျပ်၊ ၁၉၅၀ကျပ်နဲ့ဝယ်ယူခဲ့ကြောင်း၊ ပိဿာချိန် လေးသောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီ တစ်ပတ် ချင်းခြောက်ဈေးနှုန်းက တစ်ပိဿာ ပေါက်ဈေးကို ၁၇၀၀ ကျပ် မှ ၁၈၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။ **ဇေခိုင် (တောင်ကြီး)**

## နနွင်း

### မူဆယ်ရော စစ်တွေမှပါ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၃၄၁၈၅ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၄၅ တန်ကျော်ကိုလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၄၀၀ တန်ဖိုးရှိ နနွင်းတက်(ကျောက်ဆည်) တစ်တန်ခွဲကိုလည်းကောင်းအသီးသီးတင်ပို့ခဲ့ကြပါတယ်။ မူဆယ်မှာနနွင်းတက်တစ်တန်ကို (ငွေလဲနှုန်းအရ) ၈၂၈၆၁၅ ကျပ်ခန့်ရှိပြီး စစ်တွေမှာတော့ ၁၉၃၁၈၄၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

နနွင်းကို မိုးတွင်းကာလမှာ လယ်မြေအနီးတွင်လည်းကောင်း၊ ကျွန်းမြေနဲ့ မူးမြစ်ကမ်းဘေးမှာလည်းကောင်း၊ စိုက်ပျိုးကြပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများမှာ တူးဖော်ကြတယ်လို့ တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်း ရန်ကုန်ဝယ်လက်သာ အနည်းငယ်ဝယ်ယူ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းကို ရန်ကုန် ဝယ်လက်တွေက ပြည်ပပို့ဖို့အတွက် ဝယ်ယူနေတာကြောင့် အရောင်းအဝယ် ပြန်ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီနှစ်မှာတော့ ရန်ကုန်ဝယ်လက် တစ်မျိုးသာရှိပြီး၊ စစ်တွေ၊ ပြည်၊ မုံရွာ၊ တောင်ကုတ် စတဲ့မြို့တွေကတော့ အဝယ်မရှိပါဘူး။ ရန်ကုန် ဝယ်လက်တွေကလည်း ကားတစ်စီး (ပိဿာချိန် တစ်သောင်းခန့်) အများဆုံးဝယ်ယူကြပြီး၊ အရင်ကလို နှစ်စီး၊ သုံးစီးစာ မဝယ်ယူကြတော့ဘူးလို့လည်း သိရပါတယ်။ ဒီတစ်ပတ် ရန်ကုန်ဝယ်လက်တွေက ပိဿာချိန်တစ်သောင်း ခန့်ဝယ်ယူသွားတယ်လို့လည်း ဈေးကွက်မှ သိရှိရပါတယ်။ ပြည်တွင်းဈေးပတ်သမားတွေကတော့ ဆင်တောင်နနွင်းနဲ့ တောင်ပို့လစတွေကို ဝယ်ယူကြပါတယ်။ တောင်ပို့လစက ဆင်တောင်နနွင်းပြီးရင် အရည်အသွေး အကောင်းဆုံးဖြစ်တာကြောင့် အမှုန့် ကြိတ်သမားတွေက ဆင်တောင် နနွင်းနဲ့တောင်ပို့လစ နနွင်းကိုရောပြီး ကြိတ်ဖို့ ဝယ်ယူတာလို့လည်း ဆိုပါတယ်။ တောင်ပို့လစက အထွက်နှုန်းအတော် နည်းပါတယ်။ တစ်နှစ်ပတ်လုံးမှ အချိန်တစ်သောင်းကျော်ခန့် ထွက်ရှိတယ် လို့လည်း ဒေသခံများထံက သိရှိပါတယ်။ နနွင်းမှုန့်အဖြစ် ရောင်းတဲ့အခါ အရောင်လှစေပါတယ်။ ဆင်တောင်(ရိုးရိုး)တွေက အဝါနဲ့အစိမ်းဘက်ကို သွားလို့ ဈေးကွက်မှာ သိပ်ပြီး မကြိုက်ကြဘူးလို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် နနွင်းတစ်ပိဿာ ပေါက်ဈေးမှာ ရိုးရိုးနနွင်းတွေက ၁၄၀၀ကျပ်၊ ၁၅၀၀ကျပ် နှင့် ၁၆၀၀ ကျပ် ရှိပြီး၊ တောင်ပို့လစက ၂၃၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၂၅၀၀ကျပ် နှင့် ၂၆၀၀ ကျပ်ဈေး ရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## မန်ကျည်း

### ပြည်ပသို့ ပြန်လည်တင်ပို့နေ၍ ပြည်မန်ကျည်းမှည့်ဈေး ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်းပြည်(ရခိုင်) ပွဲရုံများမှာ မန်ကျည်းမှည့် (အဟောင်း) ဒါးလှီးသားများ အရောင်းအဝယ် သွက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပြန်လည် တင်ပို့နေတာကြောင့် စစ်တွေနဲ့ သံတွဲမြို့တွေကို နေ့စဉ်ပုံမှန် တင်ပို့နေကြောင်းသိရပါတယ်။

ဘင်္ဂလားဒေ့ရှ်ကို တင်ပို့နေတဲ့ မန်ကျည်းမှည့် (အဟောင်း) ဒါးလှီးသားတွေက ဟသ်ာတ၊ ကြံခင်း၊ ထုံးဘိုတို့ဘက်မှ ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်အဟောင်းတွေ ဖြစ်ပါတယ်။

အဝယ်လိုက်နေပေမယ့် ဈေးမြင့်တက်လာခြင်းမရှိဘဲ ဈေးငြိမ်နဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ပြည်ပ အဝယ်ရှိမှုကြောင့် ဈေးကွက်မှာ အရောင်းအဝယ်သွက်နေတာ ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ပြည် မန်ကျည်းမှည့် တစ်ပိဿာ (ပွဲရုံဈေး) ၂၈၀၀ကျပ်၊ ဒေသတွင်း လက်လီ ဈေးကတော့၃၅၀၀ ကျပ်ဖြစ်ပြီး ပိဿာ ၃၀၀ဝင် အိတ်၅၀ ခန့် ရက်ခြား တင်ပို့နေရကြောင်း သိရပါတယ်။ **နီနီဝင်း**



## ကြက်သွန်



### ပြည်ကြက်သွန်နီဈေးကွက် အတက်အကျမြန်

ပြည်ဈေးကွက်တွင် ကြက်သွန်နီ အရည်အသွေးပေါ် မူတည်၍ ယခုတစ်ပတ်အတွင်းမှာပင် ဈေးတက်လိုက်ကျလိုက်နှင့်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပါတယ်။ ဆိပ်ဖြူ၊ ရေနံချောင်း၊ပခုက္ကူ စသည်ဖြင့် နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်မှုများပြားနေပြီး ယခုတစ်ပတ် ဈေး ဖွင့်ချိန်တွင် ပြည်ပွဲရုံများ၌ တစ်ပိဿာလျှင် (ကြီး) ၆၅၀ကျပ်၊(လတ်) ၆၀၀ကျပ်၊ (သေး) ၅၅၀-၅၃၀ ကျပ် တို့နှင့်ဈေးမြင့်သွားပြီး ပိဿာ (၃၀) ဝင် တစ်အိတ်လျှင် ၂၈၀၀ ကျပ်ခန့် ဈေးမြင့် သွားခဲ့ကြောင်းသိရပါတယ်။

ဒါပေမဲ့နယ်စုံမှ ဆက်တိုက်အဝင်များနေတဲ့အတွက် ပွဲရုံ များ၌ ယခင်ဈေးနှုန်းအတိုင်း ပြန်လည်ကျဆင်းသွားပါတယ်။ပွဲရုံဈေးအပြောင်းအလဲရှိပေမယ့် ဒေသတွင်းလက်လီဈေးမှာ ပုံမှန်အတိုင်း တစ်ပိဿာကို(ရှယ်သန့်) ၇၀၀ကျပ်၊ (ကြီး) ၆၅၀ကျပ်၊ (လတ်) ၅၅၀-၆၀၀ ကျပ်၊(သေး)၄၅၀-၅၀၀ကျပ်တို့နှင့် ရောင်းချနေကြောင်း သိရပါတယ်။ အရောင်းအဝယ်မှာလည်း ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီတိုင်း၊ရခိုင်ပြည်နယ်တို့သို့ စားသုံးရန် တင်ပို့မှုအပါအဝင် တစ်ရက်ကို အိတ် ၄၅၀ခန့်နှင့် ပုံမှန်ထက်အရောင်း သွက်နေကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

### ကြက်သွန်နီ တင်ပို့မှုလျော့နည်း

စက်တင်ဘာ ၁၇ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း မူဆယ်၊ မြဝတီနဲ့ တာချီလိတ် ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ အမေရိကန်ဒေါ်လာသည ဒသမ ၂၇၄ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၄၄၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၆၂၈ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၃၁၄ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ တန် ၅၀၀ တို့ဖြစ်ပါ တယ်။

ယခင်သီတင်းပတ်က မူဆယ်မှ တန် ၆၅၀၊ မြဝတီမှ ၃၅၇တန်ကျော်နဲ့ တာချီလိတ်မှ တန် ၇၀၀ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ကြက်သွန်နီတင်ပို့မှု ၂၆၅ တန်ကျော် လျော့နည်းသွားတာတွေ့ရပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ ယခင်တစ်ပတ်က ကြက်သွန်ဖြူ တင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၉၂၇၀၀ တန်ဖိုးရှိကြက်သွန်ဖြူ တန် ၆၀ တင်ပို့ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်အတွင်း ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာ ၇၀၀-၉၀၀ ကျပ်ဈေးရှိပြီး၊ ကြက်သွန်ဖြူတစ်ပိဿာကို ၄၀၀၀-၄၅၀၀ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

### ယွမ်ဈေးမြင့်တက်မှုကြောင့် ပြည်ပမှ တင်သွင်းလာသည့် ကြက်သွန်ဖြူများ ဈေးမြင့်တက်လာ

ယွမ်ငွေလဲနှုန်းများ မြင့်တက်မှုကြောင့် ပြည်ပွဲရုံများ သို့ ပြည်ပမှ တင်သွင်းလာတဲ့ ကြက်သွန်ဖြူများ ဈေးတက်လာတာ တွေ့ရပါတယ်။ ပြည်ပွဲရုံကို ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေဟာ ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ တရုတ်နိုင်ငံတို့မှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေ ဖြစ်တဲ့အတွက် ယွမ်နဲ့ ပေးချေရတာကြောင့်ဈေးမြင့်တက်နေတာ ဖြစ်ပါတယ်။ ဈေးမြင့်တက်ပေမယ့် ကြက်သွန်ဖြူ အဝင်ပုံမှန်ရှိသလို အရောင်းအဝယ်လည်း ပုံမှန်ရှိနေပါတယ်။ ယခုတစ်ပတ် ပြည် ကြက်သွန်ဖြူ (ပွဲရုံ) တစ်ပိဿာဈေး (ကြူကုတ်) ၄၂၀၀ ကျပ်၊ ၄၃၀၀ ကျပ်နဲ့ ရောင်းချနေပြီး ပွဲရုံများမှာ တစ်ရက်ကို အိတ် ၁၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ရှမ်းစကတော့ ဈေးငြိမ်ပြီး အရောင်းအဝယ်မှာ ပုံမှန်သာ ရှိနေကြောင်း သိရပါတယ်။

**နီနီဝင်း**

# အားငယ်နေရလား စားသုံးသူများ

မျိုးသူ (ကုန်သွယ်မြှင့်)



ကျွန်တော်တို့နိုင်ငံတွင် စားသုံးသူဟုဆိုလျှင် အစားအသောက်များနှင့် ယှဉ်တွဲ မြင်ယောင်ပြီး၊ အစားအသောက်စားသူများ၊ အရည်သောက်သူများဟုသာ ထင်မြင်သွားတတ်ကြပါသည်။ သို့ဖြစ်သဖြင့် စားသုံးသူ (Consumer) ဆိုသည်မှာ စားဝတ်နေရေးနှင့် လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများကို စားသောက်သုံးစွဲရန် ဝယ်ယူသူများ၊ စားသောက် သုံးစွဲသူများဟု အဓိပ္ပာယ်ရှိပါသည်။ စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေတွင် စားသုံးသူ၏ အဓိပ္ပာယ်ကို "စားသုံးသူဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်ရောင်းဝယ်မှုအတွက် မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုသူကို ဆိုသည်"ဟု ဖွင့်ဆိုထားပါသည်။ သို့ဖြစ်၍ စားသုံးသူ ကာကွယ်ရေးဟူသည်မှာ အစားအသောက် တစ်ခုတည်းအတွက် ကာကွယ်ခြင်း မဟုတ်ဘဲ ဝန်ဆောင်မှုများအတွက်လည်း သက်ဆိုင်ပါသည်။ ကြော်ငြာများသည်ပင် စားသုံးသူ အကာကွယ်ပေးရေး ဥပဒေဖြင့် သက်ဆိုင်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင် စားသုံးသူ အကာ အကွယ်ပေးရေး ဥပဒေ (၂၀၁၄) အပြင် ယင်းထက်စောသော အမျိုးသား အစားအသောက်ဥပဒေကို ၁၉၉၇ တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင် ထပ်မံ ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေ နှစ်ခုစလုံးသည် အရည်အသွေးရှိသော အစားအသောက်နှင့် ကုန်စည်များကို ပြည်သူများ စိတ်ချမ်းသာစွာဖြင့် စားသောက် သုံးစွဲနိုင်ရန်ပင် ဖြစ်ပါသည်။

အစားအသောက် ဥပဒေမှာ အခြေခံအားဖြင့် အရည်အသွေး ကောင်းမွန်သော အစားအစာကို ပြည်သူများ စားသုံးနိုင်ကြစေရန်ဖြစ်ပြီး၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေမှာ စားသုံးသူများ တစ်နည်းအားဖြင့် ပြည်သူများ၏ စားသုံးမှုဆိုင်ရာ အခွင့် အရေးများ မဆုံးရှုံးစေရန် ဖြစ်ပါသည်။ ပြည်သူများ တစ်နည်းအားဖြင့် စားသုံး သူများသည် တစ်ကျပ်ဖြင့် ဝယ်လျှင် တစ်ကျပ်တန်ဖိုးနှင့်ညီသော အရည်အသွေးရှိသည့် မိမိ ဝယ်သော ကုန်ပစ္စည်းကို ရရှိရပါမည်။ မိမိအနေဖြင့် မဝယ်ယူမီ မိမိဝယ်လိုသော ကုန်စည်၏ အရည် အသွေးကို စစ်ဆေးခွင့် ရှိရပါမည်၊ အနည်းဆုံး မျက်မြင်ကြည့်နိုင်ရပါမည်။ တောင်းဆိုစရာရှိလျှင် တောင်းဆိုခွင့်ရှိရပါမည်။ မိမိတို့၏ စားသုံးသူ အခွင့်အရေး (right) ကို ရနိုင်ရပါသည်။ ပြည်သူကို ဗဟိုပြုလာသော အတွေးအခေါ်များမှ ရလဒ်များ ဖြစ်ပါသည်။ အရည်အသွေးခေတ် ဖြစ်လာပါသည်။

ယင်းဥပဒေနှစ်ရပ်မှာ တူသလိုလိုနှင့် အခြေခံမတူညီပါ။ သို့သော် ရည်ရွယ်ချက်မှာ အရည်အသွေးရှိသော ကုန်စည်များ၊ အစားအသောက်များကို ပြည်သူများ ခံစားရရှိနိုင်စေရန် ဖြစ်ပါသည်။ ကျွန်တော်နားလည်သမျှ တွေးဆရလျှင် အစားအသောက် ဥပဒေထက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေမှာ ပိုမို၍ နယ်ပယ် ကျယ်ပြန့်ပါသည်။ စားသုံးသူ အကာအကွယ်ပေးရေးကို ဥပဒေနှင့်အညီ အကောင်အထည် ဖော်နိုင်ရေးမှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ ယင်းဥပဒေကို အကောင်အထည်ဖော်မည့် အဓိက အကျဆုံး ပုဂ္ဂိုလ်များမှာ ပြည်သူများပင် ဖြစ်ပါသည်။ ယင်းတို့ကို ဥပဒေနှင့်ညီအောင် ဆောင်ကျဉ်းပေးရမည့်သူများမှာ စားသုံးသူရေးရာဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အစိုးရမဟုတ်သော အသင်းအဖွဲ့များ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ လူမှုရေး ဆောင်ရွက်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း တွေးခေါ် မျှော်မြင် ဆောင်ရွက်လာသည့် ယနေ့ခေတ်တွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ကြရန် လိုလာပါသည်။ ယင်း စားသုံးသူများအတွက် ရရှိရမည့် အခွင့်အလမ်းများသည် ကုန်ထုတ် လုပ်သူများ၊ ရောင်းဝယ်သူများဘက်မှ ပေးရမည့် ကုန်ပစ္စည်းဆိုင်ရာ အရည်အ သွေးများ၊ ထုတ်လုပ်သူ၊ ရောင်းဝယ်သူများ၏ အရည်အချင်းများ၊ စိတ်ဓာတ်ကောင်းများ စသဖြင့် အကြောင်းအမျိုးမျိုးပေါ်တွင် တည်မှီလျက် ရှိပါသည်။

မကြာမီက မြန်မာနိုင်ငံ၏ အဓိက စားသောက်ကုန်ဖြစ်သော ဆန်နှင့် ပတ်သက်ပြီး စားသုံးသူများ၏ ကျေနပ်နှစ်သက်မှု အတိုင်းအတာကို မေးမြန်းလေ့လာ ကြည့်ကြရာတွင် မိမိတို့ အဓိက စားသုံးနေသော ဆန်ကိုပင် စားသုံးသူအချို့က မကျေနပ်ချက်များရှိသည်ကို အံ့သြဖွယ်ရာ တွေ့ရပါသည်။ မကျေနပ်ရသည့် အချက်များမှာ ဆန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ ဆန်အရည်အသွေးသည် မျှော်မှန်းသလောက် မရရှိခြင်း၊ ဈေးနှုန်းပိုင်းတွင် မကျေနပ်ခြင်း၊ အလေးချိန် အပြည့်အဝမရခြင်း၊ ရောင်းဝယ်ရာတွင် တစ်နိုင်ငံလုံး စံချိန်စံညွှန်းတစ်ခု သတ်မှတ်ဆောင်ရွက်နိုင်မှုမျိုး ဖြစ်မလာသဖြင့် ဝယ်ယူစားသုံးသူမှ အမြဲနစ်နာနေခြင်း၊ ဈေးကောင်းရသည့် ဆန်အမျိုးအစားမျိုးဖြစ်လျှင် အခြားအမြင်တူ ဆန်များနှင့် ရောနှောရောင်းချသဖြင့် အရည်အသွေးမှန် မရခြင်း စသည်တို့ကို စားသုံးသူများက ကျေနပ်မှု မရှိကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ စားသုံးသူများအတွက် မည်သူ့ကို တောင်းဆိုရမည်လဲ၊ ဥပဒေများ ရှိပါသည်။ ဥပဒေအတိုင်း အကုန်လုံးကို အရေးယူပေးနိုင်ပါရဲ့လား စသော မေးခွန်းပေါင်းများစွာဖြင့် တွေးကြည့်ရင်း၊ စဉ်းစားရင်းနှင့် အားငယ်လာသလို ခံစားမိပါသည်။

ယနေ့ခေတ်သည် အရည်အသွေး ခေတ်ဖြစ်နေပါပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အရည်အသွေးခေတ်ကို ဝင်ရောက်နိုင် ပါပြီလား၊ ကျွန်တော် ဖတ်ဖူးသော မက်စလို၏ ပိရမစ်ပုံဖြင့် လူတို့၏ လိုအင်ဆန္ဒများကို ဖော်ပြချက်သည် နာမည်ကြီးသော စိတ်ပညာ ဆိုင်ရာ အခြေခံသဘောတရားများဖြစ်သဖြင့် ၁၉၄၀ခုနှစ်များမှ ယခုတိုင် သုံးစွဲ ခေတ်မီလျက် ရှိပါသည်။ ယင်းလိုအင် ပိရမစ်တွင် အခြေခံ လိုအင်ဆန္ဒမှာ ဘဝရှင်သန်မှုအတွက် အခြေခံ စားဝတ်နေရေး လိုအပ်ချက်များ ပြည့်စုံလိုမှု ဖြစ်ပါသည်။ ဒုတိယအဆင့် လိုအင်မှာ မိမိဘဝ လုံခြုံ စိတ်ချရစေခြင်း ဖြစ်ပါသည်။ လုံခြုံမှုတွင် အသက်အန္တရာယ် လုံခြုံမှုသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ အသက် ရှင်သန်ရန်အတွက် လိုအပ်သော လုံခြုံရေးတွင် အစားအစာ ဘေးကင်းလုံခြုံရေး (Food Safety) လည်း ပါဝင်နေပါသည်။ တတိယ လိုအင်ဆန္ဒမှာ မေတ္တာတရား ရရှိလိုမှု သို့မဟုတ် ရယူပိုင်ဆိုင်လိုမှု၊ စတုတ္ထ လိုအင်မှာ တန်ဖိုးထား လေးစားခံလိုမှု နှင့် နောက်ဆုံး လိုအင်မှာ မိမိကိုယ်ကို ကျေနပ် နှစ်သက်မှုတို့ ဖြစ်သည်ဟု လေ့လာဖူးပါသည်။

အခြေခံနှင့် ဒုတိယအဆင့် လိုအင်များသည် လူတို့၏ အသက်ရှင် ရပ်တည်လိုမှုနှင့် စားဝတ်နေရေး ဘဝလုံခြုံ စိတ်ချ ရစေလိုမှုများ ဖြစ်ကြသဖြင့် စားသုံးသူများအား အကာအကွယ်ပေးရေး လုပ်ငန်းများသည် အရေးပါလှပါသည်။ များသောအားဖြင့် ချမ်းသာသူများအတွက် လိုအင်ဆန္ဒများသည် ပထမ၊ ဒုတိယ လိုအင်များ ပြည့်ပြီး ဖြစ်သည်ဟု ယူဆနိုင်ပြီး၊ ဘေးကင်း လုံခြုံရေးများကို ကောင်းစွာ လုပ်နိုင်ပြီ ဖြစ်သဖြင့် ထိုသူတို့အတွက် အခြားသူများနှင့် အစိုးရက များစွာ တာဝန်ယူရန် မလိုအပ်ပါ။ အထူးသဖြင့် အခြေခံ လူတန်းစားများအတွက်မူ အခြေခံ လိုအင်ဆန္ဒများပင် မပြည့်စုံကြသဖြင့် အစိုးရမှ ကာကွယ်ပေးရန် များစွာ လိုအပ်ပါသည်။

အင်း၀ အပ်ချုပ်ဆိုင် ပြဿနာဆိုလျှင် ဆင်းရဲသည့် ပြည်သူအများစု၏ အခြေခံ လိုအင်ဆန္ဒများ မပြည့်စုံမှုကြောင့် ကြုံတွေ့ရသည့် ပြဿနာများအနက် ပြဿနာတစ်ရပ်ဟု ဆိုလျှင် မှားမည် မထင်ပါ။ အလားတူပင် အစားအစာ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို အစိုးရက ပိုမိုကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်လှပါသည်။ သို့သော် အစိုးရက မည်မျှ လုပ်ပေးမည်၊ မည်သည့် အချိန်လုပ်ပေးမည်၊ လုံခြုံသော ကာကွယ်မှု ပေးနိုင်မည်လား၊ လုံခြုံအောင် ဆောင်ရွက်ပေးမည့် ဥပဒေများနှင့် အကောင်အထည်ဖော်မှုများကို စားသုံးသူ ပြည်သူများက ဘယ်အချိန်ထိ စောင့်ရမည်လဲ၊ ယခု လုပ်ကိုင်နေသည့် စားသုံးသူ ကာကွယ်ရေးများလောက်နှင့် လုံလောက်ပါရဲ့လား၊ ပြည်သူများ၏ ကျန်းမာရေးအတွက် အစားအစာ လုံခြုံရေးသည် ပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံနိုင်ပြီလား စသည့် အတွေးများစွာကို တွေးရင်း စားသုံးသူများလည်း ကျွန်တော့်လိုပင် အားငယ်နေမည် ထင်ပါသည်။

ကျွန်တော်တို့ ဝန်ထမ်းအများစု နေထိုင်ရာ နေပြည်တော် ဝန်ထမ်းအိမ်ရာများနှင့် အနီးဆုံး အစည်ကားဆုံး နေရာမှာ မြို့မဈေးကြီးဟု ဆိုလျှင် မှားမည်မထင်ပါ။ ဝန်ထမ်းအများစု ခရီးသွားရာ နေရာသည်လည်း အဆိုပါ နေရာပင်ဖြစ်ပါသည်။ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ မိသားစုများ စားဝတ်နေရေး၊ ခရီးသွားလာရေးအတွက် မှီခိုစရာသည် မြို့မဈေးဟုဆိုလျှင် မှားမည် မထင်ပါ။

ညဈေးကြီးမှာလည်း နေ့လယ်ခင်း တစ်နာရီခန့်မှ စတင်ကာ ညဖက် ၁၀ နာရီခန့်အထိ စည်ကားလျက် ရှိပါသည်။ ယခု ထက်တိုင် ဝန်ထမ်းများ သွားလာရေးအတွက် ရုံးဖယ်ရီများဖြင့် ဝန်ထမ်းကြိုပို့ယာဉ်များကို ဝန်ကြီးဌာနတိုင်းမှ တာဝန်ယူဆောင်ရွက်ပေးလျက် ရှိပါသည်။ ဗုဒ္ဓဟူးနေ့တိုင်း ညနေဆိုလျှင် ဝန်ထမ်းကြိုပို့ယာဉ်များသည် မြို့မဈေးတွင် ဈေးနေ့အဖြစ် ဝန်ထမ်းများကို လိုက်ပို့ကြသဖြင့် ဈေးဝယ်နေသည်ကို အပတ်စဉ် မြင်နေရပါသည်။ ထိုနေ့ဆိုလျှင် ဈေးထဲတွင် ကြက်ပျံမကျ စည်ကားလှပါသည်။ မြို့မဈေး၏ ဖောက်သည်များမှာ ဝန်ထမ်းအများစု ဖြစ်ပါသည်။ ဈေးသည်လည်း ကုန်တိုက်ကြီးများကဲ့သို့ မဟုတ်ဘဲ လေဟာပြင်ဈေးကြီးသာ ဖြစ်ပါသည်။

သို့သော် အဆိုပါ ဈေးကြီးတွင် ရောင်းဝယ်နေသော products ပေါင်းစုံကို Quality Control, Consumer Protection များ လုပ်သည်ကို မကြားမိ မမြင်မိပါ။ ကျွန်တော်ပဲ အမှတ်မှားနေသလား မသိပါ။ လုပ်လျှင်လည်း အလွန်ပင် နည်းပါးနေသည် ထင်ပါသည်။ ပြည်ထောင်စု အစိုးရ တစ်ဖွဲ့လုံးနှင့် ဝန်ကြီးဌာနပေါင်းစုံစုဝေးရာ၊ ဝန်ထမ်းပေါင်းစုံနှင့် မိသားစုများ မှီခိုရာ မြို့မဈေးကြီးတွင် ပုစွန်နှင့် ငါးများကို ဖော်မလင် စိမ်ရောင်းသည်ဟု သတင်းများ ဖြစ်ပေါ်ကြောင်း၊ ရောနှောပြီး မသန့်သည့် ဆီမျိုးစုံနှင့် ကြော်လှော်သည့် အကြော်အလှော် မျိုးစုံရှိသည်ဟု ကြားရကြောင်း၊ သန့်သည့်ဆီတို့၏ ရောင်းချရာမှာ မည်သည့်နေရာဟု မသိရကြောင်း၊ တွေ့သည့် ဆီ၊ ဈေးပေါသည့် စားဆီများကိုသာ ဝယ်စားနေရကြောင်း၊ မြေပဲဆီဆိုသော်လည်း အနံ့ကတော့ သေချာသလိုရှိကြောင်း၊ အကြော်များ ကြော်ရာတွင် ရေသန့်ဗူး ထည့်ကြော်သည့် သတင်းများ Facebook တွင် တွေ့နေသည်

စာမျက်နှာ ၂၁ သို့ ➲

## ခာတ်ဆီ/ဒီဇယ်

### ဒီဇယ်တန်ချိန် ၂၀၀ ကျော်နဲ့ ခာတ်ဆီတန်ချိန် ၂၀၀ ကျော်ဝင်

စက်တင်ဘာ ၁၈ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၈၁၁၄၈၀ တန်ဖိုးရှိ ဒီဇယ် ၂၀၂ ဒသမ ၄၂တန်နဲ့ ကန်ဒေါ်လာ ၁၁၈၀၇၆၇၂ တန်ဖိုးရှိ ခာတ်ဆီ ၂၂၇ ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ **(92)**နဲ့ **(95)**တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က အဝင်မရှိခဲ့တဲ့ ခာတ်ဆီ၊ ဒီဇယ်က ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၅၂၄၀ တန်ဖိုးရှိခာတ်ဆီ ၅၅တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၃၆၈၆၂ တန်ဖိုးရှိ ဒီဇယ် ၂၈၅ တန်၊ ကန်ဒေါ်လာ ၅၇၈၆၈ တန်ဖိုးရှိ ခာတ်ဆီ ၁၀၂ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၁၉၈၂၃၂ တန်ဖိုးရှိ ဒီဇယ် ၂၅၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ် ၊ အောက်တိန်း **(92)**နဲ့ အောက်တိန်း **(95)**မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၅၇၀ ကျပ်၊ အောက်တိန်း **(92)** ၅၇၀ ကျပ်၊ အောက်တိန်း **(95)** ၆၄၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၇ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့သော်လည်း ရောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ စက်တင်ဘာ ၂၆ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ဝယ်ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်၊ ခာတ်ဆီ ၁၀၀၀ ကျပ်ဝန်းကျင် အတက်အကျရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခာတ်ဆီ တစ်ဂါလန် ၂၈၀၀၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခာတ်ဆီဈေးငြိမ်နေသော်လည်း ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခာတ်ဆီတစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၈၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၀၀ကျပ်၊အောက်တိန်း **(92)** ၆၀၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၁၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ စက်တင်ဘာ ၂၆ ရက်တွင် ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ဝယ်ဈေး၁၀၀၀ကျပ် ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ခာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ်ခာတ်ဆီ၊ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများမှာ ခာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၅၅ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၆၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ တစ်ဂါလန် ၃၁၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ခာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ခာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာ၍ မြန်မာငွေဖောင်းပွလာမည်ကို စိုးရိမ်လျက်ရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများသည် ဆက်လက်မြင့်တက်လျက်ရှိရာ ယခုထက်ပိုမိုမြင့်တက်လာပါက မြန်မာငွေဖောင်းပွလာမည်ကိုစိုးရိမ်လျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်လျက်ရှိသည်။

ပြည်တွင်းငွေလဲနှုန်းများသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့ရာ ယခုတစ်ပတ်တွင် အနည်းငယ် ကျဆင်းခဲ့သော်လည်း ရက်သတ္တပတ်တစ်ပတ်၏ နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ပြန်လည်မြင့်တက်လာခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် ကျပ် ၁၂၇၀ သို့ ရောက်ရှိခဲ့သည်။

“ဈေးကွက်ထဲမှာငွေလဲနှုန်းက မြင့်တက်နေတယ်။ အစိုးရကဝင်ပြီး ထိန်းဖို့လိုတယ်။ မြန်မာငွေဖောင်းပွလာရင် အဓိကထိခိုက်မှာက ပြည်သူတွေပဲ။ အခုဆိုရင် စားသောက်ကုန်ဈေးနှုန်းတွေက မြင့်သည်ထက်မြင့်လာပြီ။ ကုန်ဈေးနှုန်းကို ထိန်းချုပ်ဖို့အတွက် ဒီငွေလဲ နှုန်းက အရေးပါနေတယ်။ ဗဟိုဘဏ်က ထုတ်ပြန်ပေးနေတဲ့ရည်ညွှန်းငွေလဲ နှုန်းဆိုတာကလည်း အပြင်ကဈေးကွက် ပေါက်ဈေးအပေါ်မူတည်ပြီး သတ်မှတ်နေတာဆိုတော့ သူကလည်း ဒီငွေလဲနှုန်းကို ထိန်းမထားနိုင်ဘူးဆိုတဲ့သဘောမျိုးဖြစ်နေတယ်။ နောက်ပြီး ဈေးတက်လာပြီဆိုရင် ဘဏ်တွေမှာက ဝယ်လို့မရတော့ဘူး။ အပြင်မှာတော့ကြိုက်ရောင်း ကြိုက်ဝယ်ဖြစ်နေတာ။ ဈေးကစားနေတဲ့သူတွေကိုလည်း တစ်နည်းနည်းနဲ့တော့ အရေးယူသင့်နေပြီ”ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် စက်တင်ဘာ ၂၆ရက်က ရောင်းဈေး ၁၂၆၅ကျပ်၊ ဝယ်ဈေး ၁၂၅၇ ကျပ်ရှိခဲ့ပြီး စက်တင်ဘာ ၂၈ ရက်တွင် ရောင်းဈေး ၁၂၅၈ ကျပ်၊ ဝယ်ဈေး ၁၂၅၆ ကျပ်သို့ကျဆင်းခဲ့သည်။ သို့သော် စက်တင်ဘာ ၃၀ ရက်တွင် ရောင်းဈေး ၁၂၇၀ ကျပ်၊ ဝယ်ဈေး ၁၂၆၇ကျပ်သို့ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်း ပြန်လည်မြင့်တက်လာမှုကြောင့် မြန်မာ့ရွှေဈေး ကျပ် ရှစ်သိန်းကိုးသောင်းကျော်သို့ ရောက်ရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးများမြင့်တက်ခဲ့ရသော်လည်း ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးကျဆင်းပြီး ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာသဖြင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များထံမှ သိရသည်။

“ရွှေဈေးက ကျဆင်းသွားလိမ့်မယ်လို့ အားလုံးက ထင်ထားကြတာ။ ထင်ထားကြလို့လည်း ကျပ် ၈၉၄၀၀၀ အထိ တက်လာတုန်းက ရောင်းလိုက်ကြတာ။ အဲဒီလိုတက်လာပြီးနောက်နေ့ကျတော့ ပြန်ကျသွားတယ်။ ဈေးကွက်ထဲမှာ တော်တော်လေးကို လှုပ်ခတ်သွားတယ်။ ဈေးပြန်ကျတော့မယ်ဆိုပြီး ထုတ်ရောင်းတဲ့သူတွေ တော်တော်လေးကိုများလာတယ်။ ကမ္ဘာ့ရွှေဈေးကလည်းကျလာတော့ ပြည်တွင်းမှာလည်း ဈေးကျလာမယ်လို့ အားလုံးက ထင်ကြတာပေ့ါ။ ဒါပေမယ့် နောက်ရက်ကျတော့ ကမ္ဘာ့ရွှေဈေးက မတက်ပေမယ့် ပြည်တွင်းကငွေလဲနှုန်းက မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးက မြင့်တက်လာခဲ့တာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။ ပြည်တွင်းရွှေဈေးများသည် စက်တင်ဘာ ၂၆ ရက်က ကျပ် ၈၈၆၀၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၂၇ ရက်တွင် ကျပ် ၈၉၄၀၀၀သို့မြင့်တက်ခဲ့သည်။ ထို့နောက် စက်တင်ဘာ ၂၈ ရက် တွင် ကျပ် ၈၈၄၀၀၀ သို့ကျဆင်းခဲ့သော်လည်း စက်တင်ဘာ ၃၀ ရက်တွင် ကျပ် ၈၉၃၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၂၆ ရက်တွင် ၁၃၃၈ ဒေါ်လာရှိခဲ့သော်လည်း စက်တင်ဘာ ၃၀ ရက်တွင် ၁၃၂၃ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## အစုရှယ်ယာဈေးနှုန်းများ ဈေးအတက်အကျအနည်းငယ်သာရှိ

ယခုတစ်ပတ်တွင် အစုရှယ်ယာဈေးနှုန်းများသည် ဈေးအတက်အကျအနည်းငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

FMI, MTSH တို့၏ရှယ်ယာဈေးနှုန်းများမှာ အတက်အကျ ကျပ် ၁၀၀၀ ခန့်သာရှိသော်လည်း MCB ၏ ရှယ်ယာဈေးနှုန်းမှာ နေ့စဉ်အတက်အကျ ကျပ်နှစ်ရာခန့်သာရှိကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရှယ်ယာဈေးနှုန်း အတက်အကျ အနည်းငယ်သာ ရှိသော်လည်းအရောင်းအဝယ်ဖြစ်မှုမှာ နေ့စဉ်လေးထောင်ကျော်မှ ကိုးထောင်ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အရောင်းအဝယ် အများဆုံးဖြစ်သည့်နေ့မှာ စက်တင်ဘာ ၂၉ ရက်က ရှယ်ယာပမာဏ ၉၀၃၃ စုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

MTSH ကုမ္ပဏီသည် စက်တင်ဘာ ၃၀ ရက်တွင် အစုရှယ်ယာများကို သာမန်အစုရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ပြောင်းလဲလိုက်သည့် ကြေညာစာတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26 - September | 19.52 | 2290.40 | 1644.16 | 4877.15 | 1043.00 |
| 27 - September | 19.48 | 2344.83 | 1686.05 | 4886.11 | 1044.00 |
| 28 - September | 18.98 | 2336.10 | 1665.89 | 4836.61 | 1020.00 |
| 29 -September | 19.17 | 2368.13 | 1679.55 | 4896.19 | 1031.00 |
| 30 -September | 19.10 | 2384.93 | 1673.95 | 4883.42 | 1027.00 |

Source:kitco.com

## Currency Exchange Rate

September 30, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.66 |
| I DR | Indonesia Rupiahs | 13007.65 |
| JPY | Japan Yen | 100.86 |
| MYR | Malaysia | 4.14 |
| PKR | Pakistan Rupees | 104.68 |
| PHP | Philippines Pesos | 48.42 |
| RUB | Russia Rubles | 63.26 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1100.97 |
| LKR | Sri Lanka Rupe | 146.83 |
| THB | Thailand Baht | 34.70 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22306.49 |

*Source : xe.com*

## World Gold Price

September, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1334 | 1335 | 1334 |
| 27 | 1334 | 1335 | 1336 |
| 28 | 1320 | 1322 | 1323 |
| 29 | 1319 | 1320 | 1321 |
| 30 | 1320 | 1322 | 1322 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26 -9- 2016 | 890.00 | 890.00 |
| 27 -9- 2016 | 890.50 | 889.90 |
| 28 -9-2016 | 885.50 | 884.70 |
| 29 -9- 2016 | 887.00 | 886.70 |
| 30 -9- 2016 | 893.00 | 892.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6 .67 | 34.65 | 78.43 | 66.77 |
| 27 | 6. 67 | 34.55 | 78.39 | 66.46 |
| 28 | 6 67 | 34.62 | 78.26 | 67.46 |
| 29 | 6 .67 | 34.64 | 78.50 | 66.57 |
| 30 | 6.67 | 34.70 | 78.35 | 66.66 |

## Energy NYMEX 30-9-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.25 | -0.58 | -1.21 |
| Brent Crude Futr (USD/bbl) | 48.61 | -0.63 | -1.28 |
| Gasoline Rbob Fut (Cent/gal) | 145.68 | -1.00 | -0.68 |
| Natural Gas Futr (USD/MMBtu) | 2.95 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 150.02 | -1.00 | -0.66 |

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် ၁၀၀၀၀ကျော်တင်သွင်း

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၅၅၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၅၅၀တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ SCG တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၂၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန်၄၃၂၀ ကျော်တင်သွင်းမှု ပိုခဲ့တယ်လို့သိရပါတယ်။ ၂၀၁၅ ခုနှစ် ကာလတူမှာ ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၇၁၉၀ ရှိခဲ့တာကြောင့် ယခု သီတင်းပတ်မှာ ဘိလပ်မြေတင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

### တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး

စက်တင်ဘာ ၁၈ ရက်မှ ၂၄ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၅၅၀ ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၂၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၃၂၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၂၉၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၉၀၇ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၅၅ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့်ရေလမ်းရောနယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများလာပေမယ့် အရောင်းအဝယ်က ပုံမှန်အတိုင်းသာရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အပါချီနဲ့ကြံ့က ယခင်တစ်ပတ်ဈေးထက် ၅၀၀ ကျပ် ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၆၀၀၀ ကျပ်၊ကြံ့ ၅၀၀၀ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ မြင်းခေါင်း ၄၀၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ ကျပ်၊ ကမ္ဘောဇ ၄၁၀၀ ကျပ်၊ နဂါး ၄၇၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ ဘိလပ်မြေက** အရောင်းအဝယ် ပုံမှန်ရှိသလို ယခင် တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၄၀၀ကျပ်၊ စိန် ၅၂၀၀ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၄၈၀၀ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း)၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန်ကိုးထောင်ကျော်ဝင်

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်းကန်ဒေါ်လာ ၅၂၉၇၄၆၀ တန်ဖိုးရှိ မြေသြဇာ ၉၃၄၄ ဒသမ ၆၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၁၂၆ ဒသမ ၄၅၆ တန်၊ ဂျာမနီမှ တန်၅၀၀၊ ကိုရီးယားမှ ၅၂၈ ဒသမ ၈ တန်၊ရုရှားမှ ၁၀၆၃ ဒသမ ၂၄ တန်၊ ထိုင်းနိုင်ငံမှ ၁၁၅၃ တန်၊ယူအေအီးမှ ၁၀၅၄ ဒသမ ၈၃တန်၊ အမေရိကန်မှ သုည ဒသမ ၁၈၅ တန်နဲ့ ဗီယက်နမ်မှ ၁၉၁၈ ဒသမ ၁၅၁တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ယူရီးယား၊ ဓာတ်ဆား၊ ဖလော်လာ နဲ့နိုက်တြိုဂျင်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၉၁၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မန္တလေးမှာ မြေသြဇာဈေးကွက်ပုံမှန်ထက် အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၉၃၄၄ တန်ကျော်အဝင်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်မှာ ၉၁၂၂ တန်ကျော် ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၂၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၉၀၃၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၃၅၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၆၈၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ရာသီချိန်ဖြစ်တာကြောင့် ယခင်တစ်ပတ်ထက် အရောင်း သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက ၈၀၀ ကျပ်၊ တီစူပါက ၃၀၀ ကျပ်ဈေးမြင့်ပြီး၊ ကွန်ပေါင်း ၁၀း၁၀း၅ အမျိုးအစားက ၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၈၁၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၀၀၀ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်)၁၈၄၀၀ကျပ်၊ မြားသီးစုံ ၁၄၂၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ၄၀၀ ကျပ်၊အာမို ၁၀း၁၀း၅ ၁၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၂၀၀ ကျပ်ဈေးကျလာပြီး သီးစုံ (ဝါစိမ်းပြာ) ၂၀၀ကျပ်၊အာမို ၁၆း၁၆း ၈၅၀၀ ကျပ်၊ မြားကမ္ဘာ (၁၅း၇း၈) ၅၀၀ ကျပ်၊ ဇာမဏီ ၂၀၀ ကျပ် အသီးသီးဈေးမြင့် လာပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၅၆၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၁၅၅၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၅၅၀၀ကျပ်၊ အာမို၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၀၀၀ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၈၅၀၀ ကျပ်၊ အာမို၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၈၀၀၀ ကျပ်၊ တီစူပါ ၁၉၀၀၀ ကျပ်၊ တောင်သူမ ၁၅၃၀၀ ကျပ်၊ မြားကမ္ဘာ(၁၅း၇း၈)၁၉၀၀၀ ကျပ်၊ ဇာမဏီ ၁၇၈၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးများနေပြီး အရောင်းအေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာလည်း မြေသြဇာဈေးမပြောင်းဘဲ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်)၁၈၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၈၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၄၀၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၄၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဈေးမပြောင်းဘဲ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၁၈၄၀၀ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်)၁၉၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၄၀၀ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၁၉၂၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၀၈၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅-တရုတ်) ၃၇၅၀၀ကျပ်၊ ကွန်ပေါင်း (၂၅း၇း၇) ၃၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့မှုန့်

### စင်ကာပူမှ နို့ဆီ/နို့မှုန့်ဝင်

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၀၃၅၉၆ တန်ဖိုးရှိ နို့ဆီ ၂၇၃ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်း နို့ဆီ တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန်၃၂၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၀ ကျော် တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ နို့မှုန့် ၁ ဒသမ ၇၅၃ တန်သာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့် တင်သွင်းမှုမှာ တန်ချိန် ၃၀၀ နီးပါးရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့်တင်သွင်းမှု တော်တော်လေး လျော့နည်းခဲ့တယ်လို့ ဆိုရပါမယ်။ ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ စင်ကာပူမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၉ မှ ၂၃/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၉ မှ ၁၆/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၈၈၇·၁၅ | ၁၆၅၉·၁၅ | (-) ၇၇၂·၀၀ |
| ၂။ | လွယ်ဂျယ် | ၄၅၀·၀၀ | ၇၂၀·၀၀ | (-) ၂၇၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၅·၀၀ | (-) ၁၅·၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၃၉၄·၀၀ | ၂၈၁၃·၀၀ | (-) ၄၁၉·၀၀ |
| ၅။ | တာချီလိတ် | ၅၇၀၀·၀၀ | ၁၀၀၀·၀၀ | (+) ၄၇၀၀·၀၀ |
| ၆။ | မြဝတီ | ၈၄၁·၇၀ | ၁၂၈၀·၆၀ | (-) ၄၃၈·၉၀ |
| ၇။ | ကော့သောင်း | ၂၅၁၅·၀၀ | ၁၃၄၅·၀၀ | (+) ၁၁၇၀·၀၀ |
| ၈။ | မြိတ် | ၁၇၅·၀၀ | ၃၀၇၅·၀၀ | (-) ၂၉၀၀·၀၀ |
| | စုစုပေါင်း | ၁၂၉၆၂·၈၅ | ၁၁၉၀၇·၇၅ | (+) ၁၀၅၅·၁၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၉ မှ ၂၃/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၉ မှ ၁၆/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၇၈၉၈၈·၀၅၀ | ၁၅၂၁၁·၅၀၀ | (+) ၆၃၇၇၆·၅၅၀ |
| ၂။ | လွယ်ဂျယ် | ၄၅၀·၅၀၀ | ၃၉၆·၀၀၀ | (+) ၅၄·၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၀၄၇·၇၅၀ | ၄၅၅၃·၀၀၀ | (+) ၂၄၉၄·၇၅ |
| ၄။ | ကန်ပိုက်တီး | ၆၀၀·၀၀ | - | (+) ၆၀၀·၀၀၀ |
| ၅။ | မြဝတီ | ၂၃၅၅·၄၀၀ | ၂၈၀၇·၀၀၂ | (-) ၄၅၁·၆၀၂ |
| ၆။ | ကော့သောင်း | - | ၁၄၀·၀၀၀ | (-) ၁၄၀·၀၀၀ |
| ၇။ | မြိတ် | ၅၀·၀၀၀ | ၅၀·၀၀၀ | - |
| ၈။ | ရိုဒ် | ၉၀၀·၀၀၀ | ၄၀၀·၀၀၀ | (+) ၅၀၀·၀၀၀ |
| | စုစုပေါင်း | ၉၀၃၉၁·၇၀၀ | ၂၃၅၅၇·၅၀၂ | (+) ၆၆၈၃၄·၁၉၈ |

ခင်မိုးသူ

## နှမ်း

### ချင်းရွှေဟော်ရော မြဝတီမှပါနှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀၁ သန်း တန်ဖိုးရှိ နှမ်းဖြူ ၆၀၆ တန်ကျော်နဲ့ နှမ်းနက် ၂၅၅၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၈၂၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ နှမ်း ၃၄၁ တန်ကျော်ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းညိုတင်ပို့မှု မရှိခဲ့ပါဘူး။ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၁ တန်ကျော် တင်ပို့ခဲ့တာမို့ မြဝတီမှလည်း ယခုတစ်ပတ်မှာ နှမ်းပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အတွင်း နှမ်းဖြူ တစ်တန်ဈေး ၈၀၃၆၇၀ ကျပ်၊ နှမ်းနက်တစ်တန်ဈေး ၂၃၆၃၃၀၃ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### အဝင်နည်းပြီးအဝယ်လိုက်လာသဖြင့် ပြည်နှမ်းဈေးကွက်ဈေးပြန်မြင့်လာ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ နှမ်းနီရောနှမ်းနက်ပါ အဝင်နည်းပြီး အဝယ်အနည်းငယ် လိုက်လာသဖြင့် ဈေးမြင့်ခဲ့ပါတယ်။ ပြည်မြို့အနီးတစ်ဝိုက်ကျေးရွာများနှင့် မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့လျှင် အိတ် ၄၀၀ ခန့်ဝင်ရောက်မှုရှိတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက ဈေးကွက်သို့ တစ်နေ့လျှင် နှမ်းအိတ် ၁၀၀၀ ခန့်အဝင်ရှိခဲ့သော်လည်း ယခုနှစ်တွင် သီးနှံအထွက် နည်းလာသဖြင့် တစ်နေ့လျှင် အိတ် ၄၀၀ ခန့်သာ အဝင်ရှိတာတွေ့ရပါတယ်။

ဈေးနှုန်းအနေဖြင့်လည်း ယခင်နှစ်ကလောက် ဈေးမမြင့်တာတွေ့ရပါတယ်။ မနှစ်ကနှမ်းနီတစ်တင်းလျှင် ၄၀၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ၄၇၀၀၀ ကျပ်နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ၇၃၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။ယခု တစ်ပတ်တွင် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၈၃၀၀ ကျပ်၊ ရိုးရိုး နှမ်းနက်တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နှင့်စမုံနက်နှမ်း တစ်တင်းလျှင် ၄၈၀၀၀ ကျပ်ဖြင့် မန္တလေးနှင့် ရန်ကုန်ဘက်မှ နှမ်းနက်အဝယ်ရှိပြီး နှမ်းနီကို ပြည်ဆီစက်များက အဝယ်ရှိနေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ပို့ကုန်အားနည်း ကျဆင်းမှုကြောင့် တစ်လအတွင်း စားအုန်းဆီဈေးနှုန်း တစ်ဟုန်ထိုး ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက စက်တင်ဘာ ၂၈ ရက်က ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။ အိန္ဒိယနိုင်ငံမှ ဝယ်လိုအား မြင့်တက်မှုကြောင့် ဈေးကွက်တိုးတက်မည့်အလားအလာများကို တွေ့ခဲ့ရသော်လည်း ပို့ကုန်အားနည်းကျဆင်းမှုနှင့် ပြိုင်ဖက်သီးနှံများဖြစ်သော ပဲပုပ်ဆီဈေးများ ကျဆင်းမှုကြောင့်ဈေးကွက် အလားအလာအပေါ် ဂယက်ရိုက်ခတ်မှုကြောင့် ယခုကဲ့သို့ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange)တွင် ဒီဇင်ဘာအတွက် ကြိုရောင်းဈေးက တစ်ရက်အတွင်း အနိမ့်ဆုံးဈေးအဖြစ် တစ်တန်ကို ၂၅၉၆ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပြီးနောက် စက်တင်ဘာ ၂၈ ရက် ဈေးပိတ်ချိန်မှာ တစ်တန်ကို ၂၆၀၅ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၆၃၀) နှုန်းအထိ ရောက်ရှိကာ ၂ဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စားအုန်းဆီဈေးသည် စက်တင်ဘာ ၂၈ ရက်တွင် ရက်သတ္တခြောက်ပတ်အတွင်း နေ့စဉ်ကျဆင်းမှု အမြင့်ဆုံးဖြစ်ခဲ့ပြီး ဒုတိယမြောက်နေ့အဖြစ် ဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်သည်။

စားအုန်းဆီ ရောင်းချမှုပမာဏသည် စက်တင်ဘာ ၂၈ ရက်တွင် ၂၅ တန်ရှိ အတွဲ ၇၂၉၀၃ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်က နေ့စဉ်ပျမ်းမျှရောင်းချခဲ့ရသော အတွဲ ၄၄၆၀၀ ထက် ပိုမိုခဲ့သည်ကို တွေ့ရသည်။

ကမ္ဘာ့ဟင်းရွက်ဆီ ဈေးကွက်တွင် စားအုန်းဆီနှင့် ဈေးကွက်ယှဉ်ပြိုင်နေသော ပဲပုပ်ဆီဈေးကလည်း စားအုန်းဆီဈေး အတက်အကျအပေါ် ဩဇာသက်ရောက်မှုရှိသည်။ အမေ ရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့တွင် ဒီဇင်ဘာအတွက် ပဲပုပ်ဆီဈေးက ၁ ဒသမ ၅ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက် ကြိုရောင်းဈေးက ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စားအုန်းဆီကြမ်းနှင့် သန့်စင်ပြီး ဟင်းရွက်ဆီ တင်သွင်းခွန်တို့ကို ငါးရာခိုင်နှုန်းလျှော့ချပြီး ၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးသတ်မှတ်ကြောင်း အိန္ဒိယ နိုင်ငံက စက် တင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့သည်။ ဤကြေညာချက်ကြောင့် စားအုန်းဆီ ဝယ်လိုအား မြင့်တက်လာနိုင်ကြောင်း ဝယ်ယူရေး တာဝန်ခံများက ပြောသည်။

သို့သော်လည်း စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း စားအုန်းဆီတင်ပို့မှုကို ဩဂုတ်လ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းများအရ သိရသည်။ ပို့ကုန်အတွက် စိုးရိမ်မှုများ တည်ရှိနေသေးကြောင်းနှင့် ဝယ်လိုအားထပ်မံတိုးတက်လာမည်ကို ဈေးကွက်က စောင့်မျှော်နေကြောင်း ကွာလာလမ်ပူမှ ရောင်းဝယ်ရေး တာဝန်ခံတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ၏ အခွန်ကောက်ခံမှု ပြင်ဆင်ချက်ကြောင့် ဝယ်လိုအား မြင့်တက်လာနိုင်သော်လည်း လောလောဆယ် အကျိုးသက်ရောက်မှုမရှိသေးကြောင်းနှင့် ပဲပုပ်ဆီဈေး ကျဆင်းမှုနှင့် ပို့ကုန်ကျဆင်းမှုတို့က ဈေးနှုန်းများကို ဆွဲချလျက်ရှိကြောင်း အခြားရောင်းဝယ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် အပူချိန်ကျဆင်းမှုကြောင့် စားအုန်းဆီကို ခဲစေနိုင်သဖြင့် စားအုန်းဆီကို ဝယ်ယူသူ ကျဆင်းသည့်အတွက် ကမ္ဘာ့ထိပ်တန်း စားအုန်းဆီ စားသုံးသည့် နိုင်ငံများ ဖြစ်သော တရုတ်နှင့် အိန္ဒိယတို့မှ ဝယ်လိုအား ကျဆင်းမည့် အလားအလာရှိသည်။ သို့ဖြစ်ရာ စားအုန်းဆီ ဝယ်လိုအားသည် ယခုနှစ်ကုန်အထိ ဆက်လက် ကျဆင်းနေဦးမည်ဖြစ်သည်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၉-၂၀၁၆) *ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၅၀ | △ |
| ရန်ကုန် | ၄၉၀၀ | ၄၉၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၁၀ | ၁၈၀၅ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၂၈၀၀ | ၃၀၀၀ | △ | ၁၉၂၀ | ၁၈၆၀ | ▽ |
| ပဲခူး | ၄၁၀၀ | ၄၁၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၇၀ | △ |
| မကွေး | ၄၃၀၀ | ၃၈၀၀ | ▽ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၃၀၀ | ▽ | ၂၉၀၀ | ၃၀၀၀ | △ | ၁၉၃၀ | ၁၉၁၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၉-၂၀၁၆ **US$/Ton**

| အမျိုးအစား | စက်တင်ဘာတတိယပတ် | စက်တင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၂၅.၅၀ | ၇၂၄.၅၀ | ▽ |
| **RBD P.Olein** | ၇၁၄.၅၀ | ၇၃၉.၅၀ | △ |
| **RBD P.Strarin** | ၆၈၈.၀၀ | ၇၀၆.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀- ၉ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၅၈.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၉၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၇၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၅.၃၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၃.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၁၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၀၉.၇၄၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၉-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၆၀ ဒေါ်လာနှင့် USD ဈေး ၁၂၅၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃၀-၉-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၅၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်-အိန္ဒိယ ကုန်သွယ်ရေးဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ဒုတိယအကြိမ် ဆွေးနွေးပွဲကျင်းပ

အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ကုန်သွယ်ရေးဆက်ဆံမှု တိုးမြှင့်ရန် ရည်ရွယ်လျက် ဒုတိယအကြိမ် အမေရိကန်-အိန္ဒိယမဟာ ဗျူဟာနှင့် ကုန်သွယ်ရေးဆက်ဆံမှု တိုးမြှင့်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယခု နှစ် ဩဂုတ် ၃၀ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲ သို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အမေရိကန်ကုန်သွယ်ရေး ဝန်ကြီး ပယ်နီပရစ်ဇာတို့ တက်ရောက်ခဲ့ကြပါသည်။ ယင်းသို့ရောက်ရှိစဉ်အတွင်း အဆိုပါဆွေးနွေးပွဲ၏ နောက် ဆက်တွဲအစီအစဉ်ဖြစ်သည့် အမေရိကန်-အိန္ဒိယ အမှုဆောင် အရာရှိများ ဖိုရမ်သို့ အမေရိကန် ကုန်သွယ်ရေးဝန်ကြီး ပယ်နီပရစ်ဇာ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ အမှုဆောင် အရာရှိချုပ်များနှင့် တွေ့ဆုံခဲ့ကြကြောင်း သိရှိရပါသည်။

အစိုးရ၏ မူဝါဒရည်မှန်းချက်များ ရေးဆွဲရာတွင် ဦးစားပေးစဉ်းစားရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ အစိုးရများသည် စီအီးအိုဖိုရမ်မှ ပုဂ္ဂလိက ကဏ္ဍ၏ အကြံပြုချက်များအား ထည့်သွင်းစဉ်းစားရန်နှင့် အခြေခံ အဆောက်အအုံနှင့်စွမ်းအင်လုပ်ငန်း စီမံကိန်းများတွင် ငွေကြေးထောက်ပံ့ပေးခြင်း၊ အိန္ဒိယနိုင်ငံတွင် Smart Cities များ အကောင်အထည်ဖော်ခြင်း၊ ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံ တိုးမြှင့်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိမှု တိုးမြှင့်ခြင်း၊ အသေးစားလုပ်ငန်းများ၊ ဆန်းသစ်တီ ထွင်မှုများနှင့် စွန့်ဦးတီထွင်သူများအား ပံ့ပိုးပေးခြင်းစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရ၏ မူဝါဒရေးဆွဲရေး လုပ်ငန်းစဉ်တွင် ပုဂ္ဂလိကကဏ္ဍ အကြံပြုချက်များအား ပါဝင်အောင်ပေါင်းစည်းပေးရန် သဘောတူခဲ့ကြကြောင်း သိရှိရပါသည်။

အမေရိကန် ကုန်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် စီအီးအိုဖိုရမ်မှ ရရှိသောရလဒ်များကို အမေရိကန်-အိန္ဒိယ ကုန်သွယ်ရေး ဆက်ဆံမှုတိုးမြှင့်ရေး ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိမှု တိုးမြှင့်ခြင်း၊ Smart Cities များနှင့် အခြေခံ အဆောက်အအုံ တိုးတက်ဖြစ်ပေါ်မှု၊ ဆန်းသစ်တီထွင်မှုများနှင့် စံချိန်စံညွှန်း လိုက်လျောညီထွေ ဖြစ်စေမှုတို့ကို အလေးထားကြောင်းကိုလည်း ဖော်ပြထားပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်ပြည်ထောင်စု၏ အတိုးနှုန်းမြှင့်တင်မှုကို စောင့်ကြည့် သတိထားရန် လိုအပ်ကြောင်း ဟောင်ကောင် ဘဏ္ဍာရေး အတွင်းဝန် သတိပေး

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်မှ အတိုးနှုန်း မပြောင်းလဲဘဲ ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့သော်လည်း အတိုးနှုန်းမြှင့်တက်ရန် အလားအလာရှိနေသေးသဖြင့် စောင့်ကြည့်သတိထားရန် လိုအပ်ကြောင်း ဟောင်ကောင် ဘဏ္ဍာရေးအတွင်းဝန် John Tsang Chun-wah က သတိပေး တိုက်တွန်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ အလုပ်လက်မဲ့နှုန်း မှာ ဩဂုတ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ထပ်မံကျဆင်းခဲ့သဖြင့် လုပ်သားဈေးကွက်တိုးတက်မှုနှင့် လုပ်ခတိုးတက်မှုနှုန်း ဆက်လက် ထိန်းသိမ်းနိုင်မှုကြောင့် စားသုံးမှုလည်း တိုးမြှင့်လာနိုင်ကြောင်း အကြံပြုပြောကြားခဲ့သည်။

၎င်းအချက်များသည် အတိုးနှုန်းမြှင့်တက်မှုအတွက် တွန်းအားနှင့် ငွေကြေးဖောင်းပွမှုကို ဦးတည်နိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများအား အတိုးနှုန်းမြှင့်တက်မှုမှတစ်ဆင့် ဖြစ်ပေါ်နိုင်သော ဈေးကွက်ကျဆင်းမှုနှင့် ကျရောက်နိုင်သော အန္တရာယ်များအတွက် သတိပြု စောင့်ကြည့်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအပြင် ပရဟိတလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း ပြောကြားခဲ့သည်။ ချို့တဲ့သည့် လူမှုအသိုင်းအဝိုင်းများသို့ တစ်ဦးတစ်ယောက်ချင်းလှူဒါန်းမှု၊ ထောက်ပံ့မှုမှတစ်ဆင့် လုပ်ငန်းများ၏ လူမှုရေးတာဝန်ဆောင်ရွက်မှုပုံစံမှာ ခေတ်ကုန်သွားပြီဖြစ်ကြောင်းနှင့် တိုးပွားလာသော ရှုပ်ထွေးသည့် လူမှုရေးပြဿနာများအား ကူညီဖြေရှင်းမပေးနိုင်ကြောင်း၊ အနာဂတ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မည့် နည်းဗျူဟာများအား မျှဝေပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ၏ တည်ရှိပြီး လုပ်ငန်းလည်ပတ်ခြင်းမှ လူ့အဖွဲ့အစည်း ပိုမိုကောင်းမွန်စေရန် ဖန်တီးနိုင်ကြောင်း ပြောကြားခဲ့သည်။

ဥပမာအားဖြင့် ဓာတုဗေဒလုပ်ငန်းများမှ အသုံးပြုသော ကြာရှည်ခံပစ္စည်းနှင့် ထုတ်လုပ်မှု ပစ္စည်းများမှ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုကို ကူညီပေးနိုင်ပြီး၊ စားသောက်ကုန်လုပ်ငန်း ထုတ်လုပ်သူများမှ အာဟာရပြည့်ဝမှုရှိသော ထုတ်ကုန်ပုံစံသို့ ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် ပိုမိုကောင်းမွန်ကျန်းမာသော စားသုံးမှု အလေ့အကျင့်ကို ဦးတည်နိုင်ကြောင်း၊ ရေရှည်တွင် ဆေးဝါးကုသမှု စရိတ်လျှော့ချနိုင်ကြောင်း ပြောကြားခဲ့သည်။

ဤကဲ့သို့ လူမှုရေးဝန်ဆောင်မှုလုပ်ငန်း တိုးမြှင့်ဆောင် ရွက်မှုများအား အစိုးရ၏ ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ သော လူမှုရေးဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးစွမ်းဆောင် ရည်ပြည့်ဝမှု ဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေရှိနေသည့်အတွက် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံတွင် စိုက်ပျိုးမြေ ရိုင် ၂၆ သန်းကို သီးနှံအာမခံထားရှိ

ထိုင်းနိုင်ငံ၏ ၂၀၁၆-၁၇ စိုက်ပျိုးရာသီတွင် စပါးစိုက် ရိုင် ၂၆ သန်း (၁ ရိုင် = ၀. ၃၉၅ ဧက) ကို သီးနှံအာမခံထားရှိပြီးဖြစ်ပါသည်။ နိုင်ငံ၏ တောင်ပိုင်းခရိုင်များအတွက် သီးနှံအာမခံကို ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ထားရှိနိုင်သဖြင့် သီးနှံအာမခံထားရှိသည့် စိုက်ပျိုးမြေဧကများ တိုးလာမည်ဟု ဖော်ပြထားပါသည်။

ထိုင်းအစိုးရအနေဖြင့် ယခုနှစ်ရိတ်သိမ်းရာသီတွင် စိုက်ပျိုးမြေရိုင်သန်း ၃၀ ခန့်ကို သီးနှံအာမခံထားရှိမည်ဟု မျှော်မှန်းထားသည်။ ယခုအချိန်တွင် ဆန်စပါးကဲ့သို့ အရေးကြီးသီးနှံများကိုသာ သီးနှံအာမခံထားရှိနိုင်သော်လည်း တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ စိုက်ပျိုးသီးနှံများအကြောင်းအမျိုးမျိုးကြောင့် ပျက်စီးမှုများမှ ကာကွယ်ရေးကို အလေးထားလာစေရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်မှစတင်၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြစ်ပြီး တောင်သူများ၏ ဆန္ဒနှင့်အညီ သီးနှံအာမခံကို ထားရှိနိုင်ကြောင်းသိရသည်။ ထိုင်းနိုင်ငံ၏ စုစုပေါင်းစပါးစိုက်ရိုင် ၅၈ ဒသမ ၇ သန်းရှိရာ တောင်သူ ၁ ဒသမ ၅ သန်းသည် စိုက်ပျိုးမြေရိုင် ၂၆ သန်းအတွက် သီးနှံအာမခံထားရှိကြပြီး ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဆီးနှင်းများကျခြင်း၊ လောင်မီးပိုးကျခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများဆုံးရှုံးပါက တစ်ရိုင်လျှင် ၁၁၁၁ ဘတ်နှင့် ရောဂါပိုးမွှားများကြောင့် ဆုံးရှုံးခဲ့ပါက တစ်ရိုင်လျှင် ၅၅၅ ဘတ်ကိုရရှိမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် သီးနှံအာမခံလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ကောက်ပဲသီးနှံ အာမခံဥပဒေတစ်ခု ပေါ်ထွန်းလာရန်နှင့် အမျိုးသားသီးနှံအာမခံမူဝါဒကို ချမှတ်၍ စနစ်တကျ အကောင်အထည် ဖော်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အာရှ-ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်သည့်နိုင်ငံများအား အခွန်သက်သာခွင့်ပိုမိုခွင့်ပြုပေးရန် အိန္ဒိယဝန်ကြီးအဖွဲ့က အတည်ပြု

အာရှ-ပစိဖိတ်ကုန်သွယ်ရေး သဘောတူညီချက် (APTA-Asia Pacific Trade Agreement) တွင် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ တောင်ကိုရီးယားနှင့်သီရိလင်္ကာနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားရာ အိန္ဒိယအစိုးရအနေဖြင့် အဆိုပါအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာ၌ အခွန်နှုန်းထား ပိုမိုလျှော့ချပေးနိုင်ရန် စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်သည့် ဝန်ကြီးအဖွဲ့အစည်းအဝေးက ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခင်ကအခွန်သက်သာခွင့်ပြုထားသည့် ကုန်စည်အရေအတွက် ကုန်စည်လိုင်းပေါင်း ၅၇၀ ရှိရာမှ ယခုအခါ ၃၁၄၂ လိုင်းအထိ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ထို့ပြင် Margin of preference (MoP) နှုန်းထားကိုလည်း ယခင် ၂၃ ဒသမ ၉ ရာခိုင်နှုန်းမှ ယခုအခါ ၃၃ ဒသမ ၄၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ ထုတ်ကုန်များအပေါ်တွင် ပေးရမည့် အခွန်နှုန်းထားများလည်း လျော့ကျသွားမည်ဖြစ်သည်။ APTA ၏သတ္တမနိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် မွန်ဂိုးလီးယားနိုင်ငံ ပါဝင်လာရေးအတွက် APTA ၏ မူလသတ်မှတ်ချက်များအား ပြင်ဆင်ရန်အတွက်လည်း ခွင့်ပြုခဲ့သည်။ အစောပိုင်းတွင်ဗန်ကောက် သဘောတူညီချက်ဟု အမည်တွင်သည့် APTA သည် ကမ္ဘာ့အလျင်အမြန် ဆုံးတိုးတက်နေသည့် ဈေးကွက်ကြီးနှစ်ခုဖြစ်သည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့အကြား ချိတ်ဆက်အသုံးပြုသည့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုသာဖြစ်သော်လည်း ယခုအခါအဆိုပါနိုင်ငံနှစ်နိုင်ငံသည် အခြားနိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership - RCEP) ကို သီးခြားဆွေး နွေးလျက်ရှိသည်ဟု ဆိုသည်။ APTA ၏ စတုတ္ထအကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကိုလည်း မကြာမီကျင်းပမည်ဖြစ်ပြီး၊ အဆိုပါအစည်းအဝေး၌ ယခုဆုံးဖြတ်ချက်များအားလုံးကို တရားဝင်အတည်ပြုအကောင် အထည် ဖော်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃–၁၀–၂၀၁၆)

မြင့်ဆွေ

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ ကုလားပဲဖြူတို့ ဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ ကုလားပဲတို့ ယခင်တစ်ပတ်ကထက်ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကိုကျပ် ၂၂၁၀ မှ ယခုတစ်ပတ်မှာ ၂၂၇၅ ကျပ်(တစ်တန် ၁၃၉၃၈၁၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၁၇၅၀နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄၁ ကျပ်) အထိဈေးတက်လာပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၇၅ ကျပ်နဲ့ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ် ပိဿာ ၁၁၇၅ ကျပ်(တစ်တန် ၇၁၉၅၅၈ ကျပ်)အထိ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၀၀ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၅၀ ကျပ်(တစ်တန် ၁၃၁၆၆၃၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲမျိုးစုံတစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ပြောင်းဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပါတယ်။ ပြောင်းဈေးမှာ အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ကအတိုင်း ၅၀ ကီလိုပြောင်းတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ်(တစ်တန် ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ်)နဲ့ ယခုတစ်ပတ်မှာဆက်လက်ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တစ်ဖက်နိုင်ငံသို့ ပြောင်းတန်ချိန် တစ်သောင်းရှစ်ထောင်ခန့် ရောင်းချခဲ့ရတာကြောင့် ယခင်တစ်ပတ်ထက်ပိုမိုရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အစေ့ထုတ်ပြောင်းဈေးက ယခင်တစ်ပတ်ဈေးနဲ့ ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၂၁၇၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၀၅ ကျပ်(တစ်တန် ၁၃၅၀၃၂၀ ကျပ်)အထိ ဈေးတက်ခဲ့ပြီး တစ်နေ့ကိုအိတ် ၇၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်း ဈေးကွက်မှာ အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ် ဈေးအတိုင်း တစ်ပိဿာ ၃၅၀ ကျပ်(တစ်တန် ၂၁၄၃၃၇ ကျပ်)နဲ့ ဆက်လက်ရောင်းချနေပြီး တစ်နေ့ကိုအိတ် ၁၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ်လားရှိုးပြောင်းဈေးကွက်မှာ ပြောင်းဈေးတက်လာပါတယ်။ ယခင်တစ်ပတ်ကတစ်ပိဿာ ၃၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြောင်းဈေးဟာယခုတစ်ပတ်မှာတစ်ပိဿာ ကျပ်၄၀၀(တစ်တန် ၂၄၄၉၅၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပိဿာချိန် ၄၄၀,၀၀၀ ခန့်ရောင်းချရသဖြင့် ယခင်တစ်ပတ်ထက်ပိုမိုရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် တောင်ကြီးပြောင်းဈေးကွက်မှာ ယခင်တစ်ပတ် ပြောင်းတစ်ပိဿာ ၃၅၀ ကျပ်(တစ်တန် ၂၁၄၃၃၇ ကျပ်) နဲ့ ယခုတစ်ပတ်မှာဆက်လက် ရောင်းချနေပြီး တစ်ပတ်အတွင်း ပိဿာချိန် ၁၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာပဲစင်းငုံနီနဲ့ မတ်ပဲ SQ /RC တို့ဈေးတက်ပြီး မတ်ပဲ FAQ/RC ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၁၁၈၀၀၀ နဲ့ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ ကျပ် ၁၁၃၀၀၀၀ အထိ ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်ကမတ်ပဲ SQ /RC တစ်တန်ကိုကျပ် ၁၄၅၀၀၀၀ နဲ့ ရောင်းချခဲ့ပြီး၊ ယခုတစ်ပတ်မှာ ကျပ် ၁၄၅၃၀၀၀ အထိဈေးအနည်းငယ်တက်ခဲ့ပါတယ်။ မတ်ပဲ FAQ /RC က ယခင်တစ်ပတ်ကတစ်တန်ကို ကျပ် ၁၄၂၀၀၀၀ မှ ယခု တစ်ပတ်မှာ ကျပ် ၁၃၉၃၀၀၀ နဲ့ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ပဲသစ်များ မထွက်သေးတာကြောင့် မြန်မာနိုင်ငံမှ ပဲများကိုဆက်လက် ဝယ်ယူနေရတယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်

ယခုတစ်ပတ် ရေစကြိုပဲဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၈၀၀ ပေါက်ခဲ့တဲ့ ပဲဇီးကွက်က ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၁၀ (တစ်တန် ၄၉၆၀၃၆ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၆၀၀ ကျော်ရောင်းချခဲ့ရပါတယ်။ ယခုတစ်ပတ်မှဝင်လာတဲ့ ထောပတ်ပဲက တစ်ပိဿာကျပ် ၅၈၀ (တစ်တန် ၃၅၅၁၈၀ ကျပ်)နဲ့ဈေးဖွင့်ခဲ့ရာ တစ်ပတ်အတွင်းအိတ် ၄၅၀ ခန့် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူတို့ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၃၂၅ ကျပ်ဈေးမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ၈၂၆၇၂၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီဈေးမှာ ယခင်တစ်ပတ်ကတစ်ပိဿာ ၁၇၇၅ ကျပ်ဈေးမှ ယခုတစ်ပတ် ၁၈၀၅ ကျပ်(တစ်တန် ၁၁၀၅၃၆၄ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူ တစ်ပိဿာ ၂၀၆၅ ကျပ်ဈေးမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၃၅ ကျပ်(တစ်တန် ၁၃၆၈၆၉၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲ (929) ဈေးကွက်သို့ ဝင်လာပြီး တစ်ပိဿာကျပ် ၂၀၉၀ (တစ်တန် ၁၂၇၉၈၉၅ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ တစ်ပတ်အတွင်း ပဲမျိုးစုံအိတ် ၄၀၀ ခန့် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနီ၊ ပဲစင်းငုံနီနဲ့ ကုလားပဲတို့ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနီ၊ ပဲစင်းငုံနီနဲ့ ကုလားပဲတို့ဈေးတက်ပြီး ပဲတီစိမ်းက ဈေးငြိမ်နေပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာကျပ် ၂၁၁၀ မှ ယခုတစ်ပတ်မှာ ၂၁၃၅ ကျပ်အထိဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းညိုတစ်ပိဿာ ၁၃၃၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၄၅ ကျပ်အထိဈေးတက်ခဲ့ပြီး နှမ်းနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၈၉၀ မှ ယခု တစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၂၀ အထိဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ကျပ် ၃၁၈၀ နဲ့ ရောင်းချခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ၃၁၅၅ ကျပ်နဲ့ ဈေးအနည်းငယ်ကျလာပါတယ်။ တစ်နေ့ကိုနှမ်းမျိုးစုံအိတ် ၁၃၀၀၀ ကျော်ရောင်းချခဲ့ရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ် ပိဿာကျပ် ၁၇၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၈၅၀ (တစ်တန် ၁၁၃၂၉၂၂ ကျပ်)နဲ့ တစ်ပတ်အတွင်းအိတ် ၁၂၀၀ ကျော်ရောင်းချခဲ့ရပါတယ်။ ကုလားပဲကတော့ ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၀၅ ကျပ်မှ ယခုတစ်ပတ်မှာတစ်ပိဿာ ကျပ် ၂၁၄၀(တစ်တန် ၁၃၁၀၅၁၅ ကျပ်)နဲ့ တစ်ပတ်အတွင်းအိတ် ၁၈၀၀ ကျော်ရောင်းချခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်က ယခင်တစ်ပတ်ဈေးတစ်ပိဿာ၁၁၀၅ ကျပ် (တစ်တန် ၆၇၆၆၉၁ကျပ်) နဲ့ ဆက်လက်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းနီနဲ့ နှမ်းနက်ရိုးရိုးတို့ ဈေးတက်၊ သိပ္ပံနှမ်းဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းနီနဲ့နှမ်းနက်ရိုးရိုးတို့ဈေးတက်ပြီး သိပ္ပံနှမ်းကဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာကျပ်၁၇၈၀မှ ယခုတစ်ပတ်တစ်ပိဿာ ၁၈၉၉ ကျပ်အထိ ဈေးတက်ပြီး နှမ်းနက်ရိုးရိုးကလည်း ယခင်တစ်ပတ်ကတစ်ပိဿာ ကျပ် ၂၅၁၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၅ ကျပ်နဲ့တက်ဈေးရပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိဿာကျပ် ၃၂၉၀ မှ ယခုတစ်ပတ်မှာ ၃၁၇၈ ကျပ်အထိဈေးကျခဲ့ပါတယ်။ နှမ်းမျိုးစုံ တစ်နေ့ကိုအိတ် ၈၀၀ ခန့်ရောင်းချခဲ့ရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ပိဿာ ၁၁၂၅ ကျပ်မှ ယခုတစ်ပတ်ဈေးတစ်ပိဿာ ၁၁၇၅ ကျပ်(တစ်တန် ၇၁၉၅၅၈ ကျပ်)သို့ ဈေးမြင့်တက်ခဲ့ပါတယ်။ ယခုတစ်ပတ်မှ ဈေးကွက်သို့ ဝင်ရောက်လာတဲ့ ပဲစင်းငုံနီက တစ်ပိဿာကျပ် ၁၈၅၀ (တစ်တန် ၁၁၃၂၉၂၂ ကျပ်)နဲ့ရောင်းခဲ့ပြီး၊ ကုလားပဲဟော်လန်ကလည်း တစ်ပိဿာကျပ် ၂၁၀၀(တစ်တန် ၁၂၈၆၀၁၉ ကျပ်)နဲ့ အသီးသီး ဈေးကွက်ဝင်လာတယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်၊ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မန္တလေးပဲဈေးကွက်မှာ အိန္ဒိယကိုတင်ပို့နေရတဲ့ မတ်ပဲကဈေးတက်ခဲ့ပြီး ပဲတီစိမ်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကိုကျပ် ၂၂၅၀ မှ ယခုတစ်ပတ်မှာ ၂၄၁၇ ကျပ် (တစ်တန် ၁၄၈၀၁၄၆ ကျပ်) နဲ့ တက်ဈေးရပြီး၊ တစ်နေ့အိတ် ၅၀၀ ကျော်ရောင်းချခဲ့ရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၁၄၀၀ မှ ယခုတစ်ပတ်မှာ ၁၃၈၇ ကျပ်(တစ်တန် ၈၄၉၃၈၅ ကျပ်)အထိ ဈေးကျပြီး တစ်နေ့ကိုအိတ် ၈၀၀ ကျော်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာကုလားပဲဖြူနဲ့ ပဲစင်းငုံနီတို့ ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပြည်တွင်းလိုအပ်ချက်ရှိနေသလို အိန္ဒိယကိုလည်း တင်ပို့နေရတာကြောင့် ကုလားပဲဖြူ(လုံးကြီး)နဲ့ ပဲစင်းငုံနီတို့ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာ ၂၁၄၇ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၉၅ ကျပ်(တစ်တန် ၁၃၄၄၁၉၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၇၅၀ မှ ယခုတစ်ပတ်မှာကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄၁ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးက ယခင်တစ်ပတ်ကဈေးအတိုင်း တစ်ပိဿာ ၁၂၈၉ ကျပ်(တစ်တန် ၇၈၉၆၆၀ ကျပ်)နဲ့ ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ ဈေးကွက်သို့ အထွက်တိုးမတ်ပဲ ဝင်လာပြီး တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ရောင်းချခဲ့တယ်လို့ သိရပါတယ်။

# အလက (၁) လမ်းမတော် မြမာလာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိသူများ၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၇ ရက်က လမ်းမတော်မြို့နယ်၊ အမှတ် (၁)အခြေခံပညာ အလယ်တန်းကျောင်း၊ မြမာလာခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် လမ်းမတော်မြို့နယ် ပညာရေးမှူး ဒေါ်သိဂီမွန်က အဖွင့်အမှာစကား ပြောကြား ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်က စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဌာနမှ လုပ်ဆောင်ပေးနေမှုများ၊ စားသုံးသူများမှ သတိပြုဝယ်ယူသုံးစွဲရမည့် အချက်များ၊ အလုကုန်နှင့် ပတ်သက်၍ သိရှိ လိုက်နာရမည့် အချက်များ၊ အန္တရာယ်ကင်းသော အစားအစာ ဖြစ်စေရန်အတွက် အဓိက ဆောင်ရွက်ရမည့် အချက်များ၊ သက်တမ်း လွန်နေသော အစားအသောက်၊ အသုံးအဆောင်များကို မသုံးစွဲရန်တို့ကို ဟောပြောဆွေးနွေးပြီး လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန်းသန်းချစ်က အစားအစာများ ဝယ်ယူ စားသုံးရာတွင် လည်းကောင်း၊ ချက်ပြုတ် စားသောက်ရာတွင်လည်းကောင်း လိုက်နာရမည့် အချက်များကို ဟောပြော ခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကျောင်းသား၊ ကျောင်းသူများအား ယခုဟောပြောပွဲတွင် ဟောပြောသော မှတ်သားစရာများအား သေချာစွာ မှတ်သားရန်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံနှင့် စားသုံးသူ၏ အခွင့်အရေးနှင့် အခွင့်အရေးများကို ရယူနိုင်မည့် နည်းလမ်းများ၊ စားသုံးသူ၏ တာဝန်နှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ် ဖွဲ့စည်းထားရှိမှု၊ အစားအစာများ ဝယ်ယူစားသုံးရာတွင် အသိသတိနှင့်ယှဉ်ပြီး ဝယ်ယူစားသောက် သုံးစွဲရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ သိသင့်သိထိုက်သည် များအား မှတ်သား လိုက်နာစေရန် နမူနာပစ္စည်းများပြ၍ ဟောပြော ဆွေးနွေးခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဝန်ထမ်းများ၊ လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဆရာဝန်၊ ဆရာမများ၊ လမ်းမတော်မြို့နယ် ပညာရေးမှူး၊ မြို့နယ် ဒုတိယ အထွေထွေ အုပ်ချုပ်ရေးမှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ အ. လ. က (၁) လမ်းမတော်မှ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာမများ၊ အ. ထ. က (၁)လမ်းမတော်၊ အ. ထ. က (၂) လမ်းမတော်၊ အ. လ. က (၁) လမ်းမတော် ကျောင်းတို့မှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၀ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ စက်တင်ဘာလ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှု အောက်ရှိ အနောက်ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၅နေရာ၊ မြောက်ပိုင်းခရိုင်တွင် ခုနစ်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးစိုးဦး (စားသုံးသူ-ရန်ကုန်)**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်တွင် ဆန်စပါး အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ လေးဆူ ကျေးရွာတွင် ဆန်စပါးအရည်သွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ပါတယ်။

ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်မြင့်က အထွက်နှုန်းကောင်းပြီး အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ရန်မှာ မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးရန် အဓိကလိုအပ်၍ မျိုးရိုးဗီဇသန့်ရန်နဲ့ စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုးစေ့ထောက်ခံချက်ရထားတဲ့ စိုက်ပျိုးရေးမျိုးသန့်ခြံမှ စပါးများကို စိုက်ပျိုးစေလိုကြောင်း၊ အရည်အသွေးကောင်းမှ ဈေးကောင်းရမှာဖြစ်ပြီး သုံးနှစ်တစ်ကြိမ် မျိုးပြောင်းလဲစိုက်ပျိုးရန်၊ ထယ်ရေးနက်နက်ထွန်ရန်နဲ့ စပါးသက်တမ်းအလိုက် သဘာဝ မြေဩဇာ၊ ဓာတ်မြေဩဇာများနဲ့ ပိုးသတ်ဆေးများအား စနစ်တကျသုံးစွဲရန် ပိုးသတ် ဆေးများ မလိုအပ်ဘဲ သုံးစွဲလျှင် မိတ်ဆွေပိုးများပါ သေဆုံးမှုရှိပြီး စပါးစိုက်ပျိုးရာတွင် ထိခိုက်မှုများရှိမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့လည်း အကူအညီတောင်းခံနိုင်ကြောင်းနဲ့ စိုက်ပျိုးရေး အသိပညာ များကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေး ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက စပါးများရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်နည်းပါးစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းရန် အချိန်မီ အမိုးအကာအောက်ရောက်ရှိရေးနဲ့ ရိတ်သိမ်းပြီး စပါးများအား လယ်ကန်သင်းတွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်းမပြုလုပ်ရန် စပါးအရည်အသွေးကျဆင်းပြီး ဆန်ဝါပေါက်ခြင်း၊ အကျိုးအကြေများခြင်းတို့ကြောင့် ဈေးကွက်ထိခိုက်မှာဖြစ်ကြောင်း၊ နိုင်ငံတကာ ဈေးကွက်တွင် မိမိတို့ဆန်များ ယှဉ်ပြိုင်ရောင်းချရာတွင် အရည်အသွေးကောင်းဖို့ လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ဓာတ်ခွဲစမ်းသပ်မှာဖြစ်ပြီး၊ ဓာတ်ကြွင်းများ၊ အာဆင်းနစ်များ မလိုအပ်ဘဲများနေလျှင် ဆန်စပါးဈေးကွက်ရေရှည်မှာ ထိခိုက်နိုင်ကြောင်း၊ မြန်မာ့ဆန်ကို နိုင်ငံတကာသို့ မတင်ပို့နိုင်လျှင် တောင်သူများ ဈေးကောင်းရမှာ မဟုတ်ကြောင်း၊ စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်ဝင်အောင် စိုက်ပျိုးထုတ် လုပ်နိုင်ရန်နဲ့ ပြည်ပဈေးကွက်အခြေအနေများ ရိတ်သိမ်းချိန်လွန် နည်းပညာရပ်များကို အသေးစိတ် ဆွေးနွေးပြောကြားပါတယ်။

**ထွန်းထွန်း၊ မင်းမင်းဦး**

# မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကျင်းပ



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူး၏ အနီးကပ် ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်များ အလိုက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား စဉ်ဆက် မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သံဖြူဇရပ်မြို့နယ် တာဝန်ခံ ဦးသန့်ဇင်ဦးနှင့် ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ သံဖြူဇရပ် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာ အကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများ ကျင်းပခဲ့ပါတယ်။

စက်တင်ဘာ ၂၈ရက်က ပဒံင်လေး မူ(လွန်)နှင့် အ. မ. က (အနောက်တန်း) တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၉ရက် အ. မ. က ဝိဇယ(ဝက်သိုးတိုးချဲ့) နှင့် အ. လ. က (ခွဲ)ကဒါတ်ထောက်တို့တွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲများတွင် စားသုံးသူရေးရာ ဌာနခွဲမှ ဒုတိယ ဦးစီးမှူး ဦးဝင်းမြတ်က ဌာနရဲ့ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ ဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးသူရဇော်က စားသုံးရန်မသင့်တဲ့ တားမြစ် ကုန်စည်များရဲ့ ဘေးဥပဒ်အန္တရာယ်များ အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။ ထို့ပြင် မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးက ဌာနမှပေးအပ်သော ဥပဒေ စာအုပ်များ၊ လက်ကမ်းစာစောင်၊ တားမြစ်ကုန်စည် စာစောင်များအား ကျောင်းအုပ်ကြီးအား ပေးအပ်ခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနဲ့ ကျေးရွာသူ၊ ရွာသားများ စုစုပေါင်း ၁၀၄၈ ဦးတို့ တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါတယ်။

**W.M & T.Y.Z**

# ITC ကတ်နဲ့ ကုန်သွယ်ရေး စခန်းများမှ ကျပ်သန်းပေါင်း ၂၀၀၀ ကျော် ကုန်သွယ်ပြီးဖြစ်

တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ITC)ဖြင့်ကုန်သွယ်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စပြီး တမူး ကုန်သွယ်ရေးစခန်းမှ စတင်၍ ခွင့်ပြုခဲ့ပါတယ်။ ကျန် ကုန်သွယ်ရေး စခန်းများတွင်လည်း ITC ကတ်နဲ့ ကုန်သွယ်မှု ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာ ၉ ရက်အထိ ITC ကတ် ၅၅ ကတ်ထုတ်ပေးခဲ့ပါ တယ်။ ကုန်သွယ်ရေးစခန်းများ၌ ITC ကတ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ၂၉၂ ကတ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၆၀ ကတ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၁၅ ကတ် ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၄၆ကတ် စုစုပေါင်း ITC ၁၀၇၀ ကတ် ခွင့်ပြု ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စ ဧပြီလမှ စက်တင်ဘာလ ၉ ရက်အထိ ITC ဖြင့် ကုန်သွယ်မှုမှာ တမူး ကုန်သွယ်ရေး စခန်းမှ ကျပ်သန်းပေါင်း ၃၂၀ ဒသမ ၂၀၅ သန်း၊ မူဆယ် ကုန်သွယ်ရေးဇုန်မှ ကျပ် သန်းပေါင်း၃၀၄ ဒသမ ၈၁၂ သန်း၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကျပ် သန်းပေါင်း ၂၉၅ ဒသမ ၄၆၈ သန်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကျပ်သန်းပေါင်း၃၁၇ ဒသမ ၀၅၇သန်း၊ ကန်ပိုက်တီး ကုန်သွယ်ရေး စခန်းမှ ကျပ် သန်းပေါင်း ၇၆၆ ဒသမ ၄၇၁သန်း၊ ကော့သောင်း ကုန်သွယ် ရေးစခန်းမှ ကျပ် သန်းပေါင်း ၉၃ ဒသမ ၂၆၃သန်း၊ရိဒ် ကုန် သွယ်ရေးစခန်းမှ ကျပ်သန်းပေါင်း ၂၀၉ ဒသမ ၃၀၄ သန်း၊ မောတောင် ကုန်သွယ်ရေးစခန်းမှ ကျပ်သန်းပေါင်း ၂၄၇ ဒသမ ၅၉၅ သန်းနဲ့ ကျိုင်းတုံ ကုန်သွယ်ရေးစခန်းမှ ကျပ်သန်း ပေါင်း ၈ ဒသမ ၅၈၃ သန်းကုန်သွယ်ပြီး ဖြစ်တယ်လို့ သိရပါ တယ်။ ကျန်စခန်းများဖြစ်တဲ့ လွယ်ဂျယ်၊ စစ်တွေ၊ မောင်တော၊ ချင်းရွှေဟော်၊ မြိတ်၊ ထန်တလန်၊ ထီးခီး၊ မန္တလေး၊ မြစ်ကြီးနား၊ ကျိုင်းလပ်၊ မယ်စဲ့ ကုန်သွယ်ရေးစခန်းအသီးသီးမှာ ယနေ့ထိ ITCကတ်နဲ့ ကုန်သွယ်ဆောင်ရွက်မှု မရှိသေးကြောင်း သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# ယခုတစ်ပတ်တွင် ဆိုင်ကယ်စီးရေ ၂၀၀ ကျော်ပိုမို တင်သွင်း

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက် ထိသီတင်းပတ်တွင် ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် မျိုးစုံ ၁၁၆၅၃ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင် တစ်ပတ်က ၁၁၄၂၆ စီးသာ တင်သွင်း ခဲ့တာမို့ ယခုတစ်ပတ်မှာ စီးရေ ၂၀၀ ကျော် ပိုမိုတင်သွင်းနိုင်တယ် လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေး ဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေး စခန်းမှ တင်သွင်းမှုလျော့ နည်းသော် လည်း မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ တမူး ကုန်သွယ်ရေးစခန်းမှ ပိုမို တင်သွင်းနိုင် တဲ့အတွက် ဆိုင်ကယ် တင်သွင်းမှုပိုမိုရ ခြင်းဖြစ်တယ်လို့ သိရပါတယ်။

မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၄၃၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၀၇ စီးနဲ့ တမူးကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၃ စီးအသီးသီးတင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီး ကုန် သွယ်ရေးစခန်းမှ ဆိုင်ကယ်တင် သွင်းမှု မရှိသော်လည်း အမေရိကန် ဒေါ်လာ သုည ဒသမ ၀၈၅ သန်းတန်ဖိုးရှိ သုံးဘီး ဆိုင်ကယ် ၆၅ စီး တင်သွင်း ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်ပမာဏကျဆင်းသော်လည်း တန်ဖိုးပိုမို

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၂၄ သန်းတန်ဖိုးရှိရေထွက်ကုန်ပစ္စည်း ၁၀၄၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉၈ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၁၅၂ တန်ကျော် တင်ပို့ခဲ့တာ ကြောင့် ယခုတစ်ပတ်မှာ ရေထွက်ကုန်တန်ချိန်အနေနဲ့ ၁၀၉ တန်လျော့နည်းပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်း ပိုမိုလာတာတွေ့ရပါတယ်။

ငါးရှဉ့် ၂၆ တန်ကျော်၊ ငါးမုန့် ၆၈ တန်ခွဲ၊ ပုစွန်ဖွဲ ၁၂၆ တန် တင်ပို့ခဲ့ရာတွင် တန်ချိန်ပိုမိုသော်လည်း တန်ဖိုး လျော့နည်းသွားခဲ့ပေမယ့် ကဏန်း ၃၁ တန်၊ ငါးမျိုးစုံ ၁၄ တန်၊ ငါးဆားနယ် ၄၄ တန်ခွဲနဲ့ ရေငန်ပုစွန် ရှစ်တန်နီးပါး တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် ယခင်တစ်ပတ်ထက် ပိုမိုလာခဲ့ တာကြောင့် ယခုတစ်ပတ်မှာ ရေထွက်ကုန် ပမာဏ ကျဆင်း ခဲ့ပြီး တန်ဖိုး ပိုမိုခဲ့ရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ယခင်တစ်ပတ်က ငါးရှဉ့်တစ်တန်ကို ၃၅၀၀၀ ယွမ်ဈေးရှိ ရာမှ ယခုတစ်ပတ်တွင် ယွမ် ၃၀၀၀၀ သို့ဈေးကျခဲ့ပြီး၊ ကဏန်းတစ်တန်ဈေးကတော့ ယခင်တစ်ပတ်အတိုင်း ၆၃၅၄၂ ယွမ်ပဲရှိတယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရပါ တယ်။

**မော်မော်အောင်**

## မူဆယ်မှသကြားပုံမှန်တင်ပို့ပြီး မြဝတီမှ တင်သွင်းမှုလျော့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အတွင်း အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၃၃၀ တန်ဖိုးရှိ သကြား ၂၄၁၃၈ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၂၄၂၀၀ ကျော် တင်ပို့ခဲ့ တာကြောင့် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြားပုံမှန်တင်ပို့နေတယ်လို့သိရပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်း သကြားဈေးတစ်တန်ကို ယခင်တစ် ပတ်ဈေးအတိုင်း ခုနစ်သိန်းရှစ်သောင်းကျော်ခန့်ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၂၆-၂၂၇ ယွမ်ဈေးရရှိခဲ့ကြောင်း၊ ဘုရင့်နောင်ကုန်စည် ဒိုင်တွင် သကြား(ရှယ်) တစ်ပိဿာကို ၁၂၀၀ ကျပ်ဝန်းကျင်ခန့်၊ သကြား(ရိုးရိုး) တစ်ပိဿာကို ၁၁၀၀ ကျပ်ဈေးရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၈၀၅၄၇၅ တန်ဖိုးရှိ သကြား ၁၄၆၄ တန်ခွဲတင်သွင်းခဲ့တယ် လို့မြဝတီကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ယခင်တစ်ပတ်က ၇၄၄ တန်ကျော် တင်သွင်းခဲ့ တဲ့အတွက် ထိုင်းနိုင်ငံသကြား တင်သွင်းမှုကတော့ လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စက်တင်ဘာတတိယပတ်အတွင်း မြန်မာထိုင်းနယ်စပ်ရှိ ကုန်သွယ် ရေးစခန်းများမှ ရေထွက်ကုန် တန် ၉၀၀ ကျော် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်း များမှ စက်တင်ဘာတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၃၃ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်း တန် ၃၉၀၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ် ပတ်က ၂၉၆၀ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၉၀၀ ကျော် ပိုမို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများကို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၂၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံနဲ့ ကဏန်းတန် ၉၀ ကျော်၊ ကော့သောင်းကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ ကင်းမွန်၊ ပင်လယ်ငါးရှဉ့်နဲ့ အခြားရေထွက် တန်ချိန် ၉၀၀ ကျော်နဲ့ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၈၂ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ရေငန် ပုစွန်၊ အေးခဲကဏန်းပျော့၊ ငါးမုန့်၊ ကင်းမွန်၊ ငါးခြောက်၊ သဲကဏန်း၊ ပုစွန်ခြောက် တန် ၂၈၀၀ ကျော်တို့ကို အသီးသီးတင်ပို့ခဲ့တယ်လို့ သိရပါ တယ်။ **ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးမြစ်ချင်း တန် ၇၀ တင်ပို့

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက် အထိ သီတင်းပတ်အတွင်း စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်းတန်ဖိုးရှိ ရေချိုငါးမြစ် ချင်း တန် ၇၀ ခန့် တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလဆန်းပိုင်းမှစပြီး တင်ပို့ ခဲ့ခြင်းမရှိတဲ့ ရေချိုငါးမြစ်ချင်းများကို စက်တင်ဘာ တတိယပတ်မှသာ ပြန် လည်တင်ပို့နိုင်တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လတစ်လလုံးမှာ ရေချိုငါးမြစ်ချင်းတန် ၃၀၀ ကျော် တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ ဆီးသီးခြောက် ၂၅ တန်၊ အမေရိကန် ဒေါ်လာသုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ဆီးဖတ် ၅၄ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ နနွင်း တက် တစ်တန်ခွဲ၊ အမေ ရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ မန်ကျည်းစေ့ ၁၄၂ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ချင်းအစို ၁၂ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၄ သန်းတန်ဖိုးရှိဆီးယိုထုပ် ၄၄ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ အဆင့်မြင့်ဝီစကီ ၁၅၀၀ လီတာကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကုန်သွယ်မှုလိုငွေပြသော်လည်း ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပိုငွေပြ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၀၀၈ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၄ သန်းဖြစ်ပြီး၊ ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇၆ ဒသမ ၄၀၈ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၃၉၂ သန်းဖြစ်ပြီး ထိုသို့ လိုငွေပြရခြင်းမှာ ချုပ်ပြီးအထည်နဲ့ သတ္တုနဲ့ သတ္တုရိုင်းတင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၀၃၇ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၁၇၂ ဒသမ ၃၅၄ သန်းဖြစ်ပြီး၊ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၃၁၇ သန်းဖြစ်ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ တစ်ပတ်အတွင်း ပို့ကုန်တင် ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၉၇၁ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၀၄၆ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေ ၁ ဒသမ ၉၂၅ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်ရေးကဏ္ဍတစ်ခုလုံးအနေနဲ့ ကုန်သွယ်မှုလိုငွေမှာ ၆၆ ဒသမ ၃၉၂ သန်းဖြစ်ပါ တယ်။

**ယဉ်ယဉ်အေး**

# Huawei မှ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး အိုင်စီတီပစ္စည်းဖြန့်ချီရေး ကိုယ်စားလှယ်အဖြစ် KMD လုပ်ငန်းစုကို ရွေးချယ်ခန့်အပ်




မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းလောကတွင် ရောင်းအားအကောင်းဆုံးစာရင်း ဝင်နေသည့် Huawei ကုမ္ပဏီသည် KMD အိုင်တီကုန်ပစ္စည်းများဖြန့်ချီရေးကုမ္ပဏီအား မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးလုပ်ငန်းသုံး အိုင်စီတီထုတ်ကုန်များ ဖြန့်ချီရေးကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

Huawei ကုမ္ပဏီ အနေဖြင့် KMD ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Huawei ကုမ္ပဏီ အနေဖြင့် KMD ကုမ္ပဏီအား ယခုကဲ့သို့ ကိုယ်စားလှယ်ကုမ္ပဏီအဖြစ် ခန့်အပ်ရခြင်းမှာ Huawei ၏ ဆက်လက်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် အဓိကထား လုပ်ဆောင်သွားရန် ရည်ရွယ်၍ ခန့်အပ်ရခြင်းဖြစ်ကြောင်း သိရသည်။

Huawei နည်းပညာ(ရန်ကုန်) ကုမ္ပဏီလီမိတက်၏အမှုဆောင်အရာရှိချုပ် Mr. Zhang Liman က "အခုအချိန်မှာ မြန်မာနိုင်ငံရဲ့အိုင်စီတီကဏ္ဍဟာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါတယ်။ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ခြင်းလုပ်ငန်းတွေ အဆင့်မြင့်လာတဲ့အလျောက် ဈေးကွက်အတွင်း မိုဘိုင်းဖုန်း ထိုးဖောက်လွှမ်းခြုံမှုက ၉၀ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပြီး ဆက်သွယ်ရေး သတင်းအချက်အလက်ကို ကောင်းမွန်စွာ အသုံးချနိုင်တဲ့အတွက် အင်တာနက်သုံးစွဲသူ လူဦးရေ သိသိသာသာ တိုးပွားလာလျက်ရှိသည်မှာ ဂုဏ်ယူစရာပင် ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ အစိုးရပိုင်းလုပ်ငန်းများနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာတို့အတွက်ဆန်းသစ်တဲ့ အိုင်စီတီနည်းပညာတွေကို လိုအပ်လျက်ရှိဆဲပါ။ အဲဒီအစိတ်အပိုင်းတွေ ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးရာမှာ ပိုမိုအဆင်ပြေ လွယ်ကူစေနိုင်ဖို့အတွက် လိုအပ်နေတဲ့နိုင်ငံရဲ့ e-Government မွေးထုတ်ခြင်းကဲ့သို့ အကျိုးကျေးဇူးကောင်းများစွာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

"Huawei နဲ့ မိတ်ဖက်ဖွဲ့ပြီး စီးပွားရေးလုပ်ငန်းတွေအတွက် အကျိုးပြုမယ့် ဆန်းသစ်တဲ့အိုင်စီတီနည်းပညာတွေကို ကျွန်မတို့ KMD က မြန်မာနိုင်ငံမှာ ဖြန့်ဝေပေးနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ KMD ရဲ့ကြီးမားကျယ်ပြန့်တဲ့တစ်ဆင့်ခံအရောင်းကိုယ်စားလှယ်တွေ၊ မိတ်ဖက်လုပ်ငန်းတွေကနေတစ်ဆင့် Huawei အမှတ်တံဆိပ်ရဲ့ပုံရိပ်ကို မြန်မာနိုင်ငံမှာ မြှင့်တင်သွားပြီးတော့ Huawei ရဲ့ ဈေးကွက်မှာ ဦးဆောင်နေတဲ့ ကုန်ပစ္စည်းတွေကို သုံးစွဲသူများထံ အရောက်ပို့ဆောင်သွားနိုင်ဖို့ ကျွန်မတို့မျှော်လင့်မိပါတယ်"ဟုKMD ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက ပြောကြားခဲ့သည်။

---

# The 4th Intermach & Subcom Myanmar 2016 jyyGorn




ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သည့် အာဆီယံ၏ အကြီးမားဆုံး နိုင်ငံတကာ စက်မှုလုပ်ငန်းသုံးပစ္စည်းနှင့် တွဲဖက်ပစ္စည်းပြပွဲဖြစ်သည့် Intermach & Subcom ပြပွဲ၏ နောက်ဆက်တွဲ ပြပွဲအဖြစ် မြန်မာနိုင်ငံတွင် The 4th Intermach & Subcom 2016 ပြပွဲ ကို ရန်ကုန်မြို့၊ တပ်မတော်ခန်းမတွင် အောက်တိုဘာလ ၂၀ ရက် မှ ၂၂ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် စက်ပစ္စည်းအမျိုးအစားပေါင်း ၃၀၀၀ ကျော်ကို ပြသသွား မည်ဖြစ်ပြီး ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်၊ ဩစတြေးလျ၊ ဆွီဒင်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ နာမည်ကြီးအမှတ်တံဆိပ်ပေါင်း ၂၀၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကုန်သည်လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်သည့် Business Matching များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံနဲ့မြန်မာနိုင်ငံဆိုတာ အာဆီယံရဲ့အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတာကြောင့် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ကုန်သွယ်မှုပမာဏဟာ နှစ်စဉ်တိုးတက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ စီးပွားရေးအခွင့်အလမ်းတွေ တိုးတက်လာတဲ့အာဆီယံနိုင်ငံတွေနဲ့ ထိုင်းနိုင်ငံတို့အကြားမှာ ကောင်းမွန်တဲ့ စီးပွားရေးအခွင့်အလမ်းကို တွေ့မြင်နေရပါတယ်။ ဒီပြပွဲမှာ ပါဝင်ပြသမယ့် နည်းပညာသစ်များမှတစ်ဆင့် စက်မှုနယ်ပယ်ကို အကျိုးရှိရှိနဲ့ထိရောက်စေနိုင်မှာဖြစ်ပါတယ်"ဟု UBM Asia ၏ အာဆီယံစီးပွားရေးဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာမစ္စတာအမ်ဂနိဒ္ဒီကပြောကြားခဲ့သည်။

■




# ကမ္ဘာ့အဆင့်မီ Best-T ဂျဲလ် သွားတိုက်ဆေး ပုံစံအသစ်များအား မြန်မာနိုင်ငံဈေးကွက်အတွင်း စတင်ဖြန့်ဖြူးရောင်းချနေပြီ

Unit Beauty Palace Myanmar Co., Ltd. သည် ကမ္ဘာ့အဆင့်မီ Best-T အမှတ်တံဆိပ် သွားတိုက်ဆေးများကို ထုတ်လုပ်၍ မြန်မာပြည်ဈေးကွက်အတွင်းသို့ ဖြန့်ချိ ရောင်းချလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Best-T အမှတ်တံဆိပ် သွားတိုက်ဆေးသည် ယခင်သွားတိုက်ဆေးများနှင့်မတူဘဲ ဂျဲလ်ပုံစံ ထုတ်လုပ်ထားခြင်းဖြစ်ပြီးထုတ်ကုန်အရည်အသွေးတိုးတက်စေရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

Best-T ဂျဲလ်သွားတိုက်ဆေးများ အသစ်များသည် မြန်မာပြည်သူပြည်သားများ၏အရေးအကြီးဆုံးသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပုံစံသုံးမျိုးဖြင့်ထုတ်လုပ်ထားပြီး တစ်မျိုး စီတိုင်းတွင် ကမ္ဘာ့အဆင့်မီနည်းပညာ၊ ဒေသတစ်ခုစီနှင့် သင့်လျော်သောပါဝင် ပစ္စည်းများအပြင် သုံးစွဲသူများ စိတ်ကြိုက်ဖြစ်မည့် အနံ့အရသာကိုလည်း ပြင်ဆင်ထားသည်။

Best-T အမှတ်တံဆိပ်သွားတိုက်ဆေးများတွင် Best-T Fresh Action Green Gel ကို ActivFresh® နည်းပညာဖြင့် ပြုလုပ်ထားပြီး လတ်ဆတ်သောခံတွင်းရနံ့ကို ကြာရှည်ပေးစွမ်းနိုင်ကြောင်း သိရသည်။

ထို့ပြင် Best-T Deep Clean Blue Gel ကို NeoClean®နည်းပညာဖြင့် ပြုလုပ်ထားပြီး အစာစားပြီးချိန်တွင် ခံတွင်းထဲ၌ ကျန်ရှိနေတတ်သည့် ဆီနှင့် အစားအသောက်အကြွင်းအကျန်များကို ဖယ်ရှားပေးနိုင်သည်ဟု ဆိုသည်။

Best-T Anti-Cavity Red Gel ကို CavitEx® နည်းပညာဖြင့် ပြုလုပ်ထားပြီး သွားပိုးပေါက်ဖြစ်ခြင်းနှင့်ပိုးပေါက်ဖြစ်စေပြီး သွားဝါစေသည့်ပိုးများကို ထိန်းချုပ်ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

အဆိုပါ Best-T ၏ ထုတ်ကုန်သစ်များ မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သည်။

"ဆန်းသစ်တီထွင်မှုနှင့်အတူ မတူ ကွဲပြားမှုကို ဖော်ဆောင်ပေးနိုင်ဖို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ကလုပ်ငန်းဆိုင်ရာ ကမ္ဘာ့ရှေ့ဆောင်သုတေသနပြုသူများ ပါဝင်ဖွဲ့စည်းထားတဲ့ ရနံ့ဆိုင်ရာ သိပ္ပံအကြံပေးဘုတ်အဖွဲ့အစည်းတစ်ခု တည်ထောင်ခဲ့ပြီး မြန်မာပြည်သူပြည်သားတွေအတွက် ခံတွင်းသန့်ရှင်းရေး အထောက်အကူပစ္စည်းတွေကို ထုတ်လုပ်ရာမှာ တမူထူးခြားတဲ့ အရသာပုံစံမျိုးတွေ ရရှိလာဖို့ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု Scent & Care for Symrise မှ Regional President ဖြစ်သူ Mr. Jun Saplad က ပြောကြားခဲ့သည်။

# Myanmar Tha Gyee Co.,Ltd

## မြန်မာသူကြီးကိုရီးယားကားနှင့် Car Spare Parts အရောင်းစင်တာ

ကိုရီးယားကားနှင့် ကားပစ္စည်းအရောင်းစင်တာ (1-2-2016)နေ့မှစ၍
အမှတ် (J 40-41) သီရိရတနာဈေး၊ (၄)ရတိုးချဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)သို့
ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များကို
အသိပေးအကြောင်းကြားအပ်ပါသည်။

Spare Parts





ရုံးချုပ် - အမှတ်(၇၄)၊ ပထမထပ်ညာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၂၇၄၆၉၊ ၀၉ ၇၃၂၁၃၀၀၂
အရောင်းဆိုင် - သီရိရတနာဈေးသစ်၊ အမှတ် (J 40-41)၊ (၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)၊
ဖုန်း - ၀၉ ၄၂၂၂၂၆၈၇၇၊ ၀၉ ၄၂၂၁၉၇၆၆၃ Email : myanmarthagyee@gmail.com

## MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.



L-3, Shwe Zabe Housing,
Bayint Naung Road,
Kamayut Township,
Yangon, Myanmar.

Tel : +95-1-535571
Fax : +95-1-535571
E-mail:mkkwhalelogistics2012@gmail.com
thetthetwin.ygn@gmail.com

## G GREEN
### Customs Authorized Services Agency

No.10/12,1st ,Floor,Room No 101,
A1,35th Street,Yangon,Myanmar

Ph-01-240088,09 5147080,
09 5161651

E-mail-pptun.greenagency@gmail.com
paingpainghtun09@gmail.com


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
SCHOLARSHIPS
FOR FUTURE EDUCATION
တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်း
(Scholarship Funding Service)
လူကြီးမင်းတို့၏ သားသမီးများ၊ တူ တူမများ
တက္ကသိုလ်ပညာ ဆည်းပူးရန်အတွက်
အထောက်အပံ့ဖြစ်စေမည့်
တက္ကသိုလ်ပညာသင်ဆု သီးခြားအပ်ငွေကို
အတိုးနှုန်း ၈.၅% ဖြင့်
(၃) လတစ်ကြိမ် အတိုးထည့်သွင်း
ဆောင်ရွက်ပေးနေပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်...
Call now - (01) 2301446, 218195
သင်၏နောင်ရေး အကျိုးစီးပွား မြဝတီဘဏ်မှာ ငွေစုထား


DRY PROCESS
PORTLAND CEMENT
EXPORT QUALITY
MANDALAY CEMENT INDUSTRIES
HI-TECH
MYANMAR ELEPHANT
မြန်မာဆင်
Hi-Tech ဘိလပ်မြေ
☎ 02-72266, 02-61936 09-91001815 09-33040358


DRY PROCESS နည်းစဉ်၏အားသာချက်
၁။ ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ရာနှုန်းပြည့်ကာကွယ်နိုင်ခြင်း။
၂။ လောင်စာစွမ်းအား လျော့နည်းစွာဖြင့်ထုတ်လုပ်နိုင်ခြင်း။
၃။ အဆင့်မြင့်အရည်အသွေးကို တသမတ်တည်းထုတ်လုပ်နိုင်ခြင်း။

## ပြောင်း

### ပြောင်းတန်ချိန် နှစ်သောင်းကျော် တင်ပို့

စက်တင်ဘာ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းလေးခုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၇ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့တန်ချိန် ၂၀၂၉၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၇၄၃၇ တန်၊ လွယ်ဂျယ်မှ ၁၉၄၇ တန်ကျော်၊ ချင်းရွှေဟော်မှ ၅၀၂ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၃၇၇ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်းတန်ချိန် ၁၄၈၇၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ငါးထောင်ကျော်ပိုမို တင်ပို့လာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၁၆ ရက် မှာရော ၂၃ ရက်မှာပါ ပြောင်းတစ်တန်ဈေး ၂၈၂၅၆၉ ကျပ်သာရှိကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၅၀-၅၅ ကျပ်ရှိပြီး ကားစီးရေ ၆၈၀ ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## လဲမှို

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လဲမှို့တင်ပို့

စက်တင်ဘာ တတိယပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၁၂၀ တန်ဖိုးရှိ လဲမှို့ (အစေ့ပါ) ခုနစ်တန်ကျော် တင်ပို့ခဲ့ပါတယ်။ မောင်တောမှဘင်္ဂလားဒေ့ရှ်သို့ ဩဂုတ် လပထမပတ်က အမေရိကန်ဒေါ်လာ ၁၂၇၅၀ တန်ဖိုးရှိ လဲမှို့ ၁၅ တန်တင်ပို့ခဲ့ပြီး၊ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့ခဲ့ကြောင်း၊ လဲမှို့တစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၈၅၀ ရှိကြောင်းစခန်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ဝဥခြောက်

### တရုတ်နိုင်ငံသို့ ဝဥခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၁၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ဒုတိယပတ်က တင်ပို့မှုမရှိဘဲ ပထမပတ်ကသာ ခုနစ်တန် ကျော် တင်ပို့ခဲ့ပါတယ်။ ဝဥကိုပြည်တွင်းမှာ စားသုံးမှု နည်းသော်လည်း ပြည်ပနိုင်ငံတွေမှာ တန်ဖိုးကြီးအစားအသောက်အဖြစ်ပြု လုပ်စားသောက်လေ့ရှိရာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံသို့ တင်ပို့ကြတယ်လို့ သိရပါတယ်။ ဝဥခြောက်မှာ သွေးအတွင်းအဆီပါဝင်မှုနှုန်းကို လျှော့ချပေးတာကြောင့် ဆေးဖော်စပ်ရာမှာ အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပရဆေး

### ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှ စက်တင်ဘာ တတိယပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၆၇၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၉ မျိုးကို တန်ချိန်ရှစ်ရာကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ တောချင်း၊ ချင်းခြောက်၊ ဝဥခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ဆီးခွဲခြမ်း၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ခပေါင်းစေ့၊ နေလဲစေ့၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ စမုံနက်၊ နနွင်းတက်၊ နနွင်းခေါင်း၊ မုတ်ခါး၊ ဆေးမြင်းခွာ၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင် ဖာလာတို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၅၀၀ နီးပါး တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပရဆေးကုန်ကြမ်းတန် ၃၀၀ ခန့် ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၂၃၄၅၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၃၃ တန်ခွဲ တင်ပို့ခဲ့ ပါတယ်။ မြန်မာနိုင်ငံမှ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံ၌ တိုင်းရင်းဆေးဖော်စပ်ရာမှာ အဓိကအသုံးပြုကြပြီး၊ တချို့ကုန်ကြမ်းတွေကိုတော့ ဟင်းခတ်အမွှေးအကြိုင် ပြုလုပ်ရာမှာလည်းကောင်း၊ စားသောက်ဆိုင်လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုရာမှာလည်းကောင်း လိုသလို အသုံးပြုတယ်လို့ သိရပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုး ရှိ တောင်လုံးကျော်တန်ဝက်နီးပါး တင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတန်တစ်ထောင် တင်ပို့



စက်တင်ဘာ ၁၇ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ် မှ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၀ သန်းတန်ဖိုးရှိကွမ်းသီးတန် ၁၂၀၀ကျော်ကို တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ဒုတိယပတ်က ကွမ်းသီးတန် ၆၈၈ ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၆၀၀ ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းမှသိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၈၅ သန်း တန်ဖိုးရှိ ကွမ်းသီးတန် ၆၀၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၆၀၀ အသီးသီး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှရော ရိဒ်ကုန်သွယ်ရေးစခန်းကပါ ပိုမိုတင်ပို့နိုင်တဲ့အတွက် ကွမ်းသီးတင်ပို့မှုပိုမိုရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ဝါးများတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အတွင်း ၁၉၅၁၃၀၀ ကျပ်တန်ဖိုးရှိ ဝါးလုံးအကြီး တန် ၂၀ နဲ့ ၉၂၆၂၅၀ ကျပ်တန်ဖိုးရှိ ဝါးလုံးအသေး နှစ်တန်ခွဲတင်ပို့ခဲ့ပါတယ်။ ဩဂုတ်လလယ်က ဝါးလုံးကြီး ၆၂ တန်ခွဲ တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### မူဆယ်ကုန်သွယ်ရေးဇုန်မှရော ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပါ ရော်ဘာပိုမိုတင်ပို့

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၆ သန်းတန်ဖိုးရှိရော်ဘာ RSS 3 ၉၅၁ တန်နဲ့ MSR 20 ၁၆၇ တန်ကျော် စုစုပေါင်း ၁၁၁၈ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်မှ ရော်ဘာ ၄၉၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးကတော့ ပြောင်းလဲမှု မရှိပါဘူး။ ယခင်တစ်ပတ်ဈေးအတိုင်း RSS 3 တစ်တန်ကို ၁၅၃၇၆၁၅ ကျပ်နဲ့ဈေးငြိမ်နေပါတယ်။ တစ်ဖက်နိုင်ငံရဲ့ ယွမ်ဈေးအရ ရော်ဘာတစ်တန်ကို ၈၅၀၀ ယွမ်၊ အမေရိကန်ဒေါ်လာဈေးအရ ရော်ဘာတစ်တန်ကို အမေရိကန်ဒေါ်လာ၁၂၇၄ ဖြစ်ပြီး ဈေးနှုန်း အပြောင်းအလဲသိပ်မရှိတာ တွေ့ရပါတယ်။ မော်လမြိုင်ဒေသပေါက်ဈေးမှာ RSS 3 တစ်တန်ကို ၁၄ ဒသမ ၆၉ ကျပ်သိန်း နဲ့ RSS 5 တစ်တန် ၁၂ ဒသမ ၄၉ ကျပ်သိန်းဖြစ်ကြောင်း သိရပါတယ်။

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈၈ သန်းတန်ဖိုးရှိ ရော်ဘာ ၇၈၉ တန်နီးပါး တင်ပို့နိုင်ခဲ့ပြီး၊ မလေးရှားနိုင်ငံသို့ RSS 2 တန် ၂၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၃၀၇ တန်နဲ့ တရုတ်နိုင်ငံသို့ MSR 10 ၂၈၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှုမရှိတဲ့အတွက် ယခုတစ်ပတ်မှာ ၇၈၉ တန်ပိုမိုတင်ပို့နိုင်တယ်လို့ ဆိုရပါမယ်။

နိုင်ငံတကာရော်ဘာပေါက်ဈေးမှာ ယခုတစ်ပတ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ ကျော်တက်လာကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးတက်တဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တက်လာပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀ -၁၅၀၀ |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀ -၁၈၀၀ |
| **Concentrate Latex 60% DRC** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၁၀ - ၁၀၆၀ |

ယဉ်ယဉ်အေး

## MTSH ကုမ္ပဏီ၏သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးနှင့် တတိယအကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည်

Myanmar Thilawa SEZ Holdings Public Limited(MTSH) ကုမ္ပဏီသည် ၎င်း၏သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး (Extra Ordinary General Meeting)နှင့် တတိယ အကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေး(3rd Annual General Meeting) တို့ကို အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း MTSH ၏တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်အစုရှယ်ယာတစ်ဦးချင်းစီသို့လည်း အစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားလွှာ၊ အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ၊ အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်ရန်ယူဆောင်လာရမည့် QR Code ပါ အစုရှယ်ယာသက်သေခံဖြတ်ပိုင်း၊ အမြတ်ဝေစုခွဲဝေခြင်းနှင့်စပ်လျဉ်းသည့်အကြောင်းကြားစာတို့ကို အချိန်မီ ပေးပို့မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ နံနက် ၁၀ နာရီမှစတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထူးအထွေထွေ အစည်းအဝေးကြီးတွင် သင်းဖွဲ့စည်းမျဉ်းကိုပြင်ဆင်ရေးဆွဲမည်ဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်းတွင် MTSH ကုမ္ပဏီက လုပ်ကိုင် လျက်ရှိသည့် သီလဝါအထူး စီးပွားရေးဇုန်နှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံလုပ်ကိုင်ရန်အတွက် ပြင်ဆင်ဖြည့် စွက်ရန်နှင့် သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၂၈) တွင် အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀ ဖြင့် အစုရှယ်ယာပေါင်း ၅၀,၀၀၀,၀၀၀ ခွဲဝေထားခြင်းကို ငွေကျပ် ၁၀၀၀ တန်အစုရှယ်ယာပေါင်း ၅၀၀,၀၀၀,၀၀၀ အဖြစ် ပြောင်းလဲခွဲဝေသတ်မှတ်ရန်ကိစ္စများအား အထူးဆုံးဖြတ်ချက်ချမှတ်၍ ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် MTSH ရှယ်ယာဝယ်ယူထားသည့်အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို အဆိုပါ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကျင်းပပြီးသည့်နေ့ နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ■

## Anthem Aisa နှင့် Rangoon Tea House တို့ပူးပေါင်း၍ မြန်မာနှင့် ဒေသတွင်းအစားအသောက်ဆိုင်ရာ လုပ်ငန်းများတိုးချဲ့မည်

Anthem Aisa နှင့် Rangoon Tea House တို့ပူးပေါင်း၍ မြန်မာနှင့် ဒေသတွင်း အစားအသောက်ဆိုင်ရာ လုပ်ငန်းများတိုးချဲ့တော့မည်ဖြစ်ကြောင်း Rangoon Tea House (RTH) ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ တွဲဖက်လုပ်ကိုင်ခြင်း ကြောင့် RTH လုပ်ငန်းစုအနေဖြင့် လက်ရှိ Rangoon Tea House စားသောက်ဆိုင်လုပ်ငန်းနှင့် ဧည့်ခံပွဲများတွင် စားသောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ၌ ပိုမိုချဲ့ထွင်နိုင်မည့်အပြင် လုပ်ငန်းသစ်များနှင့်စိတ်ကူးသစ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ဟု ဆိုသည်။

Rangoon Tea House စားသောက်ဆိုင်သည်ဆုများရရှိထားသောလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ် နှောင်းပိုင်းက ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ ရှေးဟောင်းအဆောက်အအုံတွင် ဖွင့်လှစ်ထားကာ ပြည်တွင်းရော ပြည်ပမှလာရောက်လည်ပတ်သူများအတွက်ပါ သွားရောက်သင့်သည့် စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လာခဲ့သည်။

"ရန်ကုန်တီးဟောက်စ်မှာ မြန်မာ့ရိုးရာစားစရာတွေကို ခေတ်မီပုံစံနဲ့ပြုပြင် ထားတဲ့ ခေတ်လည်းမီ ရိုးရာလည်း မပျက်တဲ့ ဟင်းလျာတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည် မှန်းချက်က မမေ့နိုင်စရာကောင်းမွန်တဲ့ အစားအသောက်ရော စားသောက်ဆိုင် အတွေ့အကြုံတွေကိုရော ပေးချင်တာပါ၊ ဒါ့အပြင် တစ်ခါတရံမှာလူတွေ မေ့နေတတ်ကြတဲ့ တကယ့်ကိုကောင်း မွန်တဲ့ မြန်မာ့ထွက်ကုန်စားစရာတွေနဲ့လည်း မိတ်ဆက်ပေးချင်တာဖြစ်ပါတယ်။ Anthem Asia နဲ့အတူ ပူးတွဲလုပ်ကိုင်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က တိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ပြီးတော့လက်ရှိ ရှိနေတဲ့ စီးပွားရေးကိုလည်း ချဲ့ထွင်ပြီး ဝန်ဆောင်မှုအသစ်တွေလည်း စတင် နိုင်တော့မှာပါ"ဟု Rangoon Tea House ကို စတင်တည်ထောင်သူ ကိုထက်မြက်ဦးက ပြောကြားသည်။

ရန်ကုန်တီးဟောက်စ်သည် ယခု လက်ရှိဖွင့်လှစ်ထားသည့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိသမိုင်းဝင်အဆောက် အဦးပထမထပ်မှ စားသောက်ဆိုင်နေရာတွင် ပိုမိုကြီးမားသော စားသောက်ဆိုင်နှင့် မြန်မာအဖျော်ယမကာဘား တစ်ခုကို ယခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပင်မမီးဖိုခန်းကို သီးသန့်ထားရှိပြီး အခြားသော ဧည့်ခံပွဲများတွင် အစားအသောက်ဆိုင်ရာ ဝန်ဆောင် ပေးသောလုပ်ငန်းကိုလည်း တိုးချဲ့လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## ဟီတာချီက အာရှနှင့်အရှေ့အလယ်ပိုင်းဒေသအတွက် စက်ခန်းမပါဝင်သည့် စက်လှေခါးသစ်များကို စတင်ထုတ်လုပ်

Hitachi Ltd. နှင့် Hitachi Building Systems Co., Ltd. တို့က အာရှနှင့်အရှေ့အလယ်ပိုင်းဒေသများအတွက် စက်ခန်းမပါဝင်သည့် စက်လှေခါးသစ်များကို ထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလ ၃၀ ရက်မှစတင်၍ ဈေးကွက်အတွင်း စတင်ဖြန့်ချိတော့မည်ဖြစ်ကြောင်း ဟီတာချီ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဂျပန်နိုင်ငံတွင် ထုတ်လုပ်သည့် စက်လှေကားပုံစံသစ်တွင် ဟီတာချီ၏ နောက်ဆုံးပေါ် နည်းပညာများကို တပ်ဆင်အသုံးပြုထားပါသည်။ လက်ရာကောင်းမွန်ထူးခြားလှသည့် ဒီဇိုင်းအပြင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားသော စံနှုန်းများနှင့် ကိုက်ညီသည့် အခြေခံ စံသတ်မှတ်ချက်များပါရှိပြီး ဖောက်သည်များ၏ လိုအပ်ချက်ဖြည့်ဆည်းပေးထားသည်ဟု ဆိုသည်။

၎င်းစက်လှေကားသည် အီလက်ထရောနစ် Safety Technology ကို အခြေခံ၍ ယုံကြည်စိတ်ချရမှုနှုန်း မြင့်မားသည့်အဆင့်ကို အာမခံထားပြီး ဂျပန်ဈေးကွက်အတွက် ရည်ရွယ်၍ နောက်ဆုံးပေါ် ဒီဇိုင်းနှင့် လုပ်ဆောင်မှုများကို ထည့်သွင်းဖန်တီးထားပါသည်။ ၎င်းစက်လှေကားသည် လျှပ်စစ်ကို ချွေတာစေရန် Regenerative Operation System နှင့် LED တို့ကို အသုံးပြုထားပြီး စီးနေစဉ် Deodorizing Ion Generator ကသန့်ရှင်း၍ သက်သောင့်သက်သာဖြစ်စေမည့် ပတ်ဝန်းကျင်ကို ကူညီဖန်တီးပေးနိုင်သည် ဟု ဆိုသည်။

မကြာသေးမီက အာရှနှင့် အရှေ့အလယ်ပိုင်းဈေးကွက်တွင် စက်ခန်းမပါသည့်စက်လှေကားလိုအပ်ချက်တိုးပွားနေခဲ့ပါသည်။ စက်ခန်းမပါသည့် စက်လှေကားများသည် ကြိုးဆွဲမောင်းနှင်သည့်စက်၊ စက်ထိန်းချုပ်သည့်ခလုတ်ခုံ၊ အခြားဆွဲတင်သည့် အစိတ်အပိုင်းများကို ထည့်ထားသည့် အခန်းမပါရှိဘဲ၎င်းအစိတ်အပိုင်းများကို ကြိုးဆွဲလမ်းအတွင်း တစ်လျှောက် တပ်ဆင်မြှုပ်နှံထားသည့် ဒီဇိုင်းဖြစ်သည်။

ယခုအချိန်တွင် ဟီတာချီ နိုင်ငံတကာစက်လှေကားလုပ်ငန်းမှ စက်ခန်း မပါသည့် စက်လှေကားသစ်များကို ဈေးကွက်အတွက်စတင်ရည်ရွယ်ထုတ်လုပ်နေပြီး အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများအထိ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဥပဒေနှင့်နည်းပညာလိုအပ်ချက်များကို အလျဉ်းသင့်အောင် ပေါင်းစည်း၍ စတင် လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။

ယခုစတင်မိတ်ဆက်လိုက်သည့် စက်လှေကားမော်ဒယ်အသစ်နှင့်အတူ မြန်ဆန်မှုနှင့်ပိုမိုလွယ်ကူ ပေါင်းစပ်သည့် ဝန်ဆောင်မှုကောင်းများကို ဖောက်သည်များအား ပံ့ပိုးပေးမည်ဖြစ်သည်။

ဟီတာချီသည် ယခုစက်လှေကားမော်ဒယ်အသစ်ရောင်းချခြင်းကို အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်အိန္ဒိယနိုင်ငံ အပါအဝင် အာရှနိုင်ငံအသီးသီးတို့တွင် စတင် တော့မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အဆိုပါဒေသများမှ အဝယ် အမှာစာ ၅,၀၀၀ ခန့်ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

➲ စာမျက်နှာ ၈ အားငယ် •••• မှ အဆက်

သတင်းများ Facebook တွင် တွေ့နေ သည် မှာ မြို့မဈေးထဲက အကြော်များလည်း ပါနေ သလား မပါသလား သေချာမသိရကြောင်း၊ ပျဉ်း မနားမျှစ်ချဉ်မှာ ယခင်ကလို သဘာဝအတိုင်း အချဉ်စိမ်ခြင်းမျိုးမဟုတ်ဘဲ အက်စစ် ပျော့များ ထည့်သည်ဟု ကြားရကြောင်း၊ ဟုတ်မဟုတ်လည်း မည်သူကမျှ စစ်ဆေးပေးသည့် သတင်းထုတ်ပြန် သည်မျိုး မကြားရကြောင်း၊ ယင်းမျှစ် ချဉ် မျိုးဝယ် ပြီး လက်ဆောင်ပေးမိလျှင် လည်းကောင်း၊ စားမိလျှင် လည်းကောင်း မည်သို့ဖြစ်နိုင်မည်ကို မသိကြောင်း၊ စသည့် ကြောင်းပေါင်းများစွာ၊ အကြောင်းပေါင်းများစွာကို တွေးတောရင်း၊ မြို့မဈေးကြီးရှိ အစားအသောက်များ၏ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိမရှိ စားသောက်ရန် သင့်မသင့်ကို မည်သူကများ စားသုံးသူ ပြည်သူများကိုယ်စား တစ်နည်းအားဖြင့် စားသုံးသူ ဝန်ထမ်းများနှင့် မိသားစုများ ကိုယ်စား ဆောင်ရွက်ပေးပါမည်နည်း ဟူသော အတွေးက ထမင်းစားတိုင်း၊ မုန့်စားတိုင်း ဝင်မိသော အတွေးများ ဖြစ်ပါသည်။ သို့သော်လည်း မြို့မဈေးမှ ဝယ်လာပြီး၊ အိမ်ရှင်မချက်သော ဟင်းထမင်းကို ပါးစပ်အတွင်း ထည့်ပြီး မျိုချရသည့် အချိန်တိုင်းတွင် ယင်းအကြောင်းကို မစဉ်းစားဘဲ စားမှသာ မျိုကျမည့် အနေအထား ရှိပါသည်။ တစ်ခါတစ်ရံ မည်သို့သော အကြောင်းနှင့်မသိ မြို့မဈေးမှ ဝယ်လာသည့် ဟင်းများ တစ်ရက်နှင့် မသိုးလျှင်လည်း ရာသီဥတုကြောင့်လား၊ ဖော်မလင်ကြောင့် မသိုးတာလားဟု စဉ်းစားနေမိပါသည်။

သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များတွင်လည်း ပိုးကောင်ကလေးများ တွေ့ရလျှင် ယင်းအသီးအရွက်ကို ယခင်က မရွေးသော်လည်း၊ ယခုမူ ပိုးထိုးသည့် အရာလေးများ၊ ခပ်နွမ်းနွမ်းအရွက်များကိုသာ ရွေးချယ် ဝယ်စားမိနေသည်။ လန်းလန်းထွားထွားနှင့် ပိုးမစားအသီးဆိုလျှင် ပိုးသတ်ဆေး များနေလို့လားဟု အတွေးဝင်လာပြီး ဝယ်ဖို့ လက်တွန့် နေရပါသည်။ ကျွန်တော်တို့သည် ထမင်းကို နေ့စဉ် ဟင်းတစ်မျိုး အပိုနှင့် စားနေရသလို ဖြစ်နေပါသည်။ ယင်းဟင်းတစ်မျိုး အပိုမှာ သံသယဟူသော မိမိစားသော ထမင်းဟင်းကို သံသယ ဖြစ်နေရသည့် စိတ်ပင် ဖြစ်ပါသည်။ စားရင်း သောက်ရင်း၊ သံသယဝင်ရင်း၊ တွေးတောရင်းနှင့် အားငယ်သလို ဖြစ်လာရပါသည်။ အားငယ်ရသည်က ငါ ဘယ်တော့ ကင်ဆာ ဖြစ်မလဲ၊ ငါ ပင်စင်လေးမှ စားရ ပါမည်လား ဟူသော အတွေးများဖြင့် ရှင်သန်ရခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်ကဲ့သို့ပင် အားငယ်နေသော ဝန်ထမ်းသို့မဟုတ် စားသုံးသူများကို ကြည့်ရှု စောင့်ရှောက်ပေးကြဖို့ မည်သူ့ကို တိုင်တည်ရမည်လဲ၊ မြတ်စွာဘုရားသခင်နှင့်တကွ ယုံကြည်သက်ဝင်ရာ အထက်ပုဂ္ဂိုလ်အပေါင်းတို့ ကယ်တော်မူပါဟူသော အားငယ်အတွေးဖြင့် ရေးသားလိုက်ရပါသည်။ ❑

# တိုယိုတာကားကုမ္ပဏီက ကားအမျိုးအစားသစ် VIOS အား အမေရိကန်ဒေါ်လာ ၁၇၀၀၀ ကျော်ဖြင့် ရောင်းချပေးမည်




မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံး ကားအမျိုးအစားများကို ထုတ်လုပ်လျက်ရှိသည့် တိုယိုတာကားကုမ္ပဏီသည် ၎င်း၏အသစ်ထုတ်လုပ်လိုက်သည့် VIOS ကားအမျိုးအစားသစ်အား မြန်မာပြည်သူများထံသို့ ရောင်းချပေးတော့မည်ဖြစ်သည်။

အဆိုပါ ကားအမျိုးအစားသစ် VIOS ကို အမေရိကန်ဒေါ်လာ ၁၇၇၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဧရာဝတီဘဏ်နှင့် ချိတ်ဆက်၍လည်း အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း စက်တင်ဘာ ၂၉ ရက်ကပြုလုပ်သည့် ကားသစ်မိတ်ဆက်ပွဲတွင် တိုယိုတာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းအတွက် အမေရိကန်ဒေါ်လာ ၅၃၁၀ ကို ကနဦးပေးသွင်းပြီး လစဉ် အမေရိကန်ဒေါ်လာ ၂၄၂ပေးသွင်းရုံဖြင့် ကားသစ်တစ်စီးကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယင်း VIOS ကားကို တိုယိုတာ၏ အရောင်းကိုယ်စားလှယ်နှစ်ဦးဖြစ်သည့် Toyota Aye & Sons နှင့် Toyota Minglar တွင် စာရင်းပေးသွင်း၍ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

တိုယိုတာမှ အသစ်ထုတ်လုပ်လိုက်သည့် အဆိုပါ VIOS ကားအမျိုးအစားသစ်သည် မြန်မာနိုင်ငံနှင့် အာဆီယံ ဒေသတွင်းနိုင်ငံများအတွက် အထူးပြုလုပ်ထားသည့် ဘေးကင်းလုံခြုံရေးအင်္ဂါရပ်များအား ပေါင်းစပ်၍ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ VIOS ကားအမျိုးအစားအား အပြင်ပိုင်းအရောင်ကိုးမျိုး ရွေးချယ်ဝယ်ယူနိုင်ပြီး အတွင်းပိုင်းအရောင်နှစ်မျိုး ရွေးချယ်ဝယ်ယူနိုင်သည်။

ယင်း VIOS ကားအမျိုးအစားသည် 1.3L ဓာတ်ဆီအင်ဂျင်ဖြစ်သည်။ ထို့ပြင်ချောမွေ့ပြီး စွမ်းရည်ပြည့်ဝကာ အဆက်မပြတ် ပြောင်းလဲနိုင်သော ဂီယာစနစ်ကို ထည့်သွင်းထားသည်။ ထို့ပြင် အဆင့်မြင့်လုံခြုံရေးအင်္ဂါရပ်များဖြစ်သည့် ဘရိတ်ဖြုတ်စနစ်၊ လျှပ်စစ်ဆိုင်ရာ ဘရိတ်အား ဖြန့်ဝေပေးပို့ခြင်း၊ ဘရိတ်အား ထောက်ပံ့ကူညီခြင်းတို့ကို ထည့်သွင်းပေးထားကြောင်း သိရသည်။

**မယ်သီတာ**




## BOSCH က အရှေ့တောင်အာရှ ဈေးကွက်တွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ယူရိုသန်း ၈၀ ရင်းနှီးမြှုပ်နှံ

BOSCH လုပ်ငန်းစုသည် အရှေ့တောင်အာရှဈေးကွက်တွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် ယူရိုသန်း ၈၀ ရင်းနှီးမြှုပ်နှံလိုက်ကြောင်း BOSCH ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အရှေ့တောင်အာရှဈေးကွက်သည် လူဦးရေ သန်း ၆၀၀ ကျော်ရှိသည့်ဈေးကွက်ကြီးတစ်ခုဖြစ်သည့်အတွက် အဆိုပါဈေးကွက်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း၊ ထို့ကြောင့် BOSCH လုပ်ငန်းစုသည် အရှေ့တောင်အာရှ ၁၀ နိုင်ငံ၏ ဈေးကွက်တွင်းသို့ ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး ဒေသတွင်းနိုင်ငံအသီးသီးတွင် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

"အရှေ့တောင်အာရှဒေသက BOSCH လုပ်ငန်းစုအတွက် အဓိကအရေးပါတဲ့ ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ဒေသတွင်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ဖို့ အရှေ့တောင်အာရှဈေးကွက်မှာ ယခုနှစ်အတွင်း ယူရိုသန်း ၈၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားဖို့ စီစဉ်လျက်ရှိပါတယ်"ဟု BOSCH လုပ်ငန်းစု၏အုပ်ချုပ်ရေးရာဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ပီတာထရိုလာက ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံအခြေစိုက် BOSCH လုပ်ငန်းစုသည် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားဈေးကွက်အတွင်း BOSCH အဆင့်မြင့် နည်းပညာသုံး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအသုံးပြုသူများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် ယခုနှစ်လယ်ပိုင်းက ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ခရီးသွားလာရေးနှင့် ရွှေ့လျားမှုဆိုင်ရာ ပံ့ပိုးမှုနည်းပညာဟုခေါ်သည့် မော်တော်ယာဉ်များတွင် လိုအပ်သည့်နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးပေးသည့်စက်ရုံကို တိုးချဲ့လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံတွင်လည်း စက်ရုံအသစ်တစ်ခုကို တည်ဆောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

BOSCH လုပ်ငန်းစုသည် အာဆီယံဒေသတွင်းဈေးကွက်များတွင် တိုးချဲ့လုပ်ကိုင်ရန် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက ရောက်ရှိလာခဲ့ပြီး ယခုအချိန်အထိ ယူရိုသန်း ၅၀၀ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ကားဈေးကွက်တွင် စလစ်ကပ်ကားများ ဈေးပြန်မာလာ

စက်တင်ဘာလကုန်ပိုင်း ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်မှာ ယခင်ရက်သတ္တပတ်များထက် အေးသည်ထက်အေးလာပြီး ဂရိတ်စုံ၊ ကားစုံအပါအဝင် ဈေးကွက်တစ်ခုလုံးအေးနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း တစ်ပတ်ထက်တစ်ပတ် အရောင်းအဝယ်အခြေအနေအေးလာပြီး ဈေးတန်းများလည်း မြင့်တက်နေသလို အဝယ်လည်းအေးနေကြောင်း၊ ဧပြီလကုန်ပိုင်းမှ စတင်ခဲ့သည့် ကားပါမစ် ထောက်ခံချက် ပြဿနာသည် အရင်းအမြစ်ဖြစ်နေကြောင်း ကားပါမစ်ပြန်လည်ခွင့်ပြုလာမည်ဟု ယူဆပြီး ဈေးကွက်ကိုစောင့်ကြည့်နေရာမှ ဈေးတန်းများပြန်မာလာခဲ့ကြောင်း၊ အထူးသဖြင့် ဖရီးပါမစ်ကားလေးများ ဈေးကွက်အတွင်း ထပ်မံဝင်ရောက်ရန် အကန့်အသတ်များ ဖြစ်နေသဖြင့် နယ်လိုင်စင်ကားများ ဈေးကွက်ထဲသို့ အရောင်အသွေး စုံ၊ ပုံစံစုံဝင်လာပြီး မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ဈေးကွက်နေရာရရှိကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ထို့အပြင် စလစ်ကားများလည်း ဈေးပြန်မာလာကာ နယ်ဝယ်လက်များဆင်းလာပြီး အသုံးများ ဝက်ဂွန် ကားလတ်များဖြစ်သည့် ကလူဂျာ၊ အာလ်ဖတ်၊ စီအာဗွီ၊ အာအေဗီ(4)၊ ဝှစ်ရှ် စသည်တို့ အရောင်းတန်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း ဝါရင့်ဝယ်ရောင်း ကိုမြင့်ကျော်က သုံးသပ်ခဲ့သည်။

ယင်းအခြေအနေမှသည် ဇူလိုင်လ တတိယပတ်နောက်ပိုင်းတွင် တိုက်၊ ကြေ၊ အပ်ကားများ ဖန်တီးစလစ်ထုတ်ယူမှု ကန့်သတ်ရာမှ လိုက်ထရပ်နှင့် ပစ်ကပ်ကားများ အပ်နှံမှုလျော့ကျပြီး စလစ်ဈေးများမြင့်တက်လာကာ ကနဦးတက်ဈေးဖြင့် အရောင်းအဝယ်များဖြစ်သော်လည်း နောက်ပိုင်းတွင် ပင်ရင်းအဝယ်သာမက နယ်ဝယ်လက်များလည်းကျဲသွားပြီး တဖြည်းဖြည်း စလစ်ကပ်ကားများ အရောင်းအဝယ်ကျဲလာကြောင်း သုံးသပ်သည်။

ယခု စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလဆန်းပိုင်းအခြေအနေမှာ ငွေလဲနှုန်း အတက်မြန်လာခြင်း၊ ကားသွင်းရာအဓိကနိုင်ငံဖြစ်သော ဂျပန်နိုင်ငံမှ ယန်းငွေဈေးလည်း မြင့်တက်လာခြင်း၊ ပြည်တွင်းတွင် ကားဈေးကွက်အတွင်း ကန့် သတ်ချက်များ များပြားလာခြင်း၊ လာမည့်နှစ်မူဝါဒကို ကြိုတင် ခန့်မှန်း သိရှိနေကြ သလို အပ်ကုန်စနစ်ဖြင့်သွင်းသည့်ကားများအားလည်း ၂၀၁၆ နှစ်ကုန်အတွင်း မူရင်းတင်သွင်းနိုင်ငံ ပြန်လည်တင်ပို့ရမည့် ကန့်သတ်ချက်များကြောင့် စလစ်ဈေးတန်း သိန်း ၁၀၀ ဝန်းကျင်ဖြင့် မာနေသော်လည်း အရောင်းအဝယ်အေးနေကြောင်း အရောင်းရှိသော်လည်း အဝယ်မရှိဖြစ်နေပြီး သိန်း ၁၀၀ ဝန်းကျင်နှင့်သိန်း ၁၀၀ အောက် ယခင်သုံးပြီး ဖရီး ပါမစ်ကားဟောင်းများသာ လတ်တလောအရောင်းအဝယ်ရှိကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ နယ်လိုင်စင် |
| ၂။ | ကလူဂျာ (၂၀၀၂) | 9D | ၂၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ကားဟောင်း |
| ၃။ | RAV-4 (၂၀၀၁) | 5F | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | စူဇူကီးဆွစ် (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဟိုက်အေ့စ် (97) (စက်မှု) | 8G | ၁၂၅ သိန်း | 3.0 ဒီဇယ် |
| ၆။ | နီဆန်း(မတ်ချ်) (၂၀၀၈) | 7F | ၈၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | နီဆန်း(နုတ်) (၂၀၁၁) | 5K | ၁၁၉ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | တိုယိုတာ ဝှစ်ရှ် (၂၀၀၄) | ယာယီ | ၂၀၅ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | အပ်ကားစလစ် | | ၁၀၃ သိန်း | |

# ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနတွင် e-Commerce System သင်တန်းဖွင့်လှစ်

ပြည်ပပို့ကုန် လုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရန်နဲ့ ခေတ်ပညာတတ် လူငယ်များအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနဲ့ ပုသိမ်မြို့ရှိ Information Technology Education Center (ITEC) တို့ ပူးပေါင်း၍ e-Commerce System သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်က တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။



အဆိုပါ e-Commerce System သင်တန်းမှာ e-Commerce System နဲ့ ပတ်သက်တဲ့ e-Education, e-Commerce, e-Government အကြောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းသို့ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပုသိမ်မြို့ပေါ်ရှိ ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဖက်ရှင်စတိုးဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဖုန်းဆိုင်များ၊ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများကို လေ့လာလျက်ရှိတဲ့ လူငယ်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ငွေးက အဖွင့်အမှာစကား ပြောကြားပြီး သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ထူးချွန်ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာအောင် e-Education ပညာရပ်များကို သိရှိနားလည်ရန်လိုအပ်ကြောင်း၊ ပြောင်းလဲလာတဲ့ ခေတ်နှင့်အညီ မိမိတို့စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာမှာ ကျင့်သုံးဆောင်ရွက်နေသော e-Commerce နှင့်ပတ်သက်၍ သိရှိနားလည်စေရန်နဲ့ မိမိတို့လုပ်ငန်းများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် e-Government သုံးစွဲခြင်းဖြင့် အစိုးရနှင့် ပြည်သူအကြား ပွင့်လင်းမြင်သာမှုရရှိစေပြီး ဝန်ကြီးဌာနများမှ ထုတ်ပြန်ကြေညာထားသော ဝက်ဘ်ဆိုက်များ၊ သတင်းအချက်အလက်များ၊ စီးပွားရေးမူဝါဒများ သိရှိနိုင်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ ITEC မှ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဆရာ ဦးထွန်းဇံဖြိုးက e-Education, e-Commerce, e-Government ပညာရပ်များကို တက်ရောက်လာသူများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး**

# မွန်ပြည်နယ်အတွင်း BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား အတုပြုလုပ်ရောင်းချမှုနှင့် အန္တရာယ်ရှိဆေးဝါးအတုများအား သိမ်းဆည်းဖျက်ဆီး

မွန်ပြည်နယ်အတွင်း BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား အတုပြုလုပ်ရောင်းချမှု မရှိစေရေးနှင့် အန္တရာယ်ရှိဆေးဝါးအတုများအား သိမ်းဆည်း၍ အဖွဲ့စုံရှေ့မှောက်တွင် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂၉ရက်က မော်လမြိုင်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည့် BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား အတုပြုလုပ် ရောင်းချမှုနှင့်ပတ်သက်၍ စားသုံးသူပြည်သူများ ထိခိုက်နစ်နာမှုနှင့် ဘေးဥပဒ်အန္တရာယ် မဖြစ်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ပြောကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူးက ဆေးဆိုင်ပိုင်ရှင်များအနေဖြင့် စားသုံးသူပြည်သူများအား ဆေးဝါးအတုများ သုံးစွဲမှု မရှိစေရေး၊ မသုံးစွဲမိစေရေးနှင့် အန္တရာယ်ရှိသည့် ဆေးဝါး အတုများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အပ်နှံရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မော်လမြိုင်မြို့မှ ဆေးဆိုင်ပိုင်ရှင်များကလည်း BPI မှ ထုတ်လုပ်သည့်ဆေးဝါးများကို မွန်ပြည်နယ်အတွင်း သုံးစွဲမှုနည်းပါးလျက်ရှိပြီး မော်လမြိုင်မြို့ တစ်မြို့လုံးတွင် BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား လာရောက်ရောင်းချသည့် ကုမ္ပဏီငါးခုသာရှိပါကြောင်း၊ ဆေးဝါးအတုများနှင့် ပတ်သက်၍ မိမိတို့၏ လက်ဝယ်တွင်ရှိနေသည့် အန္တရာယ်ရှိ ဆေးဝါးများကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လာရောက်အပ်နှံမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရှိ ဆေးဆိုင်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေဇင် (မွန်)**

# မောတောင်နယ်စပ်မှ ထိုင်းနိုင်ငံသို့ ဆီအုန်းကုန်ကြမ်း တန်ချိန် တစ်သိန်းတင်ပို့

ယခုစက်တင်ဘာလအတွင်း Mu He's Htaw Co.,Ltd သည် တနင်္သာရီတိုင်းဒေသကြီး၊ မောတောင်ဒေသမှ ထွက်ရှိသည့် ဆီအုန်းကုန်ကြမ်းတန်ချိန်တစ်သိန်းကို မောတောင်နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ကြောင်း မောတောင် ကုန်သွယ်ရေးစခန်းမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မောတောင်ကျေးရွာအနီး တွင် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်က မြေယာများဖော်ထုတ်၍ ဆီအုန်းများကို ၂၀၁၄ ခုနှစ်မှစတင်ကာ စိုက်ပျိုးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ဆီအုန်းဧက ၁၂၀၀၀ ကိုစိုက်ပျိုးနိုင်ခဲ့ရာ အသီးဆွတ်ခူးနိုင်သည့် ဧကပေါင်းမှာ ဧက ၂၅၀၀ ရှိပြီး အဆိုပါဧက ၂၅၀၀ မှ အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ ဆီအုန်းသီး တန်ငါးသောင်းနှင့် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၀ သန်းတန်ဖိုးရှိ ဆီအုန်းကြိတ်ဖက် တန်ချိန် ငါးသောင်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၀ သန်းတန်ဖိုးရှိ ဆီအုန်းကုန်ကြမ်းတန်ချိန်တစ်သိန်းကို ထိုင်း နိုင်ငံသို့ တင်ပို့ခဲ့သည်။

ဆီချောအဆင့် တင်ပို့နိုင်ရန် အဆင်သင့်မဖြစ်သေး သည့် ဆီအုန်းကုန်ကြမ်းများကို ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည့်အတွက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးလာမှုနှင့်အတူ ဒေသခံများအနေဖြင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများဖြင့် လုပ်သားများ အလုပ်အကိုင်ရရှိပြီး စားဝတ်နေရေး အဆင် ပြေလာသည်ကိုတွေ့ရသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ပျိုးရေးကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ် မေလအထိ ဆီအုန်းစိုက်ဧကပေါင်း ၃၈၉၄၂၄ ဧကရှိပြီး အသီးဆွတ်ခူးနိုင်သည့် ဧကမှာ ၁၃၈၅၁၂ ဧကရှိရာ ဆီသီးခိုင်ထွက်ရှိမှု တန်ချိန်မှာ ၆၄၄၄၂ တန်ရှိနေပြီ ဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

နောင်လာမည့်ကာလတွင် ဆီအုန်းကုန်ကြမ်းမှ တစ်ဆင့် ဆီချောအဆင့်သို့ ထုတ်လုပ်တင်ပို့နိုင်ပါက အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ပြီး ယခုအခါ ဆီအုန်းကုန်ကြမ်းများ ထိုင်းနိုင်ငံသို့တင်ပို့နိုင်၍ ပို့ကုန်တင်ပို့မှုတိုးမြင့်လာပြီး ကုန်သွယ်မှုမှာလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရပါသည်။ **TTM(Export)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃-၁၀-၂၀၁၆ မှ ၉-၁၀-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ပင်ပန်းမှုများစွာဖြင့် ရုန်းကန်နေရတတ်သည်။ အနစ်နာခံ၍ ပေးဆပ်သည့်သဘောမျိုးသာများနေတတ်သည်။ စေတနာ့ဝန်ထမ်းပရဟိတလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေတတ်သည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်ပင်ပန်း၍ အင်အားကုန်ခမ်းချိနဲ့နွမ်းနယ်သောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်သဘောကောင်းပြီး သိနားလည်လွယ်သူနှင့်ကြုံဆုံရတတ်သည်။

**ယတြာ။ ။နေကြာပန်းနှင့်သောက်တော်ရေကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အများနှင့်လိုက်လျောညီထွေအဆင်ပြေအောင်နေထိုင်တတ်သော်လည်း တစ်ခါတစ်ရံ ကိုယ်လုပ်ချင်ရာကိုယ်လုပ်တတ်သောသဘောရှိပါသည်။ ပညာရေးတွင် ဝီရိယအားနည်းနေတတ်ပါသည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ အသည်းနှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေတတ်သည်။

**ယတြာ။ ။အရှေ့အရပ်ရှိမြတ်စွာဘုရားတွင် ငွေပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးစုဆောင်းမှုအတွက် အနှောင့်အယှက်အခက်အခဲလေးများရှိတတ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင် စိန်ထည်လုပ်ငန်းများ၊ ကြေးနီရွှေငွေ အကျိုးပေးပါသည်။ ပညာရေးတွင် အောင်မြင်မှုများရရှိလာလိမ့်မည်။ ကျန်းမာရေး စိုးရိမ်စရာမရှိသော်လည်း စိတ်ဖိစီးမှုများနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူခင်သူပေါများနေမည်။ လက်တွဲဖော်ရွေးရန် ခက်နေလိမ့်မည်။

**ယတြာ။ ။ဇွန်ပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအပေါ် အာရုံထားရှိမှုကြောင့် စီးပွားဥစ္စာတိုးတက်မှုအားကောင်းလာတတ်သည်။ ပညာရေးတွင် မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ဖိစီးမှုဒဏ်ကြောင့်ဖြစ်သော ဦးနှောက်အာရုံကြောရောဂါသတိရှိသင့်ပါသည်။ အချစ်ရေးတွင် မယ်တစ်ရွာ မောင်တစ်မြို့ဆိုသလို ခွဲခွာ၍ဝေးနေရတတ်သည်။

**ယတြာ။ ။ဇီဇဝါပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အသစ်အဆန်းများကိုနှစ်သက်တတ်ပြီး ဆန်းသစ်သောအတွေးအခေါ် စွန့်စားလိုသောစိတ်ဓာတ်ရှိသည်။ လျှပ်စစ်ပစ္စည်းနှင့်စားသောက်ကုန်လုပ်ငန်းတို့ အကျိုးပေးပါသည်။ အများ၏အထင်ကြီးမှု၊ လေးစားမှုကို ရတတ်သည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ ပညာရေးတွင်အောင်မြင်အောင်ကြိုးစားတတ်သည်။ အချစ်ရေးတွင် ဝေးကွာနေသော ချစ်သူနှင့်ပြန်လည်နီးစပ်ရန်ကံတရားရှိပါသည်။

**ယတြာ။ ။နှင်းဆီပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** အရာရာမှာစိတ်ခံစားချက်ထက် အသိဉာဏ်၏စေခိုင်းရာကိုသာ အဓိကထားဆောင်ရွက်နေတတ်သည်။ စီးပွားရေးတွင်သံထည်ပစ္စည်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းပိုမိုအကျိုးပြုလိမ့်မည်။ ပညာရေးထက်မြက်မှုရှိနေမည်။ ကျန်းမာရေးတွင် အစာအဆိပ်သင့်ခြင်း၊ အစာအိမ်၊ လေရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးကံမကောင်းသေးပေမယ့် မိမိအားခင်တွယ်သံယောဇဉ်ရှိသူပေါပါသည်။ အိမ်ထောင်ဖက်၏ အလိုကျလိုက်လျောနေရတတ်သည်။

**ယတြာ။ ။သဇင်ပန်းဆောင်ပါ။**



**စနေသားသမီးများအတွက်** မင်းစိုးရာဇာများနှင့်ပတ်သက်၍ အခွင့်အရေးရရှိလာတတ်သည်။ စီးပွားရေး အလုပ်အကိုင်ကောင်းမည်။ ပညာရေးတွင် မိမိသင်လိုသောဘာသာရပ်နှင့် သင်ကြားနေရသောဘာသာရပ်တို့သဟဇာတမတဲ့ စိတ်တိုင်းမကျရှိနေမည်။ ကျန်းမာရေးအနေဖြင့် အနာဆွေးရောဂါ၊ အကြောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် သင့်တင့်မှုရှိနေမည်။

**ယတြာ။ ။ဂန္ဓမာပန်းလှူပါ။**

# ပြည်သစ်သီးဝလံဈေးကွက်သို့ဩဇာသီးများ အဝင်လှိုင်လာ

ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်ရှိကျေးရွာများဖြစ်တဲ့ ဖိုးဦးတောင်၊ သစ်စိမ့်ပင်၊ ပြည်၊ မော်ဘီ၊ ဇီးအုပ်၊ ဝက်ထီးကန်စတဲ့ကျေးရွာများမှ ထွက်ရှိတဲ့ ဩဇာသီးများ ပြည်သစ်သီးဝလံဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာတာကြောင့် ဈေးလည်းချိုလာတာတွေ့ရပါတယ်။ ဩဇာသီးပေါ်ချိန်ဖြစ်လို့ အရောင်း အဝယ်လည်းသွက်လျက်ရှိကာ ရန်ကုန်သို့တင်ပို့နေတာကို တွေ့ရပါတယ်။ ပြည်ဩဇာသီးရာခြင်းဈေး တစ်လုံးလျှင် (ချော) ကျပ် ၁၅၀၊ (လတ်) ကျပ် ၁၀၀ နဲ့ ရောင်းချလျက်ရှိပါတယ်။ ဒေသတွင်းလက်လီဈေးကတော့ တစ်လုံးလျှင်(ချော) ကျပ် ၂၀၀ (အသေးသန့်) ကျပ် ၁၀၀ နဲ့ရောင်းချနေတာတွေ့ရပါတယ်။ ရာသီပေါ် ချိန်သီးနှံဖြစ်လို့ ဒေသတွင်းရော၊ နယ်တင်ပို့မှုပါများပြီး ရောင်းအားကောင်းနေကြောင်း သိရပါတယ်။ ဈေးကွက်သို့ တစ်ရက်လျှင် အလုံးရေ ၅၀၀၀ ကျော်ဝင်ရောက်လျက်ရှိပြီး၊ လုံးရေ ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း**

# MTSH အစုရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲဝေ

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာများသို့ ကုမ္ပဏီ၏လက်ရှိ သာမန်အစုရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲခြမ်းခြင်း (Share Split) များပြုလုပ်ရန် စက်တင်ဘာလ ၂၈ ရက်တွင် ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း MTSH ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက်တွင် ရှယ်ယာခွဲခြမ်းခြင်း ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်နေ့ရက်အား သတ်မှတ်ပြီးပါက ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များထံသို့ ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရှယ်ယာခွဲခြမ်းခြင်းအစီအစဉ်အရ အစုရှယ်ယာတစ်စု၏ မူရင်းသတ်မှတ် တန်ဖိုးသည် ကျပ် ၁၀၀၀၀ မှ ကျပ် ၁၀၀၀ သို့ လျော့ကျသွားမည်ဖြစ်ပြီး ကုမ္ပဏီက ထုတ်ဝေရောင်းချခဲ့သည့် အစုရှယ်ယာစုစုပေါင်းမှာလည်း ၃,၈၉၂,၉၁၅ စုမှ ၃၈,၉၂၉,၁၅၀ သို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ရှယ်ယာခွဲခြမ်းခြင်း အစီအစဉ်ကို ပြုလုပ်ရခြင်းမှာ ရင်းနှီးငွေနည်းပါးသည့် ပြည်သူများ မိမိရင်းနှီးနိုင်သည့်ငွေပမာဏအလျောက် လွယ်လင့်တကူ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ကဏ္ဍစုံမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်လာခြင်းဖြင့် ရှယ်ယာရောင်းဝယ်မှု ပမာဏမြင့်တက်လာစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ရှယ်ယာခွဲခြမ်းခြင်းအစီအစဉ်အရ မူလကအစုရှယ်ယာတစ်စုပိုင်ဆိုင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာ ၁၀ စု ပိုင်ဆိုင်သွားမည်ဖြစ်ပြီး ရှယ်ယာခွဲခြမ်းခြင်းအတွက် ငွေကြေး ထပ်မံပေးဆောင်ရန် မလိုအပ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဒါရိုက်တာအဖွဲ့က အဆိုပြုထားသည့် ရှယ်ယာခွဲခြမ်းခြင်း အစီအစဉ်အား အထူးဆုံးဖြတ်ချက်ချမှတ်၍ သင်းဖွဲ့စည်းမျဉ်းအား ပြင်ဆင်ဖြည့်စွက်ရန် ၂၀၁၆ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပမည့် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို ရယူမည်ဖြစ်ကြောင်း သိရသည်။ ■

# Vietjet က "ဗီယက်နမ်ဆောင်းဦးပေါက် အွန်လိုင်းသောကြာနေ့" အစီအစဉ်ဖြင့် မြန်မာခရီးသွားများအတွက် အထူးဈေးသက်သာသော လက်မှတ်ပေါင်း တစ်သန်းကို ရောင်းချမည်




Vietjet လေကြောင်းလိုင်းမှ 'ဗီယက်နမ်ဆောင်းဦးပေါက် အွန်လိုင်းသောကြာနေ့' အစီအစဉ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်၊ နေ့လယ် ၁၁း၃၀ မှ ၁း၃၀ အတွင်း ပြုလုပ်မည်ဖြစ်ပြီး ယင်းအချိန်အတွင်း သုညကျပ်မှ စတင်သည့် လေယာဉ်လက်မှတ်များကို ရောင်းချပေးကာ ယင်းအချိန်ကျော်လွန်သွားပါကလည်း မြန်မာငွေ ၃၆၀၀ ကျပ်မှ စတင်မည့် လက်မှတ်များကို www.vietjetair.com တွင် ဆက်လက်ဝယ်ယူနိုင်မည်ဖြစ်သည်။

ထိုအထူးလျှော့ဈေးလက်မှတ်များဖြင့် Vietjet ၏ ပြည်တွင်းပြည်ပခရီးစဉ်အားလုံးကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ရက်အတွင်း သွားလာနိုင်မည်ဖြစ်သည်။ မကြာသေးမီက တိုးချဲ့ထားသော ခရီးစဉ်သစ်များဖြစ်ကြသည့် ဟိုချီမင်း-ဟောင်ကောင် ခရီးစဉ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့နှင့် ဟိုချီမင်း-ကောင်းရှမ်၊ ဟိုင်ဖောင်-ဆိုးလ် ခရီးစဉ်များကိုမူ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် စတင်မည်ဖြစ်သည်။

လက်မှတ်များကို နံနက် ၁၁ နာရီခွဲမှ နေ့လယ် ၁နာရီခွဲအတွင်း www.vietjetair.com (စမတ်ဖုန်းများအတွက် https://m.vietjetair.com)တွင် သို့မဟုတ် www.facebook.com/ vietjetmyanmar မှ ("Booking" tab ကို နှိပ်ရုံဖြင့်) ဝယ် ယူနိုင်သည်။

ငွေပေးချေမှုများကို Visa, Master Card, JCB နှင့် American Express ကတ်များဖြင့် ပေးချေနိုင်သည်။Vietjet ၏ Business Development Director ဖြစ်သူ Mr. Desmond Lin က "Vietjet က သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုတွေသာမဟုတ်ဘဲ သုံးစွဲသူတွေအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုတွေ ပေးနိုင်အောင်လို့ နောက်ဆုံးပေါ် e-Commerce နည်းပညာတွေကိုလည်း အသုံးပြုပါတယ်။ ဒီအွန်လိုင်းသောကြာနေ့ အစီအစဉ်လေးဟာ အွန်လိုင်းပေါ်ကနေ ဈေးဝယ်ရင်း ပိုပြီး အချိန်ကုန်သက်သာချင်သူတွေအတွက် အကျိုးအများကြီးဖြစ်စေမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။




| မြို့ | တနင်္လာ(၃-၁၀-၂၀၁၆) | အင်္ဂါ(၄-၁၀-၂၀၁၆) | ဗုဒ္ဓဟူး(၅-၁၀-၂၀၁၆) | ကြာသပတေး(၆-၁၀-၂၀၁၆) | သောကြာ(၇-၁၀-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၇°F |
| လားရှိုး | ၄၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၈၀% ၂၈°C/၈၃°F | ၄၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| ဘားအံ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| တောင်ငူ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| မုံရွာ | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| မြိတ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| စစ်တွေ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| ဖလမ်း | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၁°F |

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း မက်ဂီကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရှိလာခဲ့

ပြီးခဲ့သည့် စက်တင်ဘာလ ၂၈ ရက်က တရုတ်(တိုင်ပေ)သို့ ဝင်ရောက် တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမက်ဂီသည် ဆက်လက်အားကောင်းခဲ့ကာ တရုတ် နိုင်ငံ အရှေ့ပိုင်းသို့ ဆက်လက်တိုက်ခတ်ခဲ့သည်။

တိုင်ဖွန်းမက်ဂီကြောင့် တရုတ် နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာ သွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သည်။

လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး မြေပြိုကျမှုများလည်း ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး ၂၉ ဦးပျောက်ဆုံးနေ ကြောင်း၊ ထို့ပြင် ဆူချန်းပြည်နယ်တွင် မြေပြိုကျမှုများကြောင် လေးဦးသေဆုံးပြီး ၂၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်တို့က ပြေကြားခဲ့ သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆူချန်းပြည်နယ်ရှိတောင်ထူထပ်သည့် ဆူခန်းရွာတွင် ကုဗမီတာလေးသိန်းခန့်ရှိ သည့် မြေထုပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ရှီကျန်းပြည်နယ်၊ ဖူကျန်းပြည်နယ်နှင့် ရှင်စီးပြည်နယ်တို့တွင် ထိခိုက်မှုအများ ဆုံးဖြစ်ခဲ့ပြီး အဆိုပါဒေသသုံးခုမှ လူပေါင်း ၂ ဒသမ ၀၉ ဘီလီယံခန့်မှာ မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ကြရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ယွမ် ၅ ဒသမ ၅၃ ဘီလီယံ (အမေရိကန်ဒေါ် လာ ၈၂၉သန်း) ရှိခဲ့ကြောင်း ဆင်ဟွာက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်းတိုက်ခတ်သည့် ၁၇ လုံးမြောက် မုန်တိုင်းဖြစ်ကြောင်း၊ တရုတ် (တိုင်ပေ)တွင်မူ တစ်လအတွင်း သုံးကြိမ် မြောက်အဖြစ် တိုက်ခတ်ခဲ့သည့် အင် အားကောင်းသည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့သည်ဟု ဆိုသည်။

# ဩစတြေးလျနိုင်ငံတောင်ပိုင်းရှိ မြစ်နှစ်စင်းမှမြစ်ရေများမြင့်တက်လာမှု ကြောင့် မြစ်ရေမြင့်တက်မှုအခြေအနေများအား ထုတ်ပြန်ကြေညာ

ဩစတြေးလျနိုင်ငံတောင်ပိုင်းရှိ မြစ်နှစ်စင်းဖြစ်သည့် Wakefield မြစ်နှင့် Gawler မြစ်တို့တွင် မြစ်ရေများမြင့်တက်လာခဲ့မှုကြောင့် အဆိုပါမြစ်များ အနီးရှိလယ်ကွင်းများတွင် ရေများဖုံးလွှမ်းလျက်ရှိကြောင်း စကိုင်းနယူးစ်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမြစ်နှစ်စင်း၏မြစ်ရေအခြေအနေသည် တစ်နေ့တခြား မြင့်တက်လျက်ရှိပြီး လာမည့်ရက် အနည်းငယ်အတွင်းတွင် အဆိုးရွားဆုံးအခြေအနေသို့ရောက်ရှိလာမည်ဖြစ်သည်ဟု ဆိုသည်။

မြစ်ရေကြီးမှုများဖြစ်ပေါ်ခဲ့ပါက အဆိုပါမြစ်အနီးရှိမြို့များဖြစ်သည့် ဗာဂျီးနီးယား၊ တူးဝဲလ်စ်၊ ဟေးလား၊ အန်ဂယ်လ်ဗေးလ်၊ လူးဝစ္စတန်တို့ အပါအဝင် Penfield ဥယျာဉ်၊ Gawler ဆိပ်ကမ်းနှင့် Buckland ပန်းခြံတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်ကြောင်း စကိုင်းနယူးစ်တွင် ဖော်ပြထားသည်။

မြစ်ရေများမြင့်တက်လာမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့အိမ်တွင်သာ နေထိုင်ကြရန်၊ မြေပြင်တွင် ချထားသည့်ပစ္စည်းများအားအမြင့်တစ်နေရာတွင် တင်ထားရန် စသည့် ရေလွှမ်းမိုးမှုဆိုင်ရာ သတိပေးချက်များအား ထုတ်ပြန်ထားကြောင်း ဩစတြေးလျနိုင်ငံတောင်ပိုင်း အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဘာတန်ကလာ့ခ်က စကိုင်းနယူးစ်သို့ ပြောကြားခဲ့သည်။

အရေးပေါ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် Port Wakefield နှင့် Gawler မြစ်တို့တွင် မြစ်ရေမြင့်တက်မှုမှ ကာကွယ်နိုင်ရန် သဲအိတ်ပေါင်း ခြောက်သောင်းခန့်ကို ချထားပြီးဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှာ မိုးရေချိန် မီလီမီတာ ၁၀၀ ကျော်ရွာသွန်းနိုင်သဖြင့် မြစ်ရေမြင့်တက်မှုမှာ အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့ပြင် အရေးပေါ်စီမံခန့်ခွဲမှု ကော်မတီက ဒေသခံများအား မြစ်ရေတက် လာချိန်တွင် ရေစပ်အနီးသို့သွားရောက် ခြင်းမပြုရန်နှင့်ကလေးငယ်များအား ရေလွှမ်းမိုးနေသည့်နေရာများတွင် ဆော့ကစားခြင်းမပြုရန် တားမြစ်ရမည်ဖြစ်ကြောင်း သတိပေးကြေညာချက်များ ထုတ်ပြန်ထားသည်ဟု ဆိုသည်။

# မကွေးမြို့၊ ရန်ပယ်ဈေးတွင် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာများအား ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးစီး၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်လျက် စက်တင်ဘာ ၂၁ ရက်တွင် မကွေးမြို့၊ ရန်ပယ်ဈေးအတွင်းရှိမုန့်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ မုန့်တိုက်များနှင့် ဓါတ်မြေသြဇာအရောင်းဆိုင်များတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုန့်မျိုးစုံရောင်းဝယ်ရေး ဆိုင်များတွင် ကုန်အမှတ်တံဆိပ်သာ ပါရှိပြီး ပါဝင်သည့် ပစ္စည်းအမျိုးအမည်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ များ မပါရှိသည့် ဒေသတွင်းထုတ်လုပ်သည့် မုန့်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့် မုန့်များကို တွေ့ရှိရသည့်အတွက် ထုတ်လုပ်သည့် လုပ်ငန်းရှင်အား အသိပညာပေး ဆွေးနွေးနိုင်ရန်အတွက် ဆိုင်ရှင်ထံမှ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၏ ဖုန်းနံပါတ်နှင့် လိပ်စာများအား တောင်းယူခဲ့ကြောင်း သိရသည်။ ထို့ပြင် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်များ ရောင်းချသည့် ကုန်ခြောက်ဆိုင်များအား စစ်ဆေးခဲ့ရာ စိုစွတ် သည့် ရာသီဖြစ်သည့် အတွက် ငရုတ်သီးခြောက်၊ ငရုတ်သီးမှုန့်များတွင် မှိုပါဝင်ခြင်းရှိ၊ မရှိ မျက်မြင် စစ်ဆေးခြင်းနှင့် မှိုပါဝင်သည့် ငရုတ်သီးခြောက်များအား ဆက်လက် ရောင်းချခြင်း မပြုရန်နှင့် ကြိတ်ခွဲခြင်းများ မပြုလုပ်ရန် အသိပညာပေး ဆွေးနွေးခဲ့ခြင်း၊ မုန့်ဟင်းခါးဖတ် ရောင်းချသည့် ဆိုင်များတွင် ချွတ်ဆေး သုံးစွဲထားသော မုန့်ဖတ်များ တွေ့ရှိခဲ့ရသည့်အတွက် လုပ်ငန်းရှင်အား အသိပညာပေးနိုင်ရန်အတွက် လုပ်ငန်းရှင်၏ လိပ်စာများ တောင်းယူခြင်း၊ ကုန်စိမ်းတန်းများတွင် ရောင်းချနေသော မျှစ်များတွင် ဆိုးဆေးများ အလွန်အကျွံ သုံးစွဲထားသည်ကို တွေ့ရှိရသည့်အတွက် သဘာဝအတိုင်း ရောင်းချရန် အသိပညာပေး ဆွေးနွေးခြင်း၊ ငါးခြောက်ဆိုင်များတွင် ငါးခြောက်များကို ဆိုးဆေးများ သုံးစွဲထားခြင်း တွေ့ရှိရသည့်အတွက် ထပ်မံဝယ်ယူ တင်ပို့ရောင်းချခြင်း မပြုရန်နှင့် ထပ်မံတွေ့ရှိပါက စည်ပင်သာယာ ဥပဒေဖြင့် အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သတိပေးဆွေးနွေးခြင်း၊ ဓာတ်မြေသြဇာဆိုင်များကို စစ်ဆေးရာတွင် မြန်မာဘာသာဖြင့် ဖော်ပြထားခြင်းမရှိသော တရုတ်နိုင်ငံ ထုတ် ဓာတ်မြေသြဇာများကို တွေ့ရှိရသည့်အတွက် အရောင်းကိုယ်စားလှယ်အား အညွှန်း စာသားများကို မြန်မာဘာသာဖြင့် ဖော်ပြထားသော ဓာတ်မြေသြဇာများကို သာရောင်းချရန် မှာကြားခြင်းနှင့် အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်**
**(မကွေး)**

■



## ပုသိမ်မြို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများနှင့် ကွင်းဆင်းစိစစ်ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနသည် ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်တွင် စက်တင်ဘာလ ၁၅ရက်တွင် ပုသိမ်မြို့၊ ဘုရားကြီးကုန်းကျေးရွာ အထကခွဲကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား ၂၆၅ ဦးနဲ့ ဘုရားကြီး ကုန်းကျေးရွာ ပြည်သူလူထု ၁၅၅ဦးအားလည်းကောင်း၊ စက်တင်ဘာလ ၁၆ ရက်တွင် ဧရာဝတီတိုင်း ဒေသကြီး ၂၆ မြို့နယ်ရှိ အာမိုကွန်ပေါင်း အရောင်းတာဝန်ခံ ၄၀ ဦးအား လည်းကောင်း၊ စက်တင် ဘာလ ၂၀ ရက်တွင် ပုသိမ်မြို့နယ် အ. မ. က (၂၃) ကသဲတန်း ကျေးရွာရှိ ဆရာ၊ ဆရာမ၊ ကျောင်းသူ ၃၀၅ ဦးအားလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး စားသုံးသူပညာပေး လက်ကမ်းစာစောင်များအားလည်း ဖြန့်ဝေပေးခဲ့ပါတယ်၊

ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူများ၏ အခွင့်အရေးနဲ့ တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနဲ့ တာဝန်များ၊ ပြစ်ဒဏ်များအားလည်းကောင်း၊ အစားအသောက်များတွင် ပါဝင်ရောင်းချနေသည့် ပိုးသတ်ဆေး၊ ဆိုးဆေးများအကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ၂၀၁၃-ဩဂုတ်လ မှ ၂၀၁၆-ဧပြီလ အထိ တရားဝင် ထုတ်ပြန်ထားသော စားသုံးရန်၊ အသုံးပြုရန် မသင့်သည့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ စာရင်းများအား အသိပေး ဟောပြောခဲ့ပါတယ်။

ထို့ပြင် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းမုန့် ဈေးတန်း နှစ်ကြိမ်၊ စည်ပင်ဈေးများအတွင်း နှစ်ကြိမ်၊ ဈေးကွက်ရောက် စားသုံးရန် မသင့်သည့် အစားအစာများအား အသိပညာပေးခြင်း၊ ကွင်းဆင်း စိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး၊ ဈေးကွက်မရောက်မီ ထုတ်လုပ်သည့် ပစ္စည်းစက်ရုံများသို့ နှစ်ကြိမ် ထုတ်ကုန် လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်း အသိပညာပေး စိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ ပါတယ်။

**မောင်ပုသိမ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် စစ်ကိုင်းတိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာစာသင်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်ကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ကလေးခရိုင်တွင် (၆၀) ကြိမ်၊ ကသာခရိုင်တွင် (၆၅) ကြိမ်၊ စစ်ကိုင်းခရိုင်တွင် (၅၅) ကြိမ်၊ ယင်းမာပင်ခရိုင်တွင် အကြိမ် (၄၀)၊ ရွှေဘိုတွင် (၇၈) ကြိမ်စုစုပေါင်း (၂၉၈) ကြိမ်ကျင်းပပြုလုပ်ရန် လျာထားခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ တတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ (၁၆၄) ကြိမ်၊ ဈေးနှင့်ကျောင်းဈေးများတွင် ကွင်းဆင်းစစ်ဆေးမှု (၁၂) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း သုံးကြိမ်နှင့် သင်တန်းဖွင့်လှစ်ခြင်း တစ်ကြိမ် ပြုလုပ်နိုင် ခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်း သူများနှင့်လေ့လာသူ ၂၆၇၂ ဦး တက် ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ FDA မှ ထုတ်ပြန်ထားသည့် တားမြစ်ဆေးဝါးနှင့် အစားအသောက် စာရင်းများပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျာထားချက်ထက် ပြည့်မီကျော်လွန် အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**တင်တင်မိုး (မုံရွာ)**

## မုံရွာမြို့နယ်တွင် စက်တင်ဘာလ အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ၊ လျာထားချက်ထက် ကျော်လွန်ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၏ လက်အောက်ရှိ မုံရွာမြို့နယ် တာဝန်ခံ အနေဖြင့် မုံရွာခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးရုံးမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်နှင့် ဝန်ထမ်းများသည် မုံရွာမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၁၃ ခုရှိ စာသင် ကျောင်း ၁၃ ကျောင်းသို့ စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများကို လျာထားချက်ထက် ကျော်လွန်ကာ စက်တင်ဘာလအတွင်း ကျင်းပခဲ့ကြကြောင်း သိရပါသည်။

ထိုသို့ကွင်းဆင်းရာတွင် စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက်များတွင် ဌာနဝန်ထမ်းများသာပါဝင်ခဲ့ပြီး၊ စက်တင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ကျောင်းခုနစ်ကျောင်းသို့ ကွင်းဆင်းဟောပြောရာတွင် မုံရွာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်၊ ဦးစီးမှူး ဒေါ်သန်းသန်းတင်နှင့် မုံရွာမြို့နယ် တာဝန်ခံဦးထွန်းလှိုင်တို့က စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဥပဒေ၊ လူတို့ကို အန္တရာယ်ဖြစ်စေနိုင်သည့် အစားအသောက်များအကြောင်းတို့ ကို အသိပညာပေး ဆွေးနွေးခဲ့ကြသလို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံ ရေးဦးစီးဌာန ဦးစီးမှူးက ကျောင်းသားနှင့်ကျေးလက်ပြည်သူများ ခေတ်နှင့်အညီ ဗဟုသုတ ပြည့်ဝစေဖို့ စာဖတ်ရှိန် တိုးမြှင့်ရန် ကိစ္စများကို အသီးသီး ဟောပြောရှင်းလင်းခဲ့ကြကြောင်း သိရပါသည်။

မုံရွာမြို့နယ် စားသုံးသူရေးရာ မြို့နယ်တာဝန်ခံအနေဖြင့် မြို့ပြနှင့် အလှမ်းဝေးကာ သွားလာရေးခက်ခဲသည့် ကျေးရွာများအရောက် အသိပညာပေးခရီးလျှောက်ခဲ့ရာ အခြေခံပညာ ၁၃ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမနှင့်ကျေးလက်ပြည်သူပေါင်း ၂၉၆၅ ဦးကို ဟောပြောနိုင်ခဲ့သလို ပညာပေးစာစောင် ၁၁၈၇ စောင်ကို ဖြန့်ဝေနိုင်ခဲ့ရာ ကျေးလက်ဒေသများ ရှိစားသုံးသူအလွှာပေါင်းစုံ၏ အသိပညာ လိုအပ်ချက်ကွက်လပ်များကို ဖြည့်စွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**ထွန်းလှိုင်-မုံရွာ**

## ရခိုင်ယူနိုက်တက်အသင်း၏အိမ်ကွင်းပြုပြင်ရန် ငွေကျပ်သိန်း ၆၀၀၀ ကျော် သုံးစွဲမည်

ရခိုင်ယူနိုက်တက်အသင်းသည် အိမ်ကွင်းပြုပြင်ရန် ငွေကျပ်သိန်း ၆၀၀၀ကျော် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ စစ်တွေမြို့ရှိ ဝေသာလီကွင်းကို ၂၀၁၇ခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် အိမ်ကွင်းအဖြစ် အသုံးပြုနိုင်ရန် ပြင်ဆင်နေသည့် ရခိုင်ယူနိုက်တက်အသင်းသည် လက်ရှိအချိန်တွင် ကွင်းကိုပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်းသိရသည်။

"လာမယ့်ရာသီမှာ ကွင်းပြင်ဆင်ဖို့ကို အသုံးစရိတ်က ကျပ်သိန်း၆၀၀၀ ကျော်လောက် ကုန်လိမ့်မယ်လို့ မှန်းထားတယ်။ ဒါပေမယ့် အဲဒါတွေက အကုန်တော့ မဟုတ်သေးဘူး။ ဖြည်းဖြည်းချင်း ပြင်သွားမှာဖြစ်တယ်"ဟု ရခိုင်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက ပြောသည်။

ရခိုင်ယူနိုက်တက်အသင်းသည် ဝေသာလီ ကွင်းကို အဝတ်လဲခန်းများ အဆင့်မြှင့်တင်ခြင်းများ၊ ကွင်းဘေးပတ်လည်များ ကာရံခြင်းတို့ကို ပြုလုပ်နေပြီဖြစ်ပြီး ကွင်းမြက်ခင်းပြင်ကိုလည်းအတွေ့အကြုံရှိ ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ယူနိုက်တက်အသင်းသည်၂၀၁၆ခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီပထမအကျော့တွင် ရလဒ်ဆိုးများရှိခဲ့သော်လည်း ရာသီကုန်တွင် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ကြောင်းသိရသည်။

## လာမည့်နှစ်တွင် ဟဲဗီးဝိတ်လက်ဝှေ့ကျော် ဖူရီ ကြိုးဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်ဟု နည်းပြဖြစ်သူ ပြောကြား



ကျန်းမာရေးအခြေအနေကြောင့် ကလစ်ရှ်ကိုနှင့်လာမည့် အောက်တိုဘာလအတွင်း ထိုးသတ်မည့်ပွဲကို ရွှေ့ဆိုင်းခဲ့ရသည့် ဟဲဗီးဝိတ်လက်ဝှေ့ကျော် တိုင်ဆန်ဖူရီ၏ နည်းပြဖြစ်သူ ပီတာဖူရီက ဖူရီအနေဖြင့် လာမည့်နှစ်အတွင်း လက်ဝှေ့ကြိုး ဝိုင်းအတွင်းသို့ ပြန်လည် ဝင်ရောက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုင်ဆန်ဖူရီသည် လာမည့် အောက်တိုဘာလအတွင်း ကလစ်ရှ်ကိုနှင့်ထိုးသတ်ရန် စီစဉ်ထားသော်လည်း ၎င်း၏နောက်ကျော ဒဏ်ရာကြောင့် ပထမအကြိမ်ရွှေ့ဆိုင်းခဲ့ရပြီး ယခု တစ်ကြိမ်ရွှေ့ဆိုင်းခြင်းသည် ဒုတိယအကြိမ် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းကဲ့သို့ ထိုးသတ်ရန် စီစဉ်ထားပြီးမှပွဲကို အကြိမ်ကြိမ်ရွှေ့ဆိုင်းခြင်းသည် ကလစ်ရှ်ကိုနှင့် ထိုးသတ်ရန် ငြင်းပယ်ခြင်းမဟုတ်ဘဲ ၎င်း၏ကျန်းမာရေးအခြေအနေကြောင့်သာဖြစ်ကြောင်း၊ ဖူရီ၏ နိုင်ပွဲကို စောင့်မျှော်နေကြသည့် ပရိသတ်များအနေ ဖြင့် လာမည့်နှစ်တွင် ဖူရီ၏ပွဲကြီးပွဲကောင်းများကို မြင်တွေ့ရမည်ဖြစ်ကြောင်း ပီတာက ပြောကြားခဲ့သည်။ ဖူရီသည် ကလစ်ရှ်ကိုနှင့် ထိုးသတ်ရန် ဇူလိုင် လ ၉ ရက်ကို သတ်မှတ်ထားခဲ့သော်လည်း ဖူရီဘက်မှ ကျန်းမာရေးအကြောင်းပြကာ ငြင်းဆိုခဲ့သည်။

ထို့နောက် စက်တင်ဘာလ ၂၃ ရက်တွင် ထိုးသတ်ရန် သဘော တူညီခဲ့သော်လည်း ဖူရီကပင် ကျန်းမာရေးအကြောင်းပြကာ ပွဲကိုရွှေ့ဆိုင်းခဲ့သည်။

## ကျော်ကိုကိုနှင့်သီဟဇော်တို့ကို ဥရောပခြေစမ်းခရီးမှ ပြန်လွှတ် မိသားစုတစ်ခုကဲ့သို့ ညီညွတ်သည့်အသင်းဖြစ်ရန်သာ တည်ဆောက်ကြောင်း မြန်မာအသင်းနည်းပြ မစ္စတာဂက် ဖွင့်ဟ

ဆူဇူကီးဖလားပြိုင်ပွဲနှင့်အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန်ရည်ရွယ်၍ ဥရောပနိုင်ငံများသို့ လေ့ကျင့်ခြေစမ်းခရီးထွက်လျက်ရှိသည့်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ ရှေ့တန်းတိုက်စစ်မှူး ကျော်ကိုကိုနှင့် ကွင်းလယ်လူ သီဟဇော်တို့ကို စည်းကမ်းပိုင်းတွင်လိုက်နာမှု အားနည်းသည်ဟုဆိုကာ ခြေစမ်းခရီးမှ ပြန်လည်စေလွှတ်လိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်မစ္စတာဂက်ဆီဇီက ဆူဇူကီးဖလားအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မိသားစုကဲ့သို့ စည်းလုံးညီညွတ်သောအသင်းဖြစ်ရေးအတွက် အဓိက တည်ဆောက်ထားကြောင်း ဖွင့်ဟပြောကြားခဲ့ သည်။

ကစားသမား နှစ်ဦးလျှော့ချပြီးနောက် မစ္စတာဂက်က "မြန်မာ့လက်ရွေးစင်အသင်းဟာ အသင်းလိုက် ကစားအားကောင်းပြီးစုစည်းညီညွတ် တဲ့အသင်းဖြစ်ဖို့ အဓိကကျပါတယ်။ မိသားစုတစ်ခုလို စည်းစည်းလုံးလုံးရှိနေရပါမယ်။ မိသားစုနှစ်ခြမ်းကွဲနေသလို ဖြစ်လို့မရပါဘူး။ ပြောမယ်ဆို အများကြီးပြောပြနိုင်တာပေါ့။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့က အခုချိန်မှာ အသင်းလိုက် စုစည်းမှုကောင်းအောင်၊ အသင်းလိုက်ကစားအားကောင်းအောင် ကြိုးပမ်းပြင်ဆင်နေချိန်ဖြစ်တော့ ဘာမှ အကျယ်တဝံ့မပြောချင်ပါဘူး။ ဥရောပခရီးစဉ်က အပြန်မှာ မေးနိုင်ပါတယ်။ နည်းပြချုပ်တစ်ယောက်အနေနဲ့ နည်းစနစ်ပိုင်းအရရော အသင်းရဲ့ရှေ့ရေးအတွက်ပါ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ။ အခုချိန်မှာတော့ မြန်မာအသင်းကို အသင်းလိုက်ကစားအားကောင်းပြီး တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာဖို့ပဲ ပြင်ဆင်နေပါတယ်"ဟု ဆိုသည်။

မြန်မာအသင်းသည် ခြေစမ်းပွဲ လေးပွဲကစားအပြီးတွင် နှစ်ပွဲ သရေ၊ တစ်ပွဲရှုံး၊ တစ်ပွဲ အနိုင်ရ ထားပြီး ဘယ်လ်ဂျီယံကလပ် Patro Eisden အသင်းနှင့် ခြေစမ်းကစားရာတွင် လေးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



ပဏာမ မြန်မာ့လက်ရွေးစင်ကစားသမား (၂၃)ဦး စာရင်း

(ဂိုး) ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင် (ဆောက်သမ်းမြန်မာ)၊ ရန်အောင်လင်း(ရတနာပုံ)၊ (နောက်တန်း) ဒေးဗစ်ထန်(ရန်ကုန်)၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ နန္ဒ ကျော်(မကွေး)၊ကျော်ဇင်လွင်(မကွေး)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်လင်း(ရှမ်း)၊ (အလယ်တန်း) မျိုးကိုထွန်း (ရတနာပုံ)၊ ရဲကိုဦး(ရတနာပုံ)၊ ရန်အောင်ကျော်(ရန်ကုန်)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ရန်နိုင်ဦး(ရှမ်း)၊ဆက်ဖြိုးဝေ(မကွေး)၊ (ရှေ့တန်း)အောင်သူ(ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်)၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ဆမ်လန်မန်(ချင်း)တို့ဖြစ်ကြသည်။



## အနာဂတ်ကာလတွင် အင်္ဂလန်အသင်း၏အဆင့်အတန်းကို မြှင့်တင်ပေးချင်သည်ဟု အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး ဆို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ၎င်းအနေဖြင့် အနာဂတ်ကာလတွင် အင်္ဂလန်အသင်း ၏အဆင့်အတန်းကိုမြှင့်တင်ပေးချင်သည်ဟု ဖွင့်ဟပြောကြားလိုက်သည်။ သို့သော် လက်ရှိအချိန်တွင်မူ အာဆင်နယ်အသင်းကိုသာ အာရုံစိုက်နေဦးမည်ဟုလည်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

"အနာဂတ်ကာလမှာ အင်္ဂလန်အသင်းကို ကိုင်တွယ်ပြီး အသင်းရဲ့အဆင့်အတန်းကို မြှင့်တင်ပေးချင်ပါတယ်။ ကျွန်တော် အားလပ်သွားရင်ပေါ့လေ။ ဒါ မဖြစ်နိုင်စရာအကြောင်းမှ မရှိတာ"ဟု အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။ ပြင်သစ်လူမျိုးအာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ အောက်တိုဘာလ ၁ ရက်တွင် နှစ်နှစ်ဆယ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၎င်း၏စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်သည် အင်္ဂလန်လက်ရွေးစင်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဆမ်အလာဒိုက်စ်ကို နည်းပြအဖြစ်မှ ပြီးခဲ့သည့် စက်တင်ဘာလ ၂၇ ရက်က ထုတ်ပယ်ခဲ့ရာ အင်္ဂလိပ်ဘောလုံးလောကတစ်ခုလုံးပွက်လောရိုက် သွားခဲ့သည်။အင်္ဂလိပ် ဘောလုံးအဖွဲ့ချုပ်သည် ဆမ်အလာဒိုက်စ်ကို နည်းပြအဖြစ်ခန့်အပ်ပြီး ရက်ပေါင်း ၆၇ ရက်အကြာတွင် နည်းပြအဖြစ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်သည် အင်္ဂလန်အသင်း၏နည်းပြဟောင်းဖြစ်သူ ရွိုင်းဟော့ဆန်ကို ယူရို ၂၀၁၆ ပြိုင်ပွဲအပြီးတွင် နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် ဆမ်အလာဒိုက်စ်ကို အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ဆမ်အလာဒိုက်စ်သည်ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာနှင့်အင်တာဗျူးပြီးနောက် ဗီဒီယိုဖိုင် တစ်ခု ထွက်ပေါ် လာခဲ့ရာ အဆိုပါဗီဒီယိုဖိုင်တွင် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်၏လျှို့ဝှက်ချက်များကို ပေါက်ကြားစေသည်ဟူသည့်အချက်များကြောင့် ယခုကဲ့သို့လမ်းခွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ယခုအခါတွင် အင်္ဂလန်အသင်း၏မန်နေဂျာအဖြစ် အင်္ဂလန်ယူ-၂၁အသင်းမှ နည်းပြချုပ် ဂါးရက်ဆောက်သ်ဂိတ်ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

Vol: 16, No.37 Monday October 3 2016

## မော်လမြိုင်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးဝင်းထွန်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၇ ရက်တွင် မော်လမြိုင်မြို့၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဝင်းထွန်းက ဌာနနှင့် ပတ်သက်သော သိကောင်းစရာများအား ရှင်းလင်းဆွေးနွေး ခဲ့ပြီး မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူ ရေးရာ ဌာနခွဲတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းများအား လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာ ဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများနှင့် လုံခြုံစိတ်ချရမှု မရှိသော တားမြစ်ကုန်စည်များ၏ ဘေးဥပဒ်အန္တရာယ်များ အကြောင်းအားလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ဟောပြော ဆွေးနွေးပွဲသို့ အိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင် ကျောင်းမှ ဆရာ၊ ဆရာမ ရှစ်ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၈၀ ဦး တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရပါသည်။

အလားတူ စက်တင်ဘာလ စတုတ္ထပတ် (စက်တင်ဘာ ၂၂ မှ ၂၇ ရက် အထိ) တွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် မွန်ပြည်နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ် စုစုပေါင်း ခုနစ် ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ တက်ရောက်သူ ၁၅၅၃ ဦးရှိကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

## ထန်တလန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူးရုံးမှ ဦးဇော်မင်းနှင့် ဝန်ထမ်းသုံးဦးတို့သည် ထန်တလန်မြို့နယ်အတွင်းရှိ မူလတန်း ကျောင်းများသို့ စက်တင်ဘာ ၂၀ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲများကို အမက(၂)၊ ထန်တလန်မြို့နှင့် အမက(၃)၊ ထန်ထလန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အမက(၂)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၈၂ ဦးခန့်၊ အမက(၃)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၇၇ ဦးခန့် တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီ မြေပဲဆီစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေး ဟောပြောပွဲများတွင် ဦးတီလကျုံးမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ဆိုးဆေးများအကြောင်း ဟောပြော ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ နိုင်ရန်အတွက် ဗီဒီယိုပြကွက်များဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**ဒေါ်ကြယ် (ဟားခါးမြို့)**

## ရေဦးမြို့အထက(၁) နှင့် အထက(၂) တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ကွင်းဆင်းလေ့လာပညာပေးဆောင်ရွက်

ရေဦးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရေဦးမြို့နယ်ရှိ သက်ဆိုင်ရာဌာနအသီးသီးရှိ တာဝန်ရှိသူ များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၇ ရက်က ရေဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းဈေးဆိုင်များသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။

ကျောင်းဈေးတန်းဆိုင်များ၌ မြန်မာ့ရိုးရာမုန့်များ၊ အခြားနိုင်ငံမှ ထုတ်လုပ်သော မုန့်မျိုးစုံများ၊ ပင်လယ်စာ တုတ်ထိုးအသားချောင်းများ ရောင်းချနေသည်ကို တွေ့ရှိရ ပြီး စီးကရက်ပုံ မုန့်များရောင်းချခြင်း မရှိသည်ကို တွေ့ရှိရသည်။ ၎င်းနောက်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ် တာဝန်ခံက ဈေးသည်များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား မိမိတို့၏ ရင်သွေးသားသမီးများကဲ့သို့ သဘောထားကာ အန္တရာယ်ရှိသော ခွင့်မပြုဓာတုဆိုးဆေးပါမုန့်များ၊ အခြားနိုင်ငံများမှ ဝင်ရောက်လာသော အန္တရာယ်ရှိဆိုးဆေးပါ အစားအစာများနှင့် ပင်လယ်စာ တုတ်ထိုး အသား ချောင်းများအား ရောင်းချမည့်အစား မြန်မာ့ရိုးရာမုန့်များကို သာ သန့်ရှင်းသပ်ရပ်စွာ ရောင်းချသင့်ကြောင်း၊ ပညာပေး ဆွေးနွေးပြီးနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းစာတွင် ကြော်ငြာထားသော ခွင့်မပြုဓာတုဆိုးဆေး ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သည့် အစားအစာများ စာရင်းကို ကျောင်းအုပ်ကြီးများနှင့် ကျောင်းဈေးသည်များထံ ဖြန့်ဝေပေးခဲ့ပါသည်။

**အောင်ညွှန့် (ရေဦး)**



### ဖျာပုံမြို့ရှိ မုန့်လက်ကားဆိုင်ကြီးများတွင် စီးကရက်ပုံစံဖြင့် ကလေးစားသောက်ဖွယ်ရာများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေး

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင်လှမိုး ဦးဆောင်မှုဖြင့် ဈေးတာဝန်ခံ ဦးရဲစိုးထက်နှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယမြို့နယ် ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးဦးစီးဌာနမှ လက်ထောက်ပညာရေးမှူး ဦးမြင့်လွင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် စက်တင်ဘာ ၂၇ ရက်က မုန့်မျိုးစုံလက်ကား အရောင်းဆိုင်ကြီးများတွင် စီးကရက်ပုံစံဖြင့် ပြုလုပ်ထားသော ကလေးစားသောက်ဖွယ်ရာများ ရောင်းချခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီကဈေးကွက်အတွင်း ကွင်းဆင်း စစ်ဆေးရာတွင် စီးကရက်ပုံစံဖြင့် ပြုလုပ်ထားသော မုန့်များ ဖြန့်ဖြူးရောင်းချနေသည်ကို တွေ့ရှိရသဖြင့် ပညာပေးဆွေးနွေးမှုများ ပြုလုပ်ကာ အဆိုပါမုန့်များအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက FDA က စားသုံးရန် မသင့်ကြောင်း ထုတ်ပြန်ကြော်ငြာထားသော မုန့်ပဲသရေစာ အစားအစာများအား စစ်ဆေးခြင်းနှင့် စားသုံးသူ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ကသာမြို့တွင် စားသုံးရန်မသင့်သော Yangriwang အမှတ် တံဆိပ် မလိုင်ချောင်းနှင့် တရုတ်စာသားပါ ခေါက်ဆွဲခြောက်များ သိမ်းဆည်း မီးရှို့ဖျက်ဆီး

ကသာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနသည် စက်တင်ဘာ ၂၆ ရက်က ကသာမြို့၊ သီရိခေမာဈေး၊ မြို့မဈေး၊ ပတ္တမြားဈေးနှင့် အထက(၁)၊ အလက(၃)၊ အထက(၃)၊ အမက(၁) ကျောင်းဈေးတန်းတို့တွင် တရုတ်စာတန်းပါ ခေါက်ဆွဲ ခြောက် ၁၇၉ ထုပ်၊ စီးကရက်ချိုချဉ်ဘူး ၁၄ ဘူး၊ စီးကရက်ချိုချဉ်ကိုးခု Yangriwang အမှတ်တံဆိပ်ပါ မလိုင်ချောင်းငါးခု၊ ပစ္စည်းပေါင်း ၂၀၇ ခုအား သိမ်းဆည်းပြီး ဈေး ဆိုင်များအား နောက်နောင် မရောင်းချရန်နှင့် ရောင်းချနေသည်ကို တွေ့ရှိပါက အစားအသောက်ဥပဒေပုဒ်မ ၂၈(က) အရ အရေးယူမည်ဖြစ်ကြောင်း ပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ဈေးဆိုင်ပေါင်း ၁၄ ဆိုင်နှင့် စာသင်ကျောင်းလေးကျောင်းရှိ မုန့်ဈေးတန်း ၁၆ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်ဆရာဝန်ကြီး၊ ကသာမြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့မရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်ပြီး၊ ဖမ်းဆီးရရှိသော ခေါက်ဆွဲခြောက်၊ စီးကရက်မလိုင်ချောင်း၊ Yangriwang အမှတ်တံဆိပ်ပါ မလိုင်ချောင်းများအား ကသာမြို့၊ မီတာ ၂၀၀ အားကစားကွင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရပါသည်။

**လှလှခိုင်-ကသာ**

UPG

# ORIENT Professional

## Emulsion Paint

အရည်အသွေးကောင်းမွန်သော **ORIENT** ***Professional*** ကို ကွန်ကရစ်၊
ပလတ်စတာနှင့် အင်္ဂတေမျက်နှာပြင်များပေါ်တွင် အလှဆင်ရန်အတွက်အသုံးပြုနိုင်သည်။

4 YEARS PERFORMANCE

EXTERIOR/ INTERIOR

WEATHER RESISTANCE

ALGAE RESISTANCE




**384 designing colors**
Through Tinting System

- ဆေးသားလိပ်ကွာထွက်ခြင်းနှင့် အမှုန်ဖွာထွက်ခြင်းမရှိပါ။
- ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည်။
- မှိုနှင့် ရေညှိတက်ခြင်းကိုခံနိုင်ရည်ရှိသည်။
- လေးနှစ်အာမခံဖြစ်သည်။
- ခဲနှင့် ပြဒါးပါဝင်မှုမရှိပါ။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint



# တောင်ကြီးမြို့ရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများကျင်းပ

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ရုံးအုပ်ဦးခွန်ကျော်ဌေးနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၀ ရက်က အမှတ်(၂၁၂) ဆက်သွယ်ရေး တပ်ရင်းရှိ အမက မူလွန်တွင် လည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်က အလက(၄) နှင့် အလက(ခွဲ) ဂနိုင်ရေးတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်က ပန်သခွား ကျေးရွာ အထကတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ် ခဲ့ပါသည်။

ဟောပြောပွဲသို့ အမှတ်(၂၁၂) ဆက်သွယ်ရေးတပ် အမက(မူလွန်)တွင် ၅၅၅ ဦး၊ အလက (၄) တွင် ၃၁၅ ဦး၊ အလက(ခွဲ) ဂနိုင်ရေးတွင် ၂၅၇ ဦးနှင့် ပန်သခွားကျေးရွာ အထကတွင် ၂၆၃ ဦး အသီးသီးတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ဦးခွန်ကျော်ဌေးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုအကြောင်း၊ စားသုံးသူ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များနှင့် အာမခံချက်ရှိသော ကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူ စားသောက်သုံးစွဲနိုင်ရေး အကြောင်းများအား လည်းကောင်း၊ ဒေါ်ဆုမွန်ဆွေနှင့် ဒေါ်ထူးအိန္ဒြာဗိုလ်တို့က အချိုမှုန့်၊ ဆိုးဆေးနှင့် စားသုံးရန်မသင့်သော အစားအသောက်များအကြောင်း၊ ကင်ဆာဖြစ်စေသော အစားအသောက်နှင့် အမူအကျင့်များ အကြောင်းအား လည်းကောင်း၊ ဒေါ်မိုးသဥ္ဇာနွယ်နှင့် ဦးအုံ့ကျော်ပိုင်တို့က ဝန်ဆောင်မှု၊ စားသုံးဆီနှင့် တာရှည်ခံဆေးများအကြောင်းကို အသီးသီး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသူ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ ဦးခွန်ကျော်ဌေးက ပြန်လည်ဖြေကြားခဲ့ပြီးစားသုံးသူအကာအကွယ် ပေးရေး ဥပဒေစာအုပ်မှ ထုတ်ပြန်ထားသော အချက်များ စားသုံးရန်၊ အသုံးပြုရန်မသင့်သော ကုန်ပစ္စည်း အမည်စာရင်းပါစာအုပ်၊ တိုင်ကြားမှုပုံစံနှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**ဆုမွန်ဆွေ (တောင်ကြီး)**

# ရွှေညောင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများကျင်းပ

ရှမ်းပြည်နယ် တောင်ပိုင်း စားသုံးသူရေးရာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေညောင်မြို့နယ်ရှိ စာသင်ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများကို ကျင်းပခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ရွှေညောင်မြို့နယ်၊ ဟဲကယ်ကျေးရွာရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ လှိုင်ဘုံသာရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ရွှေညောင်မြို့ပေါ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ရွှေညောင်မြို့နယ် အမှတ်(၂၀)အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် တောင်လေးလုံးရှိ အမှတ်(၁၅)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ခဲ့ပါတယ်။

ရွှေညောင်မြို့နယ်၊ ဟဲကယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူအင်အား ၄၀၀ ဦး၊ ရွှေညောင် လှိုင်ဘုံသာရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူအင်အား ၂၂၀ ဦး၊ ရွှေညောင်မြို့ပေါ်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၆၀၀ ဦး၊ ရွှေညောင်မြို့ အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၃၀၅ ဦး၊ တောင်လေးလုံး အမှတ်(၁၅) အခြေခံ



ပညာ အထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၉၉၀ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ဦးစီးမှူး ဦးသန်းတိုးက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာနှင့် ဥပဒေ အကြောင်း၊ အကြီးတန်းစာရေး ဦးဇော်ဇော်လတ် နှင့် အကြီးတန်းစာရေး ဦးစိုင်းသန့်စင်ဟိန်းတို့က အစားအသောက်နှင့် ဆိုးဆေးအန္တရာယ်များ အကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးနှင့် အကြီးတန်းစာရေး ဒေါ်သီသီထွေးတို့က စားသုံးရန်မသင့်သော အစားအသောက်များနှင့် ကင်ဆာရောဂါများအကြောင်း ဟောပြောဆွေးနွေးခဲ့ပါ တယ်။

ဟောပြောပွဲသို့ ကျောင်းမုန့်ဈေးတန်းမှ ဈေးသူ၊ ဈေးသားများနှင့် ကျောင်းသား၊ ကျောင်းသူများမှ စိတ်ဝင်တစား နားထောင်မှတ်သားခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည့် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**စောယုထွေး (တောင်ကြီး)**

# ကသာခရိုင်လူဦးရေရဲ့ လေးရာခိုင်နှုန်းကျော်ကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီးဖြစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဧပြီ ၁ရက်မှာ စားသုံးသူရေးရာဦးစီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနအနေနဲ့ ဌာနရဲ့ အဓိကတာဝန်ဖြစ်တဲ့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာအထိ ကသာခရိုင်အတွင်းရှိ ပြည်သူ ၈၂၇၁၅၉ ဦးအနက် ဟောပြောပွဲအကြိမ်ပေါင်း ၃၄၀၊ လူဦးရေ ၃၄၀၀၅ ကို အသိပညာပေးဟောပြောပြီးဖြစ်လို့ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ခရိုင်အတွင်း နေထိုင်သူ ဦးရေရဲ့ ၄ ဒသမ ၁၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ရာမှာ စီးပွားရေး လုပ်ငန်းရှင်များ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စသည်ဖြင့် အလွှာအသီးသီးမှ ပုဂ္ဂိုလ်များကို အသိပညာပေးနေခြင်း ဖြစ်ပါတယ်။ လူသားတိုင်းသည် စားသုံးသူများဖြစ်သည့်အတွက် စားသုံးသူ အခွင့်အရေးနဲ့ တာဝန်များ၊ လုပ်ငန်းရှင်များရဲ့ အခွင့်အရေးနဲ့ တာဝန်များ၊ လုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ အန္တရာယ်ရှိ အစားအစာများ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ စားသုံးသူ အငြင်းပွားမှု ဖွဲ့စည်းဆောင်ရွက် ထားရှိမှုများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့ ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောခြင်း ဖြစ်ပါတယ်။

ဟောပြောပွဲများနဲ့ ဆက်စပ်လျက် လက်ကမ်းစာစောင် ၁၃၁၃၀၊ စားသုံးရန်မသင့် တားမြစ်ထားသည့် တားမြစ် စာစောင် ၆၇၇၅ ကို ၂၀၁၆ခုနှစ် ခြောက်လတာ ကာလအတွင်း ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# နောင်ချိုမြို့နယ်နှင့် သီပေါမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိ

လားရှိုးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး၏ စီစဉ် ညွှန်ကြားမှုဖြင့် နောင်ချိုမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ (မြို့နယ်တာဝန်ခံ) ဦးသန်းထွန်း ဦးစီးသောအဖွဲ့သည် စက်တင်ဘာ ၂၃ ရက်က အ. မ. က(၃) နောင်ချိုရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၃ ဦးအား စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း ဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

ဟောပြောပွဲတွင် တာဝန်ရှိသူများက စားသုံးရန် မသင့်သော မုန့်ပဲသရေစာများ၊ ရက်လွန်မုန့်များ၊ အေးခဲအစားအစာများ၊ ယင်နား အစားအစာများ၊ ဆေးဆိုးထားသော မုန့်များနှင့် ဟင်းချိုမှုန့် လွန်ကဲစွာ စားသုံးခြင်း၏ ဆိုးကျိုးများကို ကျောင်းသူ၊ ကျောင်းသားများအား အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

အလားတူ သီပေါမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ (ဦးစီးမှူး) ဒေါ်ခင်မာရီသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးဦးစီးဌာန တို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ရွာသစ်ကျေးရွာ၊ မဟာနန္ဒာဘဏ္ဍာကျောင်းတိုက်တွင် ရွာသူ၊ ရွာသားများအား စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲကို ကျင်းပခဲ့ပြီး၊ တက်ရောက်လာသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။ ဟောပြော ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများအကြောင်း အစားအသောက်၊ ဆေးဝါးများ၊ စံမမီ စားသောက်ကုန်များ၊ စားသုံးရန် မသင့်သော အစားအသောက်များနှင့် ကုန်စည်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စားသုံးသူ တိုင်ကြားမှုပုံစံများ စားသုံးသူ အခွင့်အရေးများ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

# မလေးရှားအိမ်ခြံမြေ ဈေးကွက်တွင် စိန်ခေါ်မှုများရှိနေ

ငွေကြေးတတ်နိုင်မှု အင်အားနည်းပါးခြင်းနှင့် တန်ဖိုးသင့်အိမ်ရာများ ရောင်းလိုအားမှာလည်း ကျဆင်းလျက်ရှိသည့်အတွက် မလေးရှားအိမ်ခြံမြေ ကဏ္ဍအတွက် ရှေ့အလားအလာမှာ စိန်ခေါ်မှုများရှိနေသည်ဟု Alliance DBS Research က ပြောကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြသည်။

ပြည်သူ့အိုးအိမ်လုပ်ငန်းမှ ရောင်းလိုအား တိုးတက်လာမှုကြောင့် တန်ဖိုးသင့် အိမ်ရာကဏ္ဍတွင် ယှဉ်ပြိုင်မှုများ ပြင်းထန်လာနိုင်ကြောင်း သုတေသနအဖွဲ့က ပြောသည်။

အိမ်ထောင်စု ကြွေးမြီက စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)၏ ၈၉ရာခိုင်နှုန်း အထိ ရောက်ရှိနေခြင်းနှင့် ဘဏ်များ၏ ချေးငွေသတ်မှတ်ချက်များကို လျှော့ချပေးခြင်းတို့ကြောင့် အိမ်ခြံမြေကဏ္ဍ၏ ရေရှည်ကြံ့ခိုင်မှုကို ထိခိုက်နိုင်သည်။

ချေးငွေ ထုတ်ချေးရန် ငြင်းပယ်မှုများ မြင့်တက်နေသော်လည်း ၂၀၁၆ ခု၊ ဇူလိုင်လကုန် စာရင်းအရ နေအိမ်အတွက် ချေးငွေလက်ကျန်မှာ ၁၀ ရာခိုင်နှုန်းသာ တိုးတက်လာသည့်အတွက် အိမ်ခြံမြေ ဝယ်ယူရန် ချေးငွေရရှိနိုင်မည့် အခြေအနေက ကောင်းမွန်နေဆဲဖြစ်သည်။

"ပထမအကြိမ်အဖြစ် အိမ်ဝယ်ယူသူတွေကို အစိုးရက အဓိကထားပါတယ်။ အိမ်ပိုင်ဆိုင်မှု အခြေအနေကို မြှင့်တင်ပေးနိုင်ဖို့အတွက် (တန်ဖိုးရင်းဂစ် လေးသိန်းအောက်ရှိ) တန်ဖိုးသင့်အိမ်ရာများရဲ့ ရောင်းလိုအား မြင့်တက်လာရမှာဖြစ်တဲ့အတွက် လာမယ့် ၂၀၁၇ ခုနှစ် ဘတ်ဂျက်မှာလည်း ဒီအတိုင်းပဲ အဓိကထား ဆောင်ရွက်သွားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အိမ်များ ဝယ်ယူရာမှာ ပထမအကြိမ်အဖြစ် အိမ်ဝယ်သူများရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကို ထိန်းချုပ်နိုင်ရန် အမျိုးမျိုးသော ငွေကြေးထောက်ပံ့မှု အစီအစဉ်နှင့် တန်ဖိုးသင့်အိမ်ရာ အစီအစဉ်အမျိုးမျိုးကို ဆောင်ရွက်နေပါတယ်။ အိမ်ရာပိုင်ဆိုင်ရေးကို အမျိုးသားရေးကိစ္စအဖြစ်ဆောင် ရွက်နေတဲ့အတွက် အစိုးရကတန်ဖိုးသင့်အိမ်ရာ တိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်" ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

ကုန်ကျစရိတ် မြင့်တက်မှုကြောင့် အကျိုးအမြတ်ရနိုင်သည့် အခြေအနေများ နည်းပါးနေသဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရောင်းချဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း Alliance DBS Research က ပြောသည်။

# စိန်ခေါ်မှုများကြားမှ ဗီယက်နမ်စီးပွားရေးဖွံ့ဖြိုးမှု စံချိန်တင်မည်

ယခုနှစ် ပထမနှစ်ဝက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးမှုကျဆင်းခဲ့သည့်အတွက် ဗီယက်နမ်၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ ၂၀၁၆ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ် ၆ဒသမ ၃ရာခိုင်နှုန်းသာ ရှိမည်ဟု "၂၀၁၆ ခုနှစ်က အာရှဖွံ့ဖြိုးရေး အလားအလာ" အစီရင်ခံစာတွင် ခန့်မှန်းထားကြောင်း ပါရှိသည့် စက်တင်ဘာ ၂၇ ရက်က အာရှ ဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၏ ကြေညာချက်ကို ဗီယက် နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။



"မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနဲ့ အလယ်ပိုင်းကုန်းမြင့်ဒေသတွေမှာ ပူပြင်းခြောက်သွေ့မှု၊ ကမ္ဘာ့ကုန်ဈေးနှုန်း ကျဆင်းမှုစတဲ့ အချက်တွေကြောင့် ယခုနှစ် ပထမနှစ်ဝက်မှာ စီးပွားရေးဖွံ့ဖြိုးမှုကို အများကြီး ကျဆင်းစေခဲ့ပါတယ်" ဟု အေဒီဘီဘဏ်၏ ဗီယက်နမ်နိုင်ငံ ဌာနေကိုယ်စားလှယ် အီးရစ်ဆစ်ဒဝစ်က ပြောသည်။

"နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေရဲ့ ထုတ်လုပ်မှု မြင့်တက်တဲ့အတွက် ကုန်ချောထုတ်လုပ်မှု ကဏ္ဍက ဆယ်ဂဏန်းနှုန်းနဲ့ တိုးတက်မှုရှိခဲ့ပါတယ်။ ပြည်တွင်းကုန်သွယ်မှု မြင့်တက်ခြင်း၊ ဘဏ်ချေးငွေ တိုးတက်လာခြင်းနဲ့ နိုင်ငံခြားခရီးသည် ဝင်ရောက်မှု ၂၅ရာခိုင်နှုန်း မြင့်တက်ခြင်းတို့ကြောင့် ဝန်ဆောင်မှု ကဏ္ဍမှာလည်း မြင့်တက်ခဲ့ပါတယ်"ဟု သူက ပြောသည်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်များ ထပ်မံမြင့်တက်လာခြင်း၊ ပြည်တွင်းချေးငွေများ ဖွံ့ဖြိုးလာခြင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အနည်းငယ်နာလန်ထူလာခြင်းနှင့် အမျိုးသားအခြေခံ အဆောက်အအုံ အစီအစဉ်များတွင် မတည်ရင်းနှီးငွေ ထုတ်ပေးမှု မြင့်မားလာခြင်းတို့ကြောင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ဗီယက်နမ်၏ စီးပွားရေး မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။

စိန်ခေါ်မှုများ တည်ရှိနေသည့်ကြားမှ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ကောင်းစွာ ဖွံ့ဖြိုးလာသော်လည်း ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းထားနိုင်ရန် ဖြေရှင်းရမည့် ပြဿနာ အများအပြားရှိသေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

# အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကို မထိခိုက်နိုင်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး ပြောကြား

အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်က လာမည့်နှစ်တွင် အတိုးနှုန်းကို မြှင့်တင်ပေးရန် အလားအလာရှိသော်လည်း ထိုကဲ့သို့ ဆောင်ရွက်မှုကြောင့် ဒူတာတေးအစိုးရက ဆောင်ရွက်နေသည့် ဖိလစ်ပိုင်စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးလှုံ့ဆော်မည့် ရင်းနှီးမြှုပ်နှံမှုကို မထိခိုက်နိုင်ကြောင်းနှင့် အေဂျင်စီများကလည်း ၂၀၁၇ခုနှစ်အတွက် စီမံကိန်းများကို စတင်ချမှတ်ထားပြီဖြစ်ကြောင်း ဖီးလ်စတားသတင်းတွင် ဖော်ပြသည်။

"ကျွန်တော်တို့ရဲ့ လုပ်ငန်းတိုးချဲ့ရေးနဲ့ ဘဏ္ဍာရေး မူဝါဒတွေကို စတင် အကောင်အထည် ဖော်နေပါပြီ။ အမေရိကန် ဗဟိုဘဏ်က ဆောင်ရွက်မယ့် အလားအလာကြောင့် ဖြစ်ပေါ်လာမယ့် ခြိမ်းခြောက်မှုကြောင့် ခိုင်မာတဲ့ ပြည်သူ့ အခြေခံ အဆောက်အအုံ တည်ဆောက်ရေးအတွက် ငွေကြေးသုံးစွဲမှုတွေ နှေးကွေးကျဆင်းသွားမှာ မဟုတ်ပါဘူး"ဟု ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး ဘင်ဂျမင် ဒိုင်အိုနိုက The Star သတင်းဌာနကို ပြောသည်။

"စီမံကိန်းအားလုံးက သတ်မှတ်ထားတဲ့ ရက်က စပြီး အကောင်အထည်ဖော်တော့မှာပါ။ ရာသီဥတုကြောင့် ဖြစ်ပေါ်လာမယ့် အခြေအနေအရပ်ရပ်ကို ထည့်သွင်းတွက်ချက်မယ်ဆိုရင် စီမံကိန်းကို အကောင်အထည်ဖော်ဖို့ အကောင်းဆုံးအချိန်က ပထမနှစ်ဝက်မှာပဲ ဖြစ်ပါတယ်"ဟု ဒိုင်အိုနိုက ပြောသည်။

စက်တင်ဘာ ၂၄ရက်တွင် ကုန်ဆုံးသည့်ရက်သတ္တပတ်အတွင်းက အတိုးနှုန်းကို မူလအတိုင်း ဆက်လက်ထိန်းထားသော်လည်း အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအခြေအနေသည် နာလန်ထူလာသည့် လက္ခဏာများ ပိုမိုပြသလာသည့်အတွက် အမေရိကန်ပြည်ထောင်စု လွတ်လပ်သော ဈေးကွက်ကော်မတီ (FOMC) အဖွဲ့ဝင်များအနက် အတိုးနှုန်းကို မြှင့်တင်ပေးရန် လိုလာပြီဟု ယုံကြည်သူပိုမိုများပြားလာသည်။

လာမည့် ဒီဇင်ဘာ အစည်းအဝေးတွင် FOMC က အတိုးနှုန်းကို မြှင့် တင်ပေးလိမ့်မည်ဟု အများစုက ခန့် မှန်းထားကြသည်။ အကယ်၍သာ အမှန်တကယ် အကောင်အထည်ဖော်နိုင်မည် ဆိုပါက လွန်ခဲ့သော ၁၀ နှစ်အတွင်း အတိုးနှုန်းကို ပထမအကြိမ် တိုးမြှင့်ပေးပြီး နောက်ပိုင်း တစ်နှစ်တိတိအကြာ အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကို ထပ်မံတိုးမြှင့်ပေးခြင်း ဖြစ်သည်။

ဖိလစ်ပိုင် ဗဟိုဘဏ်ကမူ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဆောင်ရွက်သည့် နည်းမျိုးချက်ချင်း ဆောင်ရွက်မည်မဟုတ်ကြောင်း ဒိုင်အိုနိုက ပြောသည်။ ဖိလစ်ပိုင် ဗဟိုဘဏ်က စက်တင်ဘာ ၂၄ ရက် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း အတိုးနှုန်းကို ယခင်အတိုင်း ဆက်လက်ထိန်းထားသည်။

## အင်ဒိုနီးရှားနိုင်ငံက အရှေ့တောင်အာရှတွင် အကြီးမားဆုံး ဒစ်ဂျစ်တယ်စီးပွားရေးကို ထူထောင်နိုင်မည်ဟု သမ္မတဂျိုကိုဝီ ယုံကြည်

အင်ဒိုနီးရှားတွင် ခိုင်မာသည့် အခြေခံ အုတ်မြစ်နှင့် မတည်ရင်းနှီးငွေကို ရနိုင်သည့်အတွက် အင်ဒိုနီးရှားနိုင်ငံက အရှေ့တောင်အာရှဒေသမှာ အကြီးမားဆုံး ဒစ်ဂျစ်တယ်စီးပွားရေးကို ထူထောင်နိုင်မည်ဟု ယုံကြည်ကြောင်း သမ္မတ ဂျိုကိုဝီဒို၏ ပြောကြားချက်ကို အန်တာရာ သတင်းတွင် ဖော်ပြသည်။

"အလားအလာရှိတဲ့ ဈေးကွက်ကြီးကို ကျွန်တော်တို့ လက်လွတ်မခံသင့်ပါဘူး။ ဒီဈေးကွက် အလားအလာက အင်ဒိုနီးရှားနိုင်ငံကို အရှေ့တောင်အာရှမှာ အကြီးမားဆုံး ဒစ်ဂျစ်တယ်စီးပွားရေးအဖြစ် ထူထောင်နိုင်အောင် အထောက်အကူပေးလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု စက်တင်ဘာ ၂၇ရက်က သမ္မတရုံးတွင် ကျင်းပသည့် အစည်းအဝေးတွင် သူကပြောသည်။ ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းတွင် အင်ဒိုနီးရှားနိုင်ငံ၏ပုံရိပ်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြရန်လည်း သူကတိုက်တွန်းသည်။

အင်ဒိုနီးရှားနိုင်ငံ ရရှိထားသော အလားအလာများကို လက်တွေ့ အမှန်တကယ် ဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း သူကတိုက်တွန်းသည်။ ထိုသို့ မဆောင်ရွက်နိုင်ပါက အိမ်နီးချင်းနိုင်ငံများ၏ နောက်တွင် ကျန်ရစ်ခဲ့မည်ဖြစ်ကြောင်းနှင့် ရည်မှန်းချက်ပြည့်ဝအောင် ဖော်ဆောင်နိုင်ရေးအတွက် ပထမခြေလှမ်းအဖြစ် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့အဆင့်မီ Logistic Platform ကို တည်ဆောက်ဖို့လို ကြောင်း သူကပြောသည်။ ထို့ပြင် ကျေးလက်ဒေသက ထုတ်လုပ်မည့် ထုတ်ကုန်များကိုလည်း ရင်းနှီးမြှုပ်နှံရန် လိုကြောင်း သူက ပြောသည်။

"တစ်ချိန်တည်းမှာ နိုင်ငံအတွင်းက ဒစ်ဂျစ်တယ် စီးပွားရေး ဖော်ဆောင်ပေးနေသူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ အားပေးရပါမယ်။ ကျွန်တော် သိရသလောက် ကျွန်တော်တို့ရဲ့ လူငယ်မျိုးဆက်တွေက ကမ္ဘာ့စီးပွားရေးမှာ ပါဝင်ဆောင်ရွက်နိုင်မယ့် အလားအလာတွေ ရှိနေပါတယ်" ဟု သူက ပြောသည်။

လုပ်ငန်းသစ်များကို ဦးစားပေးဆောင်ရွက်ကြရန်နှင့် အဆိုပါ လုပ်ငန်းသစ်များအတွက် ငွေကြေးရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမ္မတက ပြောသည်။

ညာဏ်တင်-စုစည်းတင်ပြသည်

# t EÉd, yJ
# &ufo wpfÜwf

|စံမီအောင်|



အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် ပဲအသစ်များဝင်ရောက်မှုကို အဟန့်အတားဖြစ်စေပြီး ပဲဈေးနှုန်းမြင့် တက်မှုကို လောလောဆယ်တွင် အထောက်အကူ ဖြစ်စေခဲ့သည်။ အောက်တိုဘာ ဒုတိယပတ်လောက်မှသာ ပဲသစ်များ စတင်ဝင်ရောက်လာမည့် အခြေအနေရှိပြီး အားလုံးခြုံကြည့်မည်ဆိုပါက ပဲအဝင်နည်းနေဦး မည်ဖြစ်သည်။

စက်တင်ဘာ ၂၃ ရက်အထိ ရရှိသောစာရင်းများအရ မိုးရာသီ ပဲစိုက်ဧရိယာမှာ ၂၉ ဒသမ ၁၄ ရာခိုင်နှုန်းမြင့်တက်ပြီး၊ ဟက်တာ ၁၄၅ ဒသမ ၈၄ သိန်းအထိ ရောက်ရှိခဲ့သည်။ မိုးရာသီစိုက်ပျိုးမှုအခြေအနေက ယခုအခါ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတို့၏ စိုက်ဧရိယာများမှာ ယခင်နှစ် စိုက်ပျိုးမှုထက် ပိုမိုခဲ့သည့်အတွက် ယခုနှစ်သီးနှံထုတ်လုပ်မှုအခြေအနေမှာ ကောင်းမွန်နိုင်သည်။

အိန္ဒိယနိုင်ငံသို့ ကုလားပဲတင်သွင်းလျက်ရှိသော ဩစတြေးလျ နိုင်ငံရှိ ကုလားပဲစိုက်ပျိုးရာဒေသများတွင် မိုးရွာသွန်းမှုနှင့်တချို့ဒေသများတွင် စိုထိုင်းဆမြင့်မားသည့်အတွက် သီးနှံအရည်အသွေးနှင့် ထွက်နှုန်းကို ထိခိုက်နိုင်သည်။ ထို့ကြောင့် ကုလားပဲဈေးသည် တစ်တန်ကို ဩစတြေးလျဒေါ်လာ ၃၀ မှ ၅၀ အထိမြင့်တက်နိုင်သည်။ မြန်မာပြည်ထွက်မတ်ပဲက တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၄၄၀၊ ပဲစင်းငုံတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၀၈ ဈေးနှုန်းရှိခဲ့သည်။ မြန်မာပဲစင်းငုံအတွက် CNF ဈေးက အမေရိကန်ဒေါ်လာ ၉၆၅ ရှိသည်။ ပဲစင်းငုံ FAQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၀၀နှင့် SQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၅၅ ရှိသည်။

ရာသီဥတုအခြေအနေကောင်းမွန်မှုနှင့်သီးနှံ စတင်စိုက်ပျိုးချိန် မှ ရိတ်သိမ်းရာသီအထိ ပဲဈေးနှုန်းမှာ မမျှော်လင့်ဘဲမြင့်တက်မှုတို့ကြောင့် စိုက်ပျိုးသူ များပြားလာသည့်အတွက် ယခုနှစ်တွင် မိုးစိုက်ပဲများ ထွက်ရှိမှု မြင့်တက်မည်။ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲစင်းငုံတို့မှာ စတင် ဆွတ်ခူးနေပြီဖြစ်ရာ ထွက်ရှိသော ပစ္စည်းများ၏ အရည်အသွေးမှာ 'သာမန်' အဆင့်မှ 'ကောင်း' အဆင့်ထိရှိနေသည်။ ပဲစင်းငုံထွက်နှုန်း ပထမအကြိမ် ကြိုတင် ခန့်မှန်းချက်မှာ ၄၇ ဒသမ ၈၃ ရာခိုင်နှုန်းတိုးတက်ပြီး မက်ထရစ်တန် ၄ ဒသမ ၂၉ သန်းရှိမည်ဟု ခန့်မှန်းထားရာ ငါးနှစ်အတွင်း ပျမ်းမျှထွက်နှုန်းဖြစ်သော မက်ထရစ်တန် ၂ ဒသမ ၉ သန်းထက်ကျော်လွန်သည်ကို တွေ့ရသည်။ ပြည်တွင်းနှင့် ကမ္ဘာ့ထုတ်လုပ်မှု အလားအလာ ကောင်းမွန်မှုက လာမည့်သီတင်းပတ်များတွင် ပဲစင်းငုံဈေးကွက်အပေါ် အကျိုးသက် ရောက်မှုရှိမည်ဟု ခန့်မှန်းရသည်။

မတ်ပဲထုတ်လုပ်မှုက ငါးနှစ်ပျမ်းမျှထုတ်လုပ်မှုဖြစ်သော မက်ထရစ်တန် ၁ ဒသမ ၂၉ သန်းထက် ၅၄ ဒသမ ၈၅ ရာခိုင်နှုန်း ကျော်လွန်ပြီး မက်ထရစ်တန် ၂ ဒသမ ၀၁ သန်းအထိရောက်ရှိနိုင်ပြီး မူလခန့်မှန်းချက်ဖြစ်သော မက်ထရစ်တန် ၁ ဒသမ ၄၅ သန်းထက် ၃၈ ဒသမ ၆၂ ရာခိုင်နှုန်းပိုမိုထွက်ရှိနိုင်သည်။ ယခုအထွက်နှုန်းက ယခင်နှစ်က အထွက်နှုန်းဖြစ်သော မက်ထရစ်တန် ၁ ဒသမ ၃၉ သန်းနှင့်နှိုင်းယှဉ်ပါကလည်း ၄၂ ဒသမ ၇၆ ရာခိုင်နှုန်းပိုမိုမြင့်တက်နိုင်ပါသည်။ လက်ရှိအချိန်တွင် ရာသီဥတုဆိုးရွားမှုက မတ်ပဲသီးနှံအရည်အသွေးကို ထိခိုက်နေမှုကြောင့် မတ်ပဲ ဈေးနှုန်း ကောင်းမွန်နေခြင်း ဖြစ်သည်။ သို့သော် ရာသီဥတုအခြေအနေတိုးတက်ကောင်းမွန်လာသည်နှင့် တစ်ပြိုင်နက် မတ်ပဲဈေးနှုန်းကို ထိခိုက်နိုင်သည်။

မိုးစိုက်ပဲတီစိမ်းသည် ငါးနှစ်ပျမ်းမျှ ထုတ်လုပ်မှုဖြစ်သော မက်ထရစ်တန် ၁ ဒသမ ၀၇ သန်းထက် ၂၅ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် မူလလျာထားချက်ဖြစ်သော မက်ထရစ်တန် ၁ ဒသမ ၂၂ သန်းထက် ၁၀ ဒသမ ၆၆ ရာခိုင်နှုန်း ပိုမိုပြီး ယခုရာသီတွင် မက်ထရစ်တန် ၁ ဒသမ ၃၅ သန်း အထိ ထွက်ရှိမည်ဟု ခန့်မှန်းရသည်။ ဈေးကွက်သို့ ပဲတီစိမ်းအဝင်များလာသည့်အတွက် ဈေးနှုန်းကျလာနိုင်သော်လည်း အကယ်၍ တစ်ကွင်တယ်ကို ၅၂၂၅ ရူပီးအထိ ကျဆင်းလာမည်ဆိုပါက အနိမ့်ဆုံးထောက်ပံ့ဈေး (MSP) ဖြင့် အစိုးရက ဝယ်ယူပြီး ဈေးကို ထိန်းပေးသွားမည်ဖြစ်သည်။ လာမည့်ရက်သတ္တပတ်များတွင် မတ်ပဲဈေးမှာ MSP ဈေးနှုန်းနီးပါးတည်ရှိနိုင်သည်။

ပဲလုံးအပါအဝင်အခြားသော မိုးစိုက်ပဲများ၏ ထုတ်လုပ်မှုမှာလည်း ၂၀၁၅ ခုနှစ်က ထုတ်လုပ်မှုဖြစ်သော မက်ထရစ်တန် သုည ဒသမ ၆၇ သန်းထက် ၄၀ ဒသမ ၆၃ ရာခိုင်နှုန်းမြင့်တက်ပြီး မက်ထရစ်တန် ၁ ဒသမ ၀၆ သန်းထွက်ရှိနိုင်သည်။ အခြားပဲများ အားလုံး၏ အခြေအနေကို ခြုံငုံသုံးသပ်ပါကလည်း ပဲဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

အိန္ဒိယအစိုးရက ပဲသိုလှောင်မှု ကန့်သတ်ချက်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ရက်ထိ တိုးချဲ့ထားသည်။ ဤဆုံးဖြတ်ချက်ကြောင့် ဈေးနှုန်းမြင့်တက်မှုနှင့် ပဲကို အမြတ်ကြီးစားရန် သိုလှောင်မှုကို ထိန်းချုပ်သွားနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့ကလည်း ပဲသိုလှောင်မှု ကန့်သတ်ချက် ကာလကို တိုးချဲ့ ခွင့်ပြုထားသည်။ ပြည်နယ် အစိုးရများကလည်း ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်နှင့် အညီ သွင်းကုန်လုပ်ငန်းရှင်များ၊ ကြိတ်ခွဲသူများ၊ လက်ကား ရောင်းဝယ်ရေး လုပ်ငန်းများနှင့် လက်လီရောင်းဝယ်ရေး လုပ်ငန်းများကို လိုအပ်သလို ထိန်းချုပ်သွားမည် ဖြစ်သည်။

အစိုးရအဖွဲ့ အကြံပေးဖြစ်သူ အာဘင်းဆူပရာ မန်နီယန်ကလည်း မျိုးရိုးဗီဇ ပြုပြင်ထားသော ပဲများကို အမြန်ဆုံး စိုက်ပျိုး သွားနိုင်အောင် ထောက်ခံချက်ပေးထားသည်။ အကယ်၍ မျိုးရိုးဗီဇ ပြုပြင်ထားသော ပဲများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်မည်ဆိုပါက ပဲအထွက်နှုန်းကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ ရောင်းလိုအားနှင့် ဝယ်လိုအား ကွာဟ ချက်ကို ကျဉ်းမြောင်းအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ အိန္ဒိယနိုင်ငံက ပဲစိုက်ပျိုးရန် ရည်မှန်း ချက်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၂၃ ဒသမ ၅သန်းနှင့် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၂၇ဒသမ ၅သန်း ထုတ်လုပ်ရန် လျာထားသည်။

စားသုံးသူရေးရာ ဝန်ကြီးအပါအဝင် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် သွင်းကုန်လုပ်ငန်းရှင်များနှင့် နောက်ဆုံးအစည်းအဝေးကို နယူးဒေလီမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ပဲတင်သွင်းသူလုပ်ငန်းရှင် များသည် ပြည်ပ ဈေးကွက်များနှင့် ချုပ်ဆိုသော ပဋိညာဉ်စာချုပ် အသေးစိတ်ကို လစဉ်ပုံမှန် မျှဝေသွားရန် ဆုံးဖြတ်ခဲ့သည်။ တင်ပြရမည့် အချက်များတွင် တင်သွင်းမှု အစီအစဉ်၊ အိန္ဒိယသို့ ရောက်ရှိမည့် အရေအတွက်နှင့် သိုလှောင်ရုံများမှ ထုတ်ယူရောင်းချသည့် ပမာဏစသည့် အချက်များ ပါဝင်သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အစိုးရက ဈေးကွက်ကို ထိန်းချုပ်ရန်လိုအပ်သဖြင့် အရေးယူ ဆောင်ရွက်သော အချိန်နှင့် ရောင်းလိုအား အကျပ်အတည်းကို ဝင်ရောက်ဖြေရှင်းသည့် အချိန်တွင် အထောက်အကူ ရနိုင်သည်။ အိန္ဒိယ အစိုးရက ပဲများကို သင့်တင့်သောဈေးနှုန်းဖြင့် အလုံအလောက် ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ပဲဈေးနှုန်းများကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်နှင့် ပဲတောင်သူများကို အားပေးနိုင်ရန် အတွက် အိန္ဒိယအစိုးရက အရန် သိုလှောင်မှုကို တန်ချိန် ရှစ်သိန်းမှ တန်ချိန် သိန်း ၂၀အထိ တိုးမြှင့်ခွင့်ပြုခဲ့သည်။ အရန် သိုလှောင်မည့် ပဲတန် သန်း ၂၀ အနက် ပြည်တွင်း ဈေးကွက်မှ တန်၁၀သိန်း ဝယ်ယူပြီး ကျန်တန် ၁၀သိန်းကို ပြည်ပမှ တင်သွင်းမည်ဖြစ်သည်။ နောက်ဆုံးဖြတ်ချက်သည်ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းကို တည်ငြိမ်မှုရှိစေနိုင်သည့်အတွက် အရေးပါသော ဆုံးဖြတ်ချက် ဖြစ်သည်။

❑

## ဆန်တင်သွင်းမှုအတွက် ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ စေ့စပ်ညှိနှိုင်း

လာနီညာ ရာသီဥတု ဖြစ်ပေါ်လာပါက ကြုံတွေ့ရမယ့် အခြေအနေများအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် တင်သွင်းရန် ခွင့်ပြုချက်ရထားပြီး ဆန်ပမာဏအနက် ကျန်တစ်ဝက်ကို တင်သွင်းနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံက စတင်စေ့စပ် ညှိနှိုင်းတော့မည် ဖြစ်ကြောင်း အမျိုးသားစားနပ် ရိက္ခာ အာဏာပိုင်အဖွဲ့ (NFA) က စက်တင်ဘာ ၂၆ရက်က ပြောကြားခဲ့သည်ကို ဖီးလ်စတား သတင်းတွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ် နှစ်ဦးမှာ လိုအပ်မည့် သီးနှံများကို ဖြည့် ဆည်းရန်အတွက် NFA က စေ့စပ်ညှိနှိုင်းမှုများကို နိုဝင်ဘာ မှာ စတင်စေ့စပ်ညှိနှိုင်းမည်ဖြစ်ကြောင်း NFA တာဝန်ခံ အရာရှိ တောမတ်အက်စ်ကာရက်ဇ်က ပြောသည်။

"ဝယ်ယူရေး လုပ်ငန်းစဉ်တွေက ရက်ပေါင်းများစွာ ကြာမြင့်တတ်တဲ့အတွက် ဒီဇင်ဘာမတိုင်မီ တင်သွင်းခွင့်ရဖို့ များပါတယ်။ စောစောပိုင်းကတော့ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်ဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။ ဒါပေမယ့် လောလောဆယ်မှာ NFA ကောင်စီရဲ့ သဘောအတိုင်း ဆောင်ရွက်ခွင့် ပြုထားပါတယ်။ ဒါကြောင့် ဆန်တင်သွင်းဖို့ လုပ်ငန်းတွေကို နိုဝင်ဘာဝန်းကျင်လောက်မှာ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု အက်စကာရက်က ပြောသည်။

ဆန်ဝယ်ယူရေး အဆိုပြုချက်ကို NFA က ဩဂုတ်လတွင်း အေဂျင်စီဖြစ်သော NFA ကောင်စီကို တင်ပြပြီး အတည်ပြုချက် တောင်းခံထားသည်။ ဆန်မက်ထရစ်တန် နှစ်သိန်းခွဲ တင်သွင်းရန် စီစဉ်ထားရာ အဆိုပါပမာဏတွင် လာနီညာ ရာသီဥတု အခြေအနေကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေများကို ဖြေရှင်းနိုင်ရန် အရန်သိုလှောင်ထားမည့် ဆန်များလည်း ပါဝင်သည်။ လာနီညာရာသီဥတု လေ့လာစောင့်ကြည့် ရေးအဖွဲ့ 'Pagasa' က 'လာနီညာစောင့်ကြည့်ရေး' တာဝန်ကို ဆက်လက် ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သူက ပြောသည်။

" ကျွန်တော်တို့ မက်ထရစ်တန် နှစ်သိန်းခွဲ တင်သွင်း ပြီးပါပြီ။ ဒါပေမယ့် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလမှာ ရိတ်သိမ်းမယ့် သီးနှံမရှိတော့တဲ့အတွက် သီးနှံရှားပါးတဲ့ ကာလဖြစ်လို့ နောက်ထပ် တင်သွင်းဖို့ လိုဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ခွင့်ပြုချက်ရပြီးသား မက်ထရစ်တန် ငါးသိန်း ရှိပါတယ်။ လောလောဆယ် မက်ထရစ်တန် နှစ်သိန်းခွဲ တင်ပို့ထားပြီး ဖြစ်လို့ နောက်ထပ် နှစ်သိန်းခွဲ တင်သွင်းဖို့ အဆိုပြုထားတာဖြစ်ပါတယ်။ NFA ကောင်စီရဲ့ အတည်ပြုချက်ကို ကျွန်တော်တို့ စောင့်နေပါတယ် " ဟု အက်စကာရက်က ပြောသည်။

စံမီအောင်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



စက်တင်ဘာ ၂၉ ရက်မှာ ထွန်းသစ်စ အာရှငွေကြေးအများစု၏ တန်ဖိုးများပြန်လည်ကျဆင်းခဲ့သည်။ ရေနံတင်ပို့သောနိုင်ငံများအဖွဲ့ (အိုပက်) ၏ ရေနံထုတ်လုပ်မှုထိန်း ချုပ်ရေး သဘောတူညီချက်ကို သံသယရှိခြင်းနှင့် အမေရိကန်သမ္မတရွေး ကောက်ပွဲ မတိုင်မီရင်းနှီးမြှုပ်နှံသူများ၏ စိတ်တွင်ရင်းနှီးမြှုပ်နှံရေးကိစ္စအတွက် ဇဝေဇဝါ ဖြစ်ခြင်းစသည့် အချက်များက အာရှငွေကြေးများ၏ တန်ဖိုးကျဆင်းစေခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံတွင် ကျင်းပသော စွမ်းအင်ကွန်ဖရင့်တွင် အလွတ် သဘောဆွေးနွေးပွဲများ၌ အိုပက်အဖွဲ့က ထုတ်လုပ်မှုကန့်သတ်ရန် သဘောတူခဲ့ပြီးနောက် ရေနံစိမ်း ဈေးနှုန်းများ မြင့်တက်လာသည့်အတွက် မလေးရှားရင်းဂစ် ဦးဆောင်ပြီး အာရှငွေကြေးများ၏ တန်ဖိုးသည် စောစောပိုင်းက မြင့်တက်ခဲ့သေးသည်။ သို့သော် ရေနံထုတ်လုပ်မှုလျှော့ချမည့် နည်းလမ်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် သံသယများကြောင့် ရေနံဈေးနှုန်းများ ကျဆင်းခြင်းနှင့်အတူ အာရှငွေကြေး အများစုလည်း တန်ဖိုး ပြန်လည်ကျဆင်းခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် ယွမ်ငွေကြေးသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တွင် ပါဝင်လာပြီးနောက် ဂယက်ရိုက်ခတ်မှုကြောင့် ဖြစ်လာမည့် ယွမ်၏ အနေအထားကို ကုန်သည်တို့ အမျိုးမျိုး တွက်ဆလျက်ရှိသည်။

## တရုတ်ယွမ်

တရုတ်နိုင်ငံခြား ငွေကြေးရောင်းဝယ်ရေးဌာနတွင် တရုတ်ငွေကြေး၏ ဗဟိုဖလှယ်နှုန်း သတ်မှတ်ချက်မှာ စက်တင်ဘာ ၃၀ ရက်က သုည ဒသမ ၇၈ ရာခိုင် နှုန်းကျဆင်း ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၇၇၈ ယွမ်နှုန်းရှိခဲ့သည်။ ယွမ်ငွေကြေးတန်ဖိုးမှာ ယခုတတိယသုံးလပတ်အတွင်း သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာ တရုတ်ဗဟိုဘဏ်က ငွေကြေးတန်ဖိုးကို တည်ငြိမ်အောင်ထိန်းထားလိုကြောင်း ပြသလျက်ရှိသည်။

လက်ငင်းယွမ်ဈေးကွက်တွင် ယွမ်တန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၆၉၈ ယွမ်နှုန်းရှိခဲ့ရာ ယခင်နေ့ကထက် သုည ဒသမ ဝ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အောက်တိုဘာ ပထမပတ်တွင် ဟောင်ကောင်ဈေးကွက်ကို အများပြည်သူအားလပ်ရက်အဖြစ် ပိတ်ထားမည်ဖြစ်ရာ ဈေးပြန်ဖွင့်မည့် အောက်တိုဘာ ၁၀ ရက်အထိ ယွမ်ဈေး ငြိမ်နေမည်ဟု ကုန်သည်တို့က ခန့်မှန်းသည်။

## အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ရောင်းချလာသည့်အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ စက်တင်ဘာ ၃၀ ရက်က ရူပီးတန်ဖိုးသည် သုည ဒသမ ၁၆ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၆၉ ရူပီးနှုန်းရှိခဲ့သည်။

ပြည်တွင်းသို့ နိုင်ငံခြားငွေစီးဝင်မှုက ရူပီးတန်ဖိုးမြင့်တက်ရန် အထောက်အကူဖြစ်သော်လည်း ပြည်တွင်းရှယ်ယာတန်ဖိုးကျဆင်းမှုနှင့် အဓိက ငွေကြေးတချို့နှင့်ပြည်ပဈေးကွက်၌ ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်ခဲ့သည်။

## ဂျပန်ယန်း

စက်တင်ဘာ ၂၉ ရက် ငွေကြေးဈေးကွက်များတွင် ယူရိုနှင့်ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်ကျဆင်းခဲ့သော်လည်း စတာလင်ပေါင်နှင့် ဂျပန်ယန်းတို့ ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ယူရိုဖလှယ်ရာတွင် စက်တင်ဘာ ၂၈ ရက်က တစ်ယူရိုကို ၁ ဒသမ ၁၂၁၇ ဒေါ်လာနှုန်းရှိရာမှ စက်တင်ဘာ ၂၉ ရက် ဂရင်းနစ်စံတော်ချိန် ၂၁:ဝဝနာရီ တွင် တစ်ယူရိုကို ၁ ဒသမ ၁၂၂၃ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။ သို့သော် ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန် ဒေါ်လာကို ၁ဝဝ ဒသမ ၇ဝ ယန်းနှုန်းမှ ၁ဝ၁ ဒသမ ၄ ယန်းနှုန်းအထိ ဒေါ်လာ တန်ဖိုး မြင့်တက်ခဲ့သည်။

## မလေးရှားရင်းဂစ်

ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် စက်တင်ဘာ ၃၀ ရက်တွင် ရင်းဂစ်တန်ဖိုးက အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာနှင့်ရင်းဂစ်ဖလှယ်နှုန်းမှာ စက်တင်ဘာ ၂၉ ရက်က အမေရိကန်ဒေါ်လာတစ်ဒေါ်လာကို ၄ ဒသမ ၁၂၂ဝ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၁၄၅ဝ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြား အဓိကငွေကြေးများနှင့်ဖလှယ်ရာတွင်လည်း ရင်းဂစ်ငွေကြေး တန်ဖိုးကျဆင်းခဲ့သည်။

## ကိုရီးယားဝမ်

ဂျာမန်ဒွိုက်ချ်ဘဏ်၏ ဘဏ္ဍာရေးအခြေအနေယိုင်နဲ့လာမှုနှင့်ပတ်သက်ပြီး စိုးရိမ်မှုများကြောင့် စတော့ရှယ်ယာဈေးများ ကျဆင်းလာသည့်အတွက် စက်တင်ဘာ ၃ဝရက်မှာ တောင်ကိုရီးယားရှယ်ယာများလည်း ကျဆင်းခဲ့သည်။ တောင်ကိုရီးယားဝမ်ငွေကြေးနှင့်အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းမှာ တစ်ဒေါ်လာကို ၁၁ဝ၃ ဒသမ ၅ဝ ဝမ်နှုန်းဖြစ်သည့်အတွက် ယခင်နေ့ကဖလှယ်နှုန်းအောက် ငါးဝမ်နှုန်းကျဆင်းခဲ့သည်။

## ထိုင်းဘတ်

ရိုက်တာသတင်းဌာနမှ ပြုစုထားသောကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့်ထိုင်းဘတ်ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၆၉ ဘတ်နှုန်းရှိခဲ့သည့်အတွက် ယခင်နေ့က ဖလှယ်နှုန်းအောက် သုည ဒသမ ၁၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

# အင်္ဂလန်ဗဟိုဘဏ်က ကုမ္ပဏီဘွန်းစာချုပ်များကို စတင်ဝယ်ယူ

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် မဲခွဲဆုံးဖြတ်ပြီးနောက် စီးပွားရေးတိုးတက် ကောင်းမွန်စေရန် ရည်ရွယ်ပြီး စီးပွားရေးတွန်းအားပေး အစီအစဉ်အမျိုးမျိုးကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ အစီအစဉ်အရ အင်္ဂလန် ဗဟိုဘဏ်က စက်တင်ဘာ ၂၇ရက်မှစ၍ စတာလင်ပေါင် ၁ဝ ဘီလီယံရှိ ကုမ္ပဏီဘွန်းစာချုပ်များကို စတင် ဝယ်ယူလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ သို့မဟုတ် ယူရို ၁၁ ဒသမ ၆ ဘီလီယံနှင့် ညီမျှသော ကုမ္ပဏီဘွန်း စာချုပ်များကို ၁၈ လအတွင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အင်္ဂလန်ဗဟိုဘဏ်က အဓိက အတိုးနှုန်းများကို သုညဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချကာ စံချိန်တင် အတိုးနှုန်းဖြစ်သည့် သုည ဒသမ ၂၅ ရာခိုင်နှုန်းထိလျှော့ချ၍ သတ်မှတ်ပြီးချိန်နှင့် လှည့်လည်ငွေကြေးတိုးမြှင့်ပေးသည့် (Quantitaive Easing) ပင်မအစီအစဉ် ကို စတာလင် ပေါင် ၆ဝ တိုးကာ စတာလင် ပေါင် ၄၃၅ ဘီလီယံ အထိ သတ်မှတ်ပြီးချိန် နောက်ပိုင်း ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အိမ်ထောင်စုများနှင့် စီးပွားရေး လုပ်ငန်းရှင်များအား ဘဏ်များက ငွေထုတ်ချေးနိုင်အောင် အားပေးရန်အတွက် စတာလင်ပေါင် ဘီလီယံ ၁ဝဝ ထိ တိုးမြှင့် ဝယ်ယူရန် ဗဟိုဘဏ်က ဩဂုတ်လအတွင်း ကြေညာခဲ့သည်။

ဘဏ္ဍာရေးလုပ်ငန်း မဟုတ်သော်လည်း ဗြိတိန် စီးပွားရေးအတွက် ကုန်ပစ္စည်းများ ထောက်ပံ့ပေးနေသည့် ကုမ္ပဏီများ၏ ဘွန်းစာချုပ်များကို ဝယ်ယူရန် ဆောင်ရွက်ခဲ့ရာ အဆိုပါ အစီအစဉ်ထဲတွင် အက်ပဲလ်၊ ဂျာမန်မီးရထားလုပ်ငန်း ဒွိုက်ချ်ဘန်းနှင့် ပြင်သစ်ရေနံကုမ္ပဏီ တိုတယ် စသည့် ပြည်ပကုမ္ပဏီများလည်း ပါဝင်ခဲ့သည်။

■

# အမေရိကန်ဘဏ်ကြီးများ၏ မတည်ရင်းနှီးငွေ လိုအပ်ချက်ကို အမေရိကန်ဗဟိုဘဏ် မြှင့်တင်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဘဏ်ကြီးများ၏ မတည်ရင်းနှီးငွေ လိုအပ်ချက်ကို မြှင့်တင်သတ်မှတ်ပေးလိုက်ပြီးနောက်ပိုင်း စက်တင်ဘာ ၂၆ရက်တွင် အမေရိကန်ရှိ ဘဏ်ကြီးများ၏ ရှယ်ယာတန်ဖိုးများ ကျဆင်းလာကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

စီးပွားရေး အကျပ်အတည်းကို ပြင်းပြင်းထန်ထန် ခံစားရပါက ဘဏ်များ၏ ခံနိုင်ရည် မည်မျှရှိမည်ကို စမ်းသပ်သော ကြံ့ခိုင်မှု စစ်ဆေးချက် (Stress Test) အရ ကမ္ဘာ့တွင် အရေးပါသော ဘဏ် (Global Systemically Important Banks - GSIB) ကြီး ရှစ်ခုမှာ အန္တရာယ် ကင်းရှင်းမှု ရှိစေရန်ထားရှိရမည့် မတည်ရင်းနှီးငွေများ လိုအပ်နေသေးကြောင်း ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး တစ်ဦးဖြစ်သူ ဒန်နီယယ်တာရူလို က ပြောသည်။

အမေရိကန် ဗဟိုဘဏ်သည် ယခင်က မတည်ရင်းနှီးငွေ ကြံ့ခိုင်ရေးအတွက် အပိုကြေးကို ကောက်ခံခဲ့ရာမှ " Stress Capital Buffer Approach " ဟု ခေါ်သော အကျပ်အတည်းကာလ ရင်ဆိုင်ရေးအတွက် အရန်ငွေ ထားရှိရေး အစီအစဉ်ကို ပြောင်းလဲ ဆောင်ရွက်ရန် ဗဟိုဘဏ်က မကြာမီ အဆိုပြုတော့မည်ဖြစ်ကြောင်း သူက ပြောသည်။

" ဒီလိုဆောင်ရွက်တဲ့အတွက် ယေဘုယျအားဖြင့် GSIBs ဘဏ်ကြီးတွေ အသုံးပြုနိုင်မယ့် မတည်ရင်းနှီးငွေတွေ ထူးထူးခြားခြား တိုးတက် လာနိုင်ပါလိမ့်"ဟု သူက ပြောသည်။

အမေရိကန်ပြည်ထောင်စု အကြီးဆုံးဘဏ် ရှစ်ခုမှာ အမေရိကန်ဘဏ်၊ နယူးယောက်မဲလင်ဘဏ်၊ စီးတီးဂရုပ်၊ ဂိုလ်မန်ဆက်၊ ဂျေပီမော်ဂန်ချေ့စ်၊ မော်ဂန်စတန်လေ၊ စတိတ်စထရိနှင့် ဝဲလ်ဖာဂိုတို့ ဖြစ်သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

# CONTROL STAR

## Export & Import Co., Ltd.




Nya-55, Yuzana Street, Bayintnaung, Mayangone Township, Yangon, Myanmar.
Tel : 01-680659, 01-686542

## SMOOTH WAY INTERNATIONAL CO.,LTD

No (5),Zakawar Street,Aye Yeik Mon Houings,Hlaing Township,Yangon Myanmar.
Tel : 01-680420, 680173, 09-452099951, 09-797199979,09-793122296
E-mail : enquiry.smoothway@gmail.com Fax : 01-680736

Preem
Pure Vegetable Oil

Preem Xtra Fry

Happy Cook
Pure Vegetable Oil

Golden SPOON




FDA အသိအမှတ်ပြုပြီး
အဆင့်မြင့် ဟင်းသီးဟင်းရွက်ဆီသန့်

CHOLESTEROL FREE

CERTIFIED
ISO 9001 : 2008
QMS

MS 1500:2004

Serial No:00653

**Product Of Malaysia**
Manufactured By : Agri Asia Refinery Sdn.Bhd.
Suite C-05-06, Level 5,Block C, Skypark, One City, Jalan USJ 25/1,
47650 Subang Jaya, Selangor, Malaysia.
Tel : +603-5115 0216, +603-5115 0214
Email : info@agriasia.com


KBZ BANK
STRENGTH OF MYANMAR
ဝန်ထမ်းပေါင်း
၁၇,၀၀၀
ကျော်
မတူကွဲပြားမှုများနှင့် ပေါင်းစုထားသည့် အဖွဲ့အစည်း
01-2306219
/Kanbawzabank
kbzbank.com


ကြည်နူးရွှင်သာ သီတင်းကျွတ်ချိန်ခါ
ချယ်ရီဦးတွင် နှစ်သောင်းကျပ်နှင့်အထက် နာရီတစ်လုံးဝယ်ယူပြီး နောက်ထပ်နာရီတစ်လုံးကို
15% Discount ဖြင့်ရယူလိုက်ပါ ။
အောက်တိုဘာလ(၁)ရက်နေ့မှ နိုဝင်ဘာလ(၁၅)ရက်နေ့အထိသာ
CHERRY OO PH : 09 730 222 48
facebook.com/cherryoowatchgallery

COMMERCE INTERNATIONAL



# ကမ္ဘာ့ကုန်သွယ်မှု တိုးတက်နှုန်း ခန့်မှန်းချက်ကို ဒဗလျူတီအိုက လျှော့ချ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ကမ္ဘာ့ကုန်သွယ် ရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို မူလခန့်မှန်းထားသည့်အောက်သို့ စက်တင်ဘာ ၂၇ ရက်ကလျှော့ချခန့်မှန်းလိုက်ပြီး ဂလိုဘယ်လိုက်ဇေးရှင်းပုံစံကို အချို့နိုင်ငံများက ဆန့်ကျင်မှုနှင့် အီးယူမှ ဗြိတိန်နုတ်ထွက်မှုစသည့် ဂယက်တို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးဖွံ့ဖြိုးမှု နှုန်းကို ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလ နောက်ပိုင်း အနိမ့်ဆုံး နှုန်းသို့ ရောက်ရှိသွားစေနိုင်သည်ဟုလည်း သတိပေးထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဒဗလျူတီအို၏ သတိပေးချက်သည် ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့၏ သမိုင်းဝင် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်အတွက် ဆွေးနွေးမှုများကို ပြင်းထန်သော ဆန့်ကျင်မှုများနှင့် ရင်ဆိုင်နေရချိန်နှင့် အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကိစ္စကို အမျိုးမျိုး ဝေဖန်ပြောကြားနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှုကို ဧပြီက ၂ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားခဲ့ရာမှ ယခုအခါ ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ဒဗလျူတီအိုက ခန့်မှန်းထားသည်။ ယခုနှစ်အတွက် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ယခင်နှစ် ခန့်မှန်းချက်အရ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားခဲ့ရာ ယခုတစ်ကြိမ် ခန့်မှန်းချက်က အဆိုပါ ခန့်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် လွန်စွာ နိမ့်ကျလျက်ရှိနေသည်။ ကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှုန်းသည် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဆိုက်ရောက်ခဲ့သည့် နောက်ပိုင်း လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိနေသည့်အတွက် ဤအခြေအနေမှာ အားလုံးကို လှုပ်နှိုးလိုက်သော အချက်ပြသတိပေးသံတစ်ခုဖြစ်ကြောင်း ဒဗလျူတီအိုက ပြောသည်။

နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင်ခန့်မှန်းကြည့်မည်ဆိုပါက အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုဂယက် အပါအဝင်ပြဿနာ အပြောက်အများက ကမ္ဘာ့ကုန်သွယ်မှုအပေါ် လွှမ်းမိုးလာသည့်အတွက် ၂၀၁၇ ခုနှစ် အလားအလာမှာလည်း လျော့ကျနိုင်ဖွယ်ရှိကြောင်း ဒဗလျူတီအိုက ပြောသည်။

UNT

# ဗီယက်နမ် ပရိဘောဂပို့ကုန်များကို စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရန် ကျွမ်းကျင်သူတို့ တိုက်တွန်း

ဗီယက်နမ် ပရိဘောဂပို့ကုန်များ ကို တင်ပို့ရာတွင် နိုင်ငံ အသီးသီးရှိ သွင်းကုန်စျေးကွက်များ၌ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့် စံနှုန်းများကို ပရိဘောဂတင်ပို့သူများက သိရှိထား ရန်လိုကြောင်း၊ စက်တင်ဘာ ၂၇ ရက် က ဟိုချီမင်းစီးတီးတွင် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ကျွမ်းကျင်သူတို့၏ ပြောကြားချက်ကို ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

လွတ်လပ်စွာကုန်သွယ်မှု သဘော တူစာချုပ်များအရ အကောက်ခွန်အတားအဆီးများကို ဖယ်ရှားပြီးနောက် သွင်းကုန်တင်သွင်းသည့်နိုင်ငံအများစုတွင် နည်းပညာအတားအဆီးများကို တိုးမြှင့်ချမှတ်ထားမည်ဖြစ်ကြောင်း၊ ဟိုချီမင်းစီးတီးလက်မှုပညာနှင့် သစ်လုပ်ငန်းအသင်း ဥက္ကဋ္ဌ ဟွန်ဗန်ဟန်းက ပြောသည်။

ပရိဘောဂ ထုတ်လုပ်သူများသည် ဥပဒေရေးရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ကုန်ပစ္စည်းထုတ်လုပ်စဉ်နှင့် ရောင်းချစဉ်ကာလအတွင်း လူမှုရေးတာဝန်များကို ပိုမို အလေးပေး ဆောင်ရွက်ရန်နှင့် ထုတ်ကုန်များ၏ ဘေးကင်းလုံခြုံမှုကိုလည်း တိုးတက်အောင် ဆောင်ရွက် ရန်လိုကြောင်း သူမကပြောသည်။ ကုန်ထုတ်လုပ်သူများသည် ထုတ်ကုန်များကို အချောကိုင်ရာတွင် သုံးသော ဖော်မယ်ဒီဟိုက်ဆေးပါဝင်မှုကို သတ်မှတ်ချက်ထက် ကျော်လွန်မသွားအောင် ဆောင်ရွက်ရန်လိုကြောင်းလည်း သူမက ပြောသည်။

"စျေးကွက်တစ်ခုချင်းမှာ သီးခြား လိုအပ်ချက်တွေရှိပါတယ်။ ဒါကြောင့် စျေးကွက်ကိုရောင်းမယ့် ပစ္စည်းတွေနဲ့ အဲဒီပစ္စည်းတွေအတွက် လိုအပ်ချက်ကို နားလည်ထားရမှာဖြစ်ပါတယ်" ဟု သူမကပြောသည်။

လူသုံးကုန်ပစ္စည်းများတွင် တွေ့ရမည့် အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုက ဘေးကင်းလုံခြုံရေးဆိုင်ရာ နည်း ဥပဒေများနှင့် စံနှုန်းများကို တင်းတင်းကျပ် ကျပ်ချမှတ်ထားကြောင်း UL Environment ၏ ဓာတုပစ္စည်းထုတ် လွှတ်မှုစမ်းသပ်ရေးနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးဌာနမှ ထုတ်လုပ်မှုမန်နေဂျာ စကော့စတယ်ဒီက ပြောသည်။

ဖော်မယ်ဒီဟိုက်သည် အရောင် အဆင်းမဲ့ပြီး အခန်းတွင်း အပူချိန်မှာပင် မီးလောင်လွယ်သော ဓာတ်ငွေ့ဖြစ်ပြီး အနံ့အသက် ပြင်းသည်။ ဖော်မယ်ဒီဟိုက်နှင့်ထိတွေ့မှုကြောင့် အရေပြား၊ မျက်လုံးနှင့် လည်ချောင်းတို့တွင် ယားယံမှုကို ဖြစ်ပေါ်စေပြီး ထိတွေ့မှုအခြေအနေမြင့်မားပါက ကင်ဆာရောဂါကို ဖြစ်ပေါ်စေနိုင်သည်။

ဉာဏ်တင်

SINOR LINES

RO/RO Service for Myanmar

DATE :3TH October 2016

<< AUGUST And SEPTEMBER Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .27 | 1.55 | 1.90 | 2.20 | 3.50 | | 2.9.2016 | | 3.9.2016 | 4.9.2016 | | 13.9.2016 | 18.9.2016 | | 24.9.2016 |
| | S/O CUT | | | | | 29.8.2016 | | 30.8.2016 | 31.8.2016 | | | | | |
| MV.CITY OF MUMBAI V.34 | 1.55 | 1.90 | 2.20 | 3.50 | 29.9.2016 | | | 28.9.2016 | 27.9.2016 | 23.9.2016 | 7.10.2016 | 12.10.2016 | | |
| | S/O CUT | | | | 25.9.2016 | | | 24.9.2016 | 23.9.2016 | | | | | |
| MV.HOEGH CHENNAI .28 | 1.55 | 1.90 | 2.20 | 3.50 | | 12.10.2016 | | 11.10.2016 | 10.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | 8.10.2016 | | 7.10.2016 | 6.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | 29.10.2016 | | 27.10.2016 | 30.10.2016 | 31.10.2016 | 25.10.2016 | 9.11.2016 | 14.11.2016 | | |
| | S/O CUT | | | | 25.10.2016 | | 23.10.2016 | 26.10.2016 | 227.10.2016 | | | | | |

GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor. Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028 Mobile : + 95 9 250289802 Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Operation : Mr. Tin Htun Aung (95 9 448049234)
Mr. Thiha Thiek ( 95 9 514580 1)
Documention : Ms. Mar Mar Cho (95 9 421018250)
Customer Service : Ms. Hilda ( 95 9 5035797)
Marketing : Ms. Ja Seng Eain ( 95 9 402794677)
Marketing : Mr. Kyaw Kyaw Aung ( 95 9 420085073 )